The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 20, NO. 2 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 13, 2020

# အရည်အသွေးမြင့် မြန်မာ့ဆန်များ တင်ပို့နိုင်ရေးအတွက် ဆန်စပါး ရုပ်အရည်အသွေးဆိုင်ရာ လေ့လာသုံးသပ်ချက်များ

စာမျက်နှာ - ၈ ➢



## တရုတ်သို့ ပျားရည်တင်ပို့မှု ဝယ်လိုအား ကောင်းမွန်လာ

စာမျက်နှာ - ၃ ➢

## ပြည်ပသို့ တင်ပို့နေသည့် ချဉ်ပေါင်ဖာလာအကြောင်း တစေ့တစောင်း

စာမျက်နှာ - ၆ ➢

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်သွယ်မှု လျာထားချက် ပြည့်မီကျော်လွန်

စာမျက်နှာ - ၁၁ ➢

EUI
Rich Flower
Excel United International Co., Ltd.
Excel United International Co., Ltd.
No. 48 , Yan Naing Swe 2nd Street ,Tharkayta Industrial Zone , Tharkayta Township ,
Yangon , MYANMAR. Tel. 09-731-32338, 09-3612-4447, 09-3612-4612
ထိုင်းနိုင်ငံမှတင်သွင်းသည့်အရည်အသွေးပြည့်မီသည့်ပစ္စည်းများကို မြန်မာတစ်နိုင်ငံလုံးသို့တစ်ဦးတည်းကိုယ်စားလှယ်ယူ ဖြန့်ချိရောင်းချနေသော ကုမ္ပဏီ



လန်းဆန်းတက်ကြွပြီး ကျန်းမာကြံ့ခိုင်ဖို့အတွက် မြန်မာနိုင်ငံတွင်
အကောင်းဆုံးနှင့် ယုံကြည်စိတ်ချရဆုံး သောက်ရေသန့်
ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY
/alpinedrinkingwater

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၉ ရက် နံနက် ၁၀နာရီတွင် ကျင်းပပြုလုပ်သော လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးသို့ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအောက် ကျဆင်းလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တင်ဒါစနစ်ဖြင့် စပါးဝယ်ယူပေးနိုင်ရန်အတွက် ခွဲဝေချထားပေးသော ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ရန်ပုံငွေ ထပ်မံလိုအပ်ချက် ရှိ/မရှိကို ဆွေးနွေးကြရန်လိုကြောင်း၊ အခြေခံစပါးဈေးနှုန်းဖြင့် စပါးဝယ်ယူပေးနိုင်ရေး ကြေညာချက်ထုတ်ပြန်ပြီးနောက် စပါးဈေးသည် အတက်ဘက်သို့ ဦးတည်လာကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် ကောင်းမွန်သော ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ နွေစပါးများပေါ်ထွက်လာချိန်တွင် လိုအပ်ပါက ယခုကဲ့သို့ ဝယ်ယူပေးနိုင်ရေးအတွက် စီမံချက်များရေးဆွဲတင်ပြပေးရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့က တင်ပြလာသည့် ကိစ္စများအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ ပူးပေါင်းညှိနှိုင်းပြီး ကွင်းဆင်းဆွေးနွေးမှုများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုစပါးဝယ်ယူရေးနှင့် ပတ်သက်၍ အောင်မြင်အောင်ဆောင်ရွက်ရန် တိုက်တွန်းချက်များရှိသလို အမှားအယွင်းမရှိအောင် အဆင့်ဆင့် စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် အကြံအကဲများကလည်း လမ်းညွှန်ထားကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက လက်ရှိ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များ၊ ဝယ်ယူရေး အစီအစဉ် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် ပတ်သက်၍လည်းကောင်း ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး အခြေခံရည်ညွှန်းဈေးအောက် ကျရောက်နေသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အခြေခံရည်ညွှန်းဈေးဖြင့် တင်ဒါခေါ်ယူ၍ စပါးဝယ်ယူခဲ့သည့် အခြေအနေများကို ပြန်လည်သုံးသပ်ရန်၊ မိုးစပါးဝယ်ယူပြီးပါက နွေစပါးဆက်လက်ဝယ်ယူနိုင်ရေးအတွက် တက်ရောက်လာသူများက အကြံပြုချက်ပေးနိုင်ရန်၊ အဆိုပါ တိုင်းဒေသကြီး သုံးခုတွင် စပါးဝယ်ယူနိုင်ရေး ရန်ပုံငွေထုတ်ပေးပြီးနောက် တနင်္သာရီတိုင်းဒေသကြီးက အခြေခံရည်ညွှန်း ဈေးနှုန်းဖြင့် စပါးဝယ်ယူနိုင်ရေးတင်ပြလာသည့်အတွက် ကျန်ရှိသောရန်ပုံငွေအနက် ငွေပမာဏမည်မျှ ထုတ်ပေးနိုင်ရေး ညှိနှိုင်းဆုံးဖြတ်ရန်နှင့် ကယားပြည်နယ်က တင်ပြလာသော တောင်သူများအတွက် စိုက်ပျိုးစရိတ် ကာမိစေရေးနှင့် ထိုက်သင့်သော အကျိုးစီးပွား ဖြစ်ထွန်းစေရေးတို့အတွက် ထွက်ရှိလာမည့် သီးနှံများအပေါ် ကာလပေါက်ဈေး (သို့မဟုတ်) သီးနှံဈေးကောင်းရရှိရေးနှင့် ဈေးကွက်ရရှိရေးတို့ကို နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး တင်ပြလာမှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ စီမံဘဏ္ဍာ ဝန်ကြီးများ၊ စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှု လုပ်ငန်းအဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# တရုတ်သို့ ပျားရည်တင်ပို့မှု ဝယ်လိုအားကောင်းမွန်လာ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ပျားရည်တင်ပို့လျက်ရှိရာ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်စတွင် ယင်းနိုင်ငံမှ ဈေးကွက်ဝယ်လိုအား ပိုမိုကောင်းမွန်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

'ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံက ပျားရည်အများစုကို အာရှနိုင်ငံတွေကို အများဆုံးတင်ပို့နေတာ ဖြစ်ပါတယ်။ တရုတ်ကတော့ အရင်ကတည်းက ဈေးကွက်မပျက်ရှိနေတာ။ တရုတ်က မြန်မာ့အော်ဂဲနစ်ပျားရည်ကို ပိုကြိုက်တယ်"ဟု အဆိုပါဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဇန်နဝါရီ ၉ ရက်တွင်ပြောသည်။

ပျားရည်ကို ဆီးပျားရည်၊ ပန်းပျားရည်၊ သရက်ပျားရည်၊ နှမ်းပျားရည်၊ မုန်လာဥပျားရည် စသည်ဖြင့် ပျားမွေးမြူသော ပျားပုံးထားရှိသည့် ယာခင်း သီးနှံအပေါ် မူတည်၍ အမျိုးအစားခွဲခြားကာ ပြည်ပသို့ တင်ပို့လျက်ရှိကြောင်း ဦးခင်မောင်လွင်က ပြောသည်။

ယင်းသို့ တင်ပို့မှုကို ဓာတ်ခွဲခန်း စစ်ဆေးချက်များအရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တင်ပို့ခွင့်ပြုသည့် ထောက်ခံချက် ထုတ်ပေးထားကြောင်း၊ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နှစ်လကျော် ကာလအတွင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ပျားရည်တန်ချိန် ၄၀၀ ကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၃၃၈၀၀၀ ကျော် ရရှိထားကြောင်း ၎င်းက ပြောသည်။

အဆိုပါ မူဆယ်ဇုန်မှတစ်ဆင့် တင်ပို့သည့် ပျားရည်များသည် ရှမ်းပြည်နယ် သီပေါ၊ နောင်ချို၊ အောင်ပန်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာမြို့များနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စုဆောင်းကာ တင်ပို့နေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မာ့အော်ဂဲနစ်ပျားရည်ကို ဆီး၊ ပန်းနှမ်း၊ နှမ်း၊ နေကြာ၊ လဲမှို၊ ရော်ဘာ၊ သရက်၊ ပင့်ကူထိပ်ပိတ် (ပန်းသုံးဆင့်)၊ လိုက်ချီးတို့မှ ထုတ်ယူပြီး တရုတ်၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ တောင်ကိုရီးယား စသည့် နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ယင်းကဲ့သို့ မြန်မာ့ပျားရည်ကို ပြည်ပနိုင်ငံများသို့ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီစွာ တင်ပို့နိုင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လက်အောက်ခံဌာနခွဲတစ်ခုဖြစ်သည့် ပျားလုပ်ငန်းဌာနမှ အဓိကဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ပျားရည်ထုတ်လုပ်မှုကဏ္ဍတွင် ပျားရည် အရည်အသွေးမြှင့်တင်နိုင်ရေး၊ ထွက်ရှိ တင်ပို့နေသည့် ပျားရည်တန်ချိန် မြင့်မားလာစေရေး၊ ပျားရည်ထုတ်လုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာစေရေး စသည့် လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံ၌ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပျားရည် (အလေးချိန်) ၅,၅၇၂၂၀၀ ပေါင်ခန့် ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပြီး လက်ရှိဝတ်မှုန်ကူးပြောင်းဧက ၁၀၀၆၇၇၆ ခန့်တွင် တိုးချဲ့ ပျားအုံ ၅၄၀၀ ခန့်ရှိကြောင်း သိရသည်။

**ပန်းဆု**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
ညီညီအောင်

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
သီတာဝင်း

**သတင်းထောက်များ**
စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး၊ ဝင်းကို

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတန်ချိန် လေးသောင်းကျော်တင်ပို့

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၃ ရက် ကာလအတွင်း မြန်မာ- တရုတ်နယ်စပ်နှင့် မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၆၂၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၅၀၀၀ နီးပါး၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၂၉၀ နီးပါး၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၉၄၀ နှင့် မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၁၅တန်တင်ပို့ခဲ့သည်။ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ် လျှင် တန်ချိန် ၄၄၀ ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၈ သန်းတန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၂၀၀ ကျော်တင်ပို့ခဲ့သည်။ မြဝတီကုန်သွယ်ရေး ဇုန်မှ တန်ချိန် ၁၅၀ နှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၆၆ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ဆန်ကွဲတင်ပို့မှု ၁၂၀ တန် ပိုမိုခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ဒီဇင်ဘာ ၂၉ မှ ဇန်နဝါရီ ၄ ရက် ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၅ သန်းကျော် တန်ဖိုးရှိဆန်တန်ချိန်သုံးသောင်းငါးထောင်နီးပါး တင်ပို့ခဲ့ကြောင်း သိရသည်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၅၀၀၀ နီးပါး၊ အီးယူနိုင်ငံများသို့ တန်ချိန် ၃၆၀၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ တန်ချိန် ၁၆၀၀၀ ခန့် တင်ပို့ခဲ့သည်ဟု သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ငါးထောင်ကျော် ပိုမိုခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၄ ရက်တာ တစ်ပတ်အတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာသုည ဒသမ ၆၉ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၆၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ အီးယူနိုင်ငံများသို့ တန်ချိန် ၁၅၀၀ ကျော်၊ အာရှနိုင်ငံများသို့ တန်ချိန် ၆၀၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ တန်ချိန် ၅၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၈၈၀၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

ယခင်တစ်ပတ် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုစုစုပေါင်း လေးသောင်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၀၀၀ နီးပါး လျော့နည်း တင်ပို့ခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**



# မြင်းခြံခရိုင် မိုးစပါးရိတ်သိမ်းမှုအခြေအနေ

မြင်းခြံခရိုင်တွင် ၂၀၁၉-၂၀၂၀ ခုနှစ် မိုးစပါးလျာထားဧက ၃၀၀၈ ဧကတွင် စိုက်ပျိုးပြီးဧက ၂၅၂၉၉ ဧကနှင့် ရိတ်သိမ်းဆဲ ဧက ၁၄၈၉၂ ဧက၊ အထွက်နှုန်း ၇၁ ဒသမ ၇၈ တင်းဖြင့် အထွက်တင်း ၁၀၇၅၃၈၈ တင်း ထွက်ရှိသည်။

မျိုးကွဲအလိုက် ရိတ်သိမ်းပြီးစီးမှုမှာ မနောသုခစပါး ရိတ်ဧက ၁၃၂၈၂ ဧက၊ အထွက်နှုန်း ၇၀ ဒသမ ၄၃ တင်းဖြင့် အထွက် ၉၃၅၄၂၃ တင်း၊ ဆင်းသုခစပါးရိတ်ဧက ၁၀၇၄ ဧက၊ အထွက်နှုန်း ၈၃ ဒသမ ၆၄ တင်းဖြင့် အထွက် ၈၉၈၃၃ တင်း၊ ဧရာမင်း စပါးရိတ်ဧက ၄၀ ၊ အထွက်နှုန်း ၇၇ ဒသမ ၄၈ တင်းဖြင့် အထွက် ၃၀၉၉ တင်း၊ ပုလဲသွယ်စပါး ရိတ်ဧက ကိုးဧက၊ အထွက်နှုန်း ၁၃၁ ဒသမ ၄၄ တင်းဖြင့် အထွက် ၁၁၈၃ တင်း၊ ရွှေမနောစပါး ရိတ်ဧက ၅၇၇ ဧက၊ အထွက်နှုန်း ၇၉ ဒသမ ၄၆ တင်းဖြင့် အထွက် ၄၅၈၅၀ တင်းထွက်ရှိသည်။

မြို့နယ်အလိုက် ရိတ်သိမ်းပြီးစီးမှုမှာ မြင်းခြံမြို့နယ်တွင် ရိတ်သိမ်းပြီးဧက ၁၇၀၂ ဧကတွင် အထွက်နှုန်း ပျမ်းမျှ ၇၆ ဒသမ ၄၀ တင်းဖြင့် အထွက် ၁၃၀၀၂၇ တင်း၊တောင်သာမြို့နယ်တွင် ရိတ်သိမ်းပြီး ဧက ၁၉၆၀ ဧကတွင် အထွက်နှုန်း ၈၃ ဒသမ ၆၀ တင်းဖြင့် အထွက် ၁၆၃၈၅၇ တင်း၊ နွားထိုးကြီးမြို့နယ်တွင် ရိတ်သိမ်းပြီး ဧက ၅၈၈၁ ဧက၊ အထွက်နှုန်း ၅၅ ဒသမ ၈၃ တင်းဖြင့် အထွက် ၃၂၈၃၂၇ တင်း၊ ငါးဇွန်မြို့နယ်တွင် ရိတ်သိမ်းပြီးဧက ၅၄၃၉ ဧက၊ အထွက်နှုန်း ၈၄ ဒသမ ၃၂ တင်းဖြင့် အထွက် တင်း ၄၅၃၁၇၇ တင်းထွက်ရှိသည်။

မနောသုခစပါး (မိုးစပါး) တစ်တင်းလျှင် ကျပ် ၅၅၀၀၊ မနောသုခ(ဆန်)အသစ် တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ ဈေးရှိကြောင်း သိရှိရသည်။

**မိုးကင်း(မြင်းခြံခရိုင်)**

## သနပ်ပင်မြို့နယ် ဆန်၊ စပါး ပေါက်ဈေးများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်တွင် ဧည့်မထစပါးပေါက်ဈေးကတော့ ပေါင် ၅၀ တင်း ၁၀၀ လျှင် ကျပ် ၅၂၀၀၀၀ (စက်အရောက်)၊ ဆန်ဈေးမှာ ၁၀၈ ပေါင် တစ်အိတ်ကိုကျပ် ၁၈၅၀၀၊ ဆန်ကွဲတစ်အိတ်ကိုကျပ် ၁၄၂၀၊ ဖွဲနုပေါင် ၆၀ တစ်အိတ်ကို ကျပ် ၇၂၀၀၀ အသီးသီးပေါက်ဈေးရှိပြီး ရန်ကုန်သို့ ကြိုတင်စာချုပ်ချုပ်ထားသူများ ပုံမှန်ဆန်တင်ပို့နေကြောင်းသိရှိရသည်။

**သိန်းဆွေ(သနပ်ပင်)**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၁၀-၁-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၆၃ | ၄၄၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၅ | ၄၄၃ | ▽ | ၃၅၀ | ၃၄၅ | ▽ | ၃၆၁ | ၃၅၀ | ▽ | ၃၅၃ | ၃၅၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၃၄ | ၄၃၃ | ▽ | ၃၄၃ | ၃၃၃ | ▽ | ၃၃၆ | ၃၃၆ | □ | ၃၂၃ | ၃၂၆ | △ |
| ပေါင်းဆန် | ၄၄၂ | ၄၄၃ | △ | - | - | - | ၃၆၁ | ၃၆၁ | □ | ၃၇၀ | ၃၇၀ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁၀-၁-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၀၅၀ | △ | ၁၈၀၀၀ | □ | ၇၀၀၀ | △ | ၄၂၀၀၀ | □ |
| ပုသိမ် | ၄၈၈၀ | △ | ၁၈၅၀၀ | △ | ၆၃၆၀ | ▽ | ၂၈၀၀၀ | △ |
| ပဲခူး | ၅၀၀၀ | ▽ | ၁၈၅၀၀ | □ | ၆၉၀၀ | □ | ၃၄၀၀၀ | ▽ |
| ရွှေဘို | ၆၈၀၀ | △ | ၂၇၀၀၀ | □ | ၁၁၀၀၀ | △ | ၅၀၀၀၀ | □ |
| စစ်တွေ | ၄၀၀၀ | □ | ၁၇၀၀၀ | □ | ၈၅၀၀ | △ | ၃၀၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၂၀၀ | □ | ၂၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၁၉၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| မန္တလေး | ၅၀၀၀ | □ | ၁၈၀၀၀ | □ | - | - | ၅၅၀၀၀ | □ |
| မကွေး | ၅၀၀၀ | □ | ၂၁၀၀၀ | □ | - | - | ၅၉၀၀၀ | □ |
| မော်လမြိုင် | ၄၈၇၅ | △ | ၁၉၀၀၀ | □ | ၇၇၀၀ | △ | ၂၈၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၈ | □ | ၃၄၀၀၀ | ▽ | - | - | ၆၂၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၂၀၀၀ | ▽ | - | - | ၂၉၀၀၀ | △ |
| ဘားအံ | ၄၉၀၀ | △ | ၂၄၀၀၀ | △ | - | - | ၄၃၀၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၃-၁-၂၀၂၀မှ ၉-၁-၂၀၂၀ရက်နေ့အထိOnline CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 485 | 18 | - | - | - | **503** |
| | Form AANZ | 14 | 1 | - | - | - | 15 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 154 | 4 | - | - | - | 158 |
| | Form AJ | 19 | - | - | - | - | 19 |
| | Form AK | 191 | 1 | - | - | - | 192 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | - |
| | Form DFTP | 33 | 7 | - | - | - | 40 |
| | Form E | 194 | 8 | - | - | - | 202 |
| | Form Korea | 10 | - | - | - | - | 10 |
| | E Form D | 240 | - | - | - | - | 240 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1342 | 39 | - | - | - | 1381 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၀-၁-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃/၁ | ၁၀/၁ | ပြောင်းလဲမှု | ၃/၁ | ၁၀/၁ | ပြောင်းလဲမှု | ၃/၁ | ၁၀/၁ | ပြောင်းလဲမှု | ၃/၁ | ၁၀/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၈၉၂ | ၁၈၄၀ | ▼ | ၁၈၅၀ | ၁၈၁၇ | ▼ | ၁၈၅၀ | ၁၇၇၅ | ▼ | ၁၇၀၀ | ၁၇၀၀ | ■ |
| ပဲစင်းငုံ | - | ၁၁၇၅ | - | ၁၂၁၇ | ၁၂၁၇ | ■ | ၁၁၆၅ | ၁၁၇၅ | ▲ | ၁၁၆၀ | ၁၁၁၀ | ▼ |
| ပဲတီစိမ်း | ၁၉၀၀ | ၁၈၀၀ | ▼ | ၂၀၄၄ | ၁၉၉၁ | ▼ | ၂၀၂၆ | ၁၈၉၅ | ▼ | ၁၉၂၀ | ၁၈၄၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၂၅ | ၁၈၂၅ | ■ | ၁၄၈၅ | ၁၄၈၅ | ■ | ၁၅၀၅ | ၁၅၂၆ | ▲ | ၁၄၇၅ | ၁၅၅၀ | ▲ |
| ပဲလွန်းဖြူ | ၁၄၃၀ | ၁၄၆၅ | ▲ | ၁၆၁၇ | ၁၅၅၀ | ▼ | ၁၇၈၉ | ၁၇၈၉ | ■ | ၁၁၀၀ | ၁၂၁၀ | ▲ |
| ထောပတ်ပဲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၈၇ | ၁၄၅၈ | ▲ | ၁၃၆၈ | ၁၅၇၉ | ▲ | ၁၅၉၅ | ၁၅၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၁.၁၂.၁၉)ထိ | ယခုတစ်ပတ် (၄.၁.၂၀၂၀)ထိ | (၁.၁.၁၉) မှ (၄.၁.၂၀၂၀) ထိ |
| မတ်ပဲ | ၄၆၀၄၉၃ | ၃၅၆၄ | ၄၆၄၀၅၇ |
| ပဲတီစိမ်း | ၂၂၂၉၉၂ | ၂၀၄၃ | ၂၂၅၀၃၅ |
| ပဲစင်းငုံ | ၁၇၁၃၆၇ | ၁၃၄ | ၁၇၁၅၀၁ |
| ကုလားပဲ | ၅၂၆၁၅ | ၂၅၀ | ၅၂၈၆၅ |
| ပဲလွန်းဖြူ | ၃၈၀၈၅ | ၁၅၄ | ၃၈၂၃၉ |
| မြေထောက်ပဲ | ၁၁၇၆၂၇ | ၁၆ | ၁၁၇၆၄၃ |

## ပြည်မတ်ပဲသီးနှံ ယခုနှစ် ဈေးကောင်းရလျက်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မတ်ပဲလက်ကျန်များရှိမှုအပေါ် ရောင်းဝယ်လျက်ရှိကြရာ နေ့စဉ်မဖြစ်သော်လည်း ရက်ခြားရောင်းဝယ်ခဲ့ကြသည်။ ရန်ကုန်ဝယ်လက်သမားများ တစ်ခါတရံဝယ်ယူလျက်ရှိပြီး အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၂၀၀ ကျော် ဝယ်ယူမှုရှိသလို ပဲဈေးမှာတစ်တင်း ကျပ် ၃၆၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးပိုရရှိလာခဲ့သည်။

ယခုနှစ်မှာ မတ်ပဲသီးနှံယခင်နှစ်နှင့်ယှဉ်လျှင် ဈေးကောင်းရနေပြီး ပဲသစ်ပေါ်ချိန်ဈေးဆက် ကောင်းမည်ဆိုလျှင် ပဲစိုက်တောင်သူများ ယခုနှစ်အကျိုးအမြတ်ရရှိနိုင်လာကြောင်း သိရသည်။ ယခင်နှစ်က မတ်ပဲသီးနှံဈေးမှာ နှစ်ဆန်းပိုင်းကာလတွင် ပဲတစ်တင်း ကျပ် ၂၃၀၀၀ ဖြင့်သာ ရောင်းချခဲ့ကြရကြောင်းသိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးအနည်းငယ်ပြန်ကျလာ

ပြည်ဈေးကွက်တွင်မြေပဲဆန်ဈေး အနည်းငယ်ပြန်ကျလာသည်။ ဆောင်းမြေပဲအသစ်များလည်း ဈေးကွက်သို့ အစောဆုံးရောက်ရှိပြီး အရောင်းအဝယ်မှာ ပုံမှန်ဖြစ်နေသည်။ မြေပဲဆန်များကိုနယ်စုံမှ အဝယ်ရှိနေသော်လည်း ယခုတစ်ပတ်တွင် ဈေးပြန်ကျလာသည်။ ဝင်ရောက်မှုမှာလည်း မိုးမြေပဲလောက် များများစားစားမရှိ၍ အနည်းအငယ်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပဲကြော်လုပ်ငန်းရှင်များကလည်း မြေပဲလှော်ရောင်း ရရင်ရောင်းရသလောက် အဝယ်ရှိလို့ လုံးဆန်(နီ)မှာတစ်နေ့လျှင် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာဆီဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀၊ (နီ)တစ်ပိဿာလျှင်ကျပ် ၂၆၅၀နှင့် လုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၉၀၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေး အနည်းငယ်ကျလာကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**


## သာယာဝတီမတ်ပဲဈေး ဆက်လက်မြင့်တက်

သာယာဝတီခရိုင်အတွင်း မြို့နယ်များတွင် ဇန်နဝါရီလပထမပတ်မှာတော့ မတ်ပဲဈေးဆက်လက်မြင့်တတ်လျက်ရှိသည်။ ဒီဇင်ဘာလကုန်ရက်မှာပိဿာ ၂၀ တစ်တင်းလျှင် အနိမ့်ဆုံး ကျပ် ၃၄၅၀ ခန့်မှ အမြင့်ဆုံးကျပ် ၃၅၅၀ ခန့်အထိရှိပြီး ဇန်နဝါရီလပထမပတ်တွင် အနိမ့်ဆုံးကျပ် ၃၅၀၀၀ နှင့် အမြင့်ဆုံး ၃၆၀၀၀ကျပ်ခန့်အထိ ဆက်လက်မြင့်တတ်လာသည်ကိုတွေ့ရသည်။ ပဲတီစိမ်းနှင့်ပဲလွန်းဖြူဈေးမှာတော့ဈေးအေးလျက်ရှိကြောင်းသိရသည်။

**ခင်ခင်ထိုက်(သာယာဝတီ)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီအသစ် စတင်အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် အညာဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ပဲစင်းငုံနီအသစ် စတင်ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်



ထွက် ပဲစင်းငုံနီအသစ်ဈေးမှာ တစ်တင်းလျှင် ကျပ် ၂၃၄၀၀ ဖြင့် အိတ် ၁၀၀၊ ယခုတစ်ပတ်၏ ကုလားပဲဈေးနှုန်းမှာ ကုလားပဲဝါ(HL)တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဖြင့် အိတ် ၅၀၊ကုလားပဲဝါလုံးကြီး (၉၂၉) တစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူ (V2)တစ်တင်းလျှင် ကျပ် ၂၈၀၀၀ဖြင့် အိတ် ၁၀၀၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၃၅၅၀၀ ဖြင့် အိတ် ၁၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၄၃၀၀၀ ဖြင့် အိတ် ၁၀၀၊ နှမ်းနက်စမုံ (ရှယ်) တစ်တင်းလျှင် ကျပ် ၇၆၀၀၀ ဖြင့် အိတ် ၁၀၀၊နှမ်းနက်စမုံ(ရိုးရိုး)တစ်တင်းလျှင် ကျပ် ၅၀၀၀၀ မှ ၇၅၀၀၀ ဖြင့် အိတ် ၃၀၀၊ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဖြူလုံးဆန် တစ်တင်းလျှင် ကျပ် ၃၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၁၉၀၀၀၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၃၃၀၀၀ မှ ၃၆၀၀၀ ၊ စွန်တာနီတစ်တင်းလျှင် ကျပ် ၁၇၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၅၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲတီစိမ်းသီးနှံ အရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်တွင်ဆောင်းပဲသီးနှံပဲတီစိမ်းအထွက်လှိုင်ချိန်ဖြစ်၍ ပြည်အနီးတစ်ဝိုက်ဒေသများမှ နေ့စဉ်ဝင်ရောက်မှုများခြင်းကြောင့် တစ်ရက်အိတ် ၅၀၀ ကျော် ၆၀၀ထိ ဝင်ရောက်ခဲ့ကြသည်။ ဝယ်လိုအားကလည်း ရန်ကုန်ရောမန္တလေးလိုင်းသမားများပါ အဝယ်လိုက်လို့ ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးနှုန်းကတော့ တစ်တင်း ကျပ် ၃၉၀၀၀ ဖြင့် ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးဖြင့် ရောင်းဝယ်နေခဲ့ကြောင်းသိရသည်။

ပဲတီစိမ်းသီးနှံမှာ နှစ်စဉ်လို ဈေးကောင်းရပြီး ယခင်နှစ်ကလည်း နှစ်ဆန်းပိုင်းမှာ တစ်တင်းကျပ် ၃၃၅၀၀ ဖြင့် ပြည်ပဝယ်လက်ပဲထဲမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးအေးပေမယ့် ပဲတီစိမ်းသီးနှံကတော့ဈေးကောင်းရလျက်ရှိခဲ့သည်။ ယခုနှစ်မှာလည်း ပဲတီစိမ်းသီးနှံဟာ အဆိုပါပဲများထက် ဈေးဆက်ကောင်းနေခဲ့ကြောင်းသိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## မိတ္ထီလာခရိုင် ပဲစင်းငုံဈေးနှုန်းနှင့်ဈေးကွက်

မိတ္ထီလာခရိုင်တွင် ပဲစင်းငုံသီးနှံ(အသစ်)အနေဖြင့် နယ်စုံပေါ်လာပြီဖြစ်၍ ဈေးကျနေကြောင်း၊ ပဲစင်းငုံ(အဟောင်း)များလည်းလက်ကျန်ရှိသေးကြောင်း ၊ ဝင်ရောက်မှုအနေဖြင့် တစ်နေ့လျှင်တစ်တင်းခွဲဝင် အိတ် ၅၀၀ ကျော် ဝင်ရောက်မှုရှိပြီး အဝင်နှင့်အထွက်မျှနေကြောင်း၊ ဈေးကွက်အနေဖြင့်ရန်ကုန်ဘက်မှအထွက်မရှိ၍ပြည်တွင်းလှောင်လက်သမားများနှင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်က ပဲစဉ်းငုံသီးနှံတစ်တင်းလျှင် ကျပ် ၂၆၀၀၀/၃၅၀၀၀ ဈေးထိရှိခဲ့ပြီးယခုနှစ်သီးနှံပေါ်စအချိန်တွင် တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဈေးရှိခဲ့ရာမှ ယခုပဲစဉ်းငုံသီးနှံတစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးသာရှိသဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ဈေးကျနေကြောင်းပဲကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

**မူမူသန်း(မိတ္ထီလာ)**

## ပဲသစ်ပေါ်ချိန် ဈေးအနည်းငယ်အေးလာသည့် ဟင်္သာတမတ်ပဲ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်တွင် ဇန်နဝါရီလ ပထမပတ်က တစ်တင်းလျှင် ကျပ် ၃၆၈၀၀ ဈေးပေါက်ခဲ့သောမတ်ပဲသည် ဇန်နဝါရီလ ဒုတိယပတ်တွင် မတ်ပဲအသစ်များ စတင်ဝင်ရောက်လာရာ နေ့စဉ် အိတ် ၁၅၀ မှ ၂၀၀ အတွင်းအရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲသစ်တစ်တင်းလျှင်ကျပ် ၃၅၀၀၀ ဖြင့် ဇန်နဝါရီ ၉ ရက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မတ်ပဲအဟောင်းဈေးမှာ တစ်တင်းလျှင် ၃၄၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ပဲသစ်ဈေးထက် ကျပ် ၅၀၀ လျော့နည်းခဲ့သည်။ ပဲတီစိမ်း (ဆီပြောင်) တစ်တင်းလျှင် ကျပ် ၃၉၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက်ကျပ် ၁၀၀၀ ကျဆင်းခဲ့ကာ ပဲတီစိမ်း(ဝါးခယ်မ)တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီးယခင်သီတင်းပတ်ထက် ကျပ် ၁၂၀၀ ကျဆင်းခဲ့သည်။ ပဲလွန်းနီ တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်သီတင်းပတ်ထက်ကျပ်၁၅၀၀မြင့်တက်ခဲ့ကာ ပဲလွန်းဖြူတစ်တင်းလျှင် ကျပ် ၂၈၅၀၀၊ ပဲပုပ် တစ်တင်းလျှင် ကျပ် ၂၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင်ကျပ် ၈၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၃၄၀၀ ဖြင့်လည်းကောင်း၊ ဆန်ကွဲ (၂၊၃၊၄) ၁၀၈ပေါင်တစ်အိတ်လျှင် ကျပ် ၁၂၆၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်သီတင်းပတ်ထက်ကျပ် ၁၀၀ စီ ကျဆင်းခဲ့ကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## ပြည်ဗိုလ်ကိတ်ဈေး မြင့်တက်လျက်ရှိ

ပြည်ပဲဈေးကွက်မှာ ဆောင်းပဲသီးနှံစုံ ဝင်ရောက်လျက်ရှိပြီး ပြည်ပဝယ်လိုအားရှိသောပဲများ အပြင်ဒေသတွင်း ဝယ်လက်ရှိသော ပဲများလည်း နေ့စဉ်ဝင်ရောက်လျက်ရှိခဲ့သည်။ ဗိုလ်ကိတ်ပဲသီးနှံမှာလည်း ပြည်တွင်းသာ အရောင်းအဝယ်ဖြစ်ပြီး ပဲအထွက်လှိုင်ချိန်များတွင် လက်ကားဝယ်ယူမှုဖြစ်ကာ ကျန်အချိန်များတွင်ဒေသတွင်း လက်လီသမားများဖြင့်သာ အရောင်းအဝယ်ဖြစ်သည့် ပဲသီးနှံဖြစ်ကြောင်းသိရသည်။

ယခုကာလတွင်း ပဲသစ်ပေါ်ချိန် ပဲအဝင်လှိုင်ချိန်ဖြစ်လို့ ပြည်အနီးတစ်ဝိုက်ဒေသများမှနေ့စဉ်အိတ် ၅၀ ကျော်ထိဝင်ရောက်လာကာ လက်လီ/လက်ကားအရောင်းအဝယ်ဖြစ်ခဲ့ကြသည်။ လက်ကားဝယ်ယူမှုမှာ တစ်ရက်အိတ် ၅၀ ကျော် ၁၀၀ ထိရှိပြီး ပဲဈေးမှာတစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ဈေးမြင့်တက်လာခဲ့သည်။

**ခင်ဆွေဝင်း(ပြည်)**

Vol: 20, No.2 Monday January 13 2020

# ပြည်ပသို့ တင်ပို့နေသည့် ချဉ်ပေါင်ဖာလာအကြောင်း တစေ့တစောင်း

(မိုင်းယုသား)

ချဉ်ပေါင်ဖာလာဆိုသည်မှာ ချဉ်ပေါင်ပင်မှ အသီးလည်း မဟုတ်သလို ကွမ်းယာထဲထည့်စားသည့် အိန္ဒိယနိုင်ငံမှလာသော ဖာလာစေ့လည်းမဟုတ်ဘဲ တောင်ငူခရိုင်သံတောင်၊ လိပ်သို၊ ဘောဂလိနှင့် ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ဆက်စပ်ဒေသမြို့ဖြစ်သော လွိုင်ကော်တို့တွင် တောတွင်းအလေ့ကျပေါက်ပင်မှ ထွက်ရှိသော အပင်၏ အသီးတစ်မျိုးဖြစ်ပြီး ကွမ်းစားဖာလာစေ့ထက် အရွယ်အနည်းငယ်ကြီးသော အခွံပျော့အသီးဖြစ်ကာ အသီးအတွင်းတွင် ကွမ်းစားဖာလာစေ့ကဲ့သို့ အစေ့အမည်းကလေးများပါသော အသီးဖြစ်သည်။ အင်္ဂလိပ်အခေါ် အမည်အနေဖြင့် Roselly Cardamon ဖြစ်ပြီး ရုက္ခဗေဒအမည်အနေဖြင့် Amomi Semen ဖြစ်သည်။

ချဉ်ပေါင်ဖာလာအသီးအတွင်း သုံးမြှောင့်ပုံလွှာဖြင့်ပါရှိသောအစေ့အမည်းကလေးများသည် အသီးအတွင်းတွင် အစေ့ကလေးပေါင်း ၅၀ မှ ၆၀ခန့်အထိပါရှိပြီး ဖာလာစေ့အမည်း ကလေးများအား ကိုက်ဝါးကြည့်ပါက ကွမ်းစားဖာလာစေ့ကဲ့သို့ အရသာရှိသည့်အပြင် ပူရှိန်းသော အရသာ ပိုမိုပါရှိကြောင်းနှင့် ဖာလာစေ့အဆန်အနက်ထက် အနီအစေ့အဆန်သည် အရသာပူရှိန်းအာနိသင်ပိုမိုပြင်းပြသည့်အတွက် ဈေးကောင်းပိုမိုရရှိကြောင်း သိရှိရသည်။

ချဉ်ပေါင်ဖာလာစေ့ကို တစ်ဖက်နိုင်ငံတွင် ဟင်းခတ်အမွှေးအကြိုင်နှင့် ပရဆေးဖော်စပ်ရာတွင် တွင်ကျယ်စွာအသုံးပြုကြောင်း စုံစမ်းသိရှိရပြီး မိမိပြည်တွင်းသုံးစွဲမှုအနေဖြင့် မရှိသလောက် နည်းပါးသော်လည်း ထွက်ရှိရာဒေသတွင် အမှုန့်ကြိတ်ပြီး ကြက်သား၊ ဝက်သားနှင့် အခြားအသား ဟင်းများပေါင်းသည့်အခါ ဟင်းခတ်မှုန့်အဖြစ် ထည့်သွင်းအသုံးပြုကြောင်းနှင့် အမှုန့်၏ပူရှိန်းအရသာသည် ကိုယ်တွင်းအပူဓာတ်မှ အားအင်ဓာတ်အကျိုးအာနိသင်ရရှိကြောင်း သိရှိရသည်။

အဆိုပါ ဖာလာသီးလေးများသည် အစိမ်းရောင်ရှိပြီး ကြက်မောက်သီးအလုံးငယ် အရွယ်အစားခန့်ရှိ၍ အပွတ်လိုက် အသီးသီးလေ့ရှိကာ တစ်ပွတ်လျှင်ရှစ်လုံးမှ ၁၀ လုံးခန့်ပါရှိ၍ အသီးလေးများ နှစ်လခန့်အကြာ ရင့်မှည့်လာသည့်အခါ ခူးဆွတ်လေ့ရှိပြီး မီးကင်နေလှန်း ခြောက်သွေ့သည့်အခါ မိုးအကုန်ဆောင်းအကူး အောက်တိုဘာလတွင် စတင်ရောင်းချပါသည်။ ဥယျာဉ်ခြံဖြင့် စနစ်တကျ စိုက်ပျိုးမှုတွင် တစ်ဧကလျှင် ပင်ခြားတန်းခြား ခြောက်လက်မမှရှစ် လက်မခန့်အကွာ အဝေးစိုက်ပျိုးသည့်အတွက် တစ်ဧကလျှင် အပင် အရေအတွက် နှစ်သိန်းမှ သုံးသိန်းခန့်အထိ ဝင်ဆန့်ပြီး ထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ပိဿာ ၄၀၀ မှ ၅၀၀ ခန့်အထိ ထွက်ရှိပြီး ရာသီဥတုကောင်း သည့်နှစ်တွင် ပိဿာ ၇၀၀ ခန့် အထိထွက်ရှိကြောင်း သိရှိရသည်။ ယခုနှစ်တွင် အဓိကထွက်ရှိရာ တောင်ငူခရိုင်ဒေသတွင် အပူချိန်များ၍ ယခင်နှစ် ထွက်ရှိမှုထက် ၃၀ ရာခိုင်နှုန်းလျော့နည်းထွက်ရှိကြောင်း ဒေသခံစိုက်ပျိုးသူတစ်ဦးထံမှ စုံစမ်းသိရှိရသည်။

ချဉ်ပေါင်ဖာလာသည် တောင်ငူခရိုင်နှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်အစပ် အရပ်ဒေသတို့တွင် ယခင်ကတောတွင်းအလေ့ကျ ပေါက်ပင်ဖြစ်ပြီး ၎င်းမှဝင်ငွေရရှိလာသည့်အခါ သစ်တောပြင်ပ ဥယျာဉ်ခြံမြေ စိုက်ခင်းများတွင် စနစ်တကျစိုက်ပျိုးလာသည့် ဥယျာဉ်ခြံမြေထွက် အပင်တစ်မျိုးဖြစ်လာသည့်အတွက် သစ်တောဦးစီးဌာနမှလည်း သစ်တောထွက် ပစ္စည်းအပေါ် သစ်တောအခွန်အဖြစ် တစ်ပိဿာလျှင် ၁၂၅ ကျပ်နှုန်း အခွန်ပေးဆောင်စေပြီး သစ်တောမျှောစာဖြင့် သယ်ဆောင်ရာမှ ၂၀၁၈ခုနှစ် နှစ်လယ်ခန့်မှစတင်၍ သစ်တောအခွန်ပေးဆောင်စရာမလိုဘဲ ဖြေလျော့ပေးခဲ့သည့်အတွက် မျှောစာနှင့်အတူ သယ်ဆောင်စရာမလိုတော့သဖြင့် ယခုအခါ(၁၆)မိုင် စစ်ဆေးရေးဂိတ်တွင် သက်ဆိုင်ရာ ကုမ္ပဏီအမည်ဖြင့် စုပုံတင်ပို့ကုန် အမယ်အဖြစ် ကြေညာစာရင်းသွင်းပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ အလွယ်တကူသယ်ဆောင်လာရသည့်အတွက် ယခင်ထက် ပိုမိုမြန်ဆန်စွာဆောင်ရွက်လာနိုင်ကြောင်း သိရှိရသည်။

တောင်ငူခရိုင်ဒေသမှ အများဆုံးထွက်ရှိသော ချဉ်



ပေါင်ဖာလာအား တောင်ငူနှင့်မန္တလေးမြို့တို့တွင် အဓိကဝယ်ယူ စုဆောင်းပြီး ၎င်းမှတစ်ဆင့် မန္တလေး-လားရှိုး-မူဆယ်ကုန်သွယ်မှုလမ်းကြောင်းအတိုင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ရောက်ရှိပြီး ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ အကောက်ခွန်ဦးစီးဌာန (OSS)တွင် ဖာလာစေ့အခွံပါ(အခြောက်) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၅၀၊ အခွံမပါလျှင် တစ်တန် အမေရိကန်ဒေါ်လာ ၅၀၅၀ တို့ဖြင့် အမျိုးအစားအလိုက် နှစ်ရာခိုင်နှုန်း အခွန်ပေးဆောင်ပြီး တစ်ဖက်နိုင်ငံသို့ အလွယ်တကူတင်ပို့လျက်ရှိသည်။

တစ်ဖက်နိုင်ငံ ရွှေလီကျယ်ဂေါင်၏ လက်ရှိဝယ်ဈေးမှာ ချဉ်ပေါင်ဖာလာအခွံပါ တစ်ပိဿာလျှင် ကျပ် ၁၂၅၀၀၊ အခွံမပါတစ်ပိဿာ ကျပ် ၂၂၅၀၀ပေါက်ဈေးရှိပြီး ပေါ်ဦးပေါ်ဖျားအစိုဓာတ် အနည်းငယ် ကျန်နေသေးသည့်အတွက် ယခင်နှစ်ထက်ဈေးအနည်းငယ်လျော့နည်းသော်လည်း ဝယ်ယူမှုပိုမိုပြီးဖာလာစေ့အဆန်နီဖြစ်ပါက ပိုမိုဈေးရရှိကြောင်း သိရှိရသည်။ အဓိက ဝယ်ယူစုဆောင်းနေရာဖြစ်သော တောင်ငူမြို့အဝယ်ဒိုင်မှ စိုက်ပျိုးသူ ခြံရှင်များထံမှ ဝယ်ယူမှုအနေဖြင့် မူဆယ်-ရွှေလီပေါက်ဈေးထက် တစ်ပိဿာလျှင် ကျပ် ၂၀၀ မှ ၃၀၀ အထိသာ ဈေးအနည်းငယ်ကွာဟဝယ်ယူလေ့ရှိသည့်အတွက် စိုက်ပျိုးသူတောင်သူများအနေဖြင့် ဈေးနှိမ်ခံ မရောင်းရကြောင်း သိရှိရသည်။ ချဉ်ပေါင်ဖာလာစေ့အား ပြည်ပသို့တင်ပို့ရာတွင် နယ်စပ်တင်ပို့မှုသာမက ပင်လယ်ရေကြောင်းမှ တောင်ကိုရီး ယားနိုင်ငံသို့လည်း နှစ်စဉ် ပိဿာချိန်နှစ်သိန်းဝန်းကျင်ခန့် တင်ပို့မှုရှိပြီး နယ်စပ်ဈေးထက် ပိုမိုဈေးကောင်းရရှိကြောင်း တောင်ငူဝယ်လက်ဒိုင်မှ စုံစမ်းသိရှိရသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံရွှေလီသို့ ချဉ်ပေါင်ဖာလာစေ့ (အခွံပါ/မပါ) နှစ်အလိုက်တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၃၅၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၉၆ သန်း၊ ၂၀၁၈ ခုနှစ် (Mini budget) တွင် ၆၉၄တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇၃ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၃၉၀၃ တန် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၀၇ သန်းဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပိုမိုတိုးမြှင့်တင်ပို့လာနိုင်ပြီး ဈေးကွက်အကြိုက်သည် အခွံပါဝယ်ယူမှုထက် အခွံမပါအစေ့ဆန်အား ပိုမိုဝယ်ယူလာကြောင်း တွေ့ရှိရသည်။

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အစ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ချဉ်ပေါင်ဖာလာ အခွံပါ/ အခွံမပါ တင်ပို့နိုင်မှုအနေဖြင့် တန်ချိန် ၁၀၆၁ တန် တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅၉ ဒေါ်လာသန်းဖြစ်၍ ယခင်ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ ကာလတူနှင့်နှိုင်းယှဉ်ကြည့်ပါက တန်ချိန် ၁၄၂ တန် တန်ဖိုး သုည ဒသမ ၅၉၄ သန်း ပိုမိုတင်ပို့နိုင်ကြောင်း တွေ့ရှိရသည်။

ချဉ်ပေါင်ဖာလာပင်သည် မြန်မာနိုင်ငံအတွင်း တောတောင်ရေမြေဒေသမျိုးရှိသော သစ်တောတိုင်းတွင် ပေါက်ရောက်မှုမရှိဘဲ ကရင်ပြည်နယ်အတွင်းမှ တောင်ပေါ်ဒေသဖြစ်သော တောင်ငူခရိုင် သံတောင်၊ လိပ်သို၊ယာသို၊ ဘောဂလိဒေသတို့သာလျှင် အများဆုံးထွက်ရှိခြင်းသည် ကျောက်စိမ်း၊ ပယင်းထွက်ရှိသော ကချင်ပြည်နယ် ဖားကန့်၊ တနိုင်းကဲ့သို့ ကရင်ပြည်နယ်တွင်လည်း မြန်မာနိုင်ငံပထဝီမြေကြီးမှ သဘာဝသယံဇာတ လက်ဆောင် သီးသန့်အမွေအဖြစ် ပေးထားသော သီးနှံအမယ်တစ်မျိုးဖြစ်ကြောင်း စိတ်ဝင်စားဖွယ်လေ့လာသိရှိရသည်။ ချဉ်ပေါင်ဖာလာအား မြန်မာပြည်တွင်းတွင် တွင်ကျယ်စွာ စားသုံးမှု၊ အသုံးပြုမှုနည်းသော်လည်း တရုတ်နိုင်ငံတွင် ဟင်းခတ်မဆလာမှုန့်အဖြစ် စားသုံးပြီး တရုတ်တိုင်းရင်းဆေးဖော်စပ်ရာတွင် တွင်ကျယ်စွာအသုံးပြုမှုရှိသည့်အတွက် တောတွင်းအလေ့ကျပေါက်ပင်ခေလေ့စနစ်အခြေအနေမှ ယနေ့အချိန်တွင် ကိုယ်ပိုင်ဥယျာဉ်ခြံများဖြင့် ဝင်ငွေရလမ်းတစ်ခုအဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့်နယ်စပ်တို့မှ ပို့ကုန်ကဏ္ဍတစ်ရပ် အဖြစ် တင်ပို့နေသည်မှာ စီး ပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်သုံးဆတိုးမြှင့်တင်ပို့ဆောင်ရွက်နိုင်ရေးရည်မှန်းချက်အား အကောင်အထည်ဖော်ဆောင်ရာ ပြည်တွင်းစိုက်ပျိုးရေးထုတ်ကုန် ပို့ကုန်အမယ်တစ်မျိုးဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## မြန်မာ့ဆိပ်ကမ်းတွင် ၉.၁.၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရုဆိပ်ကမ်း | - MT .VL-29 | စားသုံးဆီ ၄၉၀၀ တန် ချဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | - SK LINE-1 | စားသုံးဆီ ၅၀၀၀ တန် ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - LEAP HEART | ဆန်တန်ချိန် ၁၈၁၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - GIOVANNA | ဆန်တန်ချိန် ၂၁၀၀၀ တင်ဆဲ |
| MyanmarIntegrated Port Limited | - KAI XUAN-II | ဆန်တန်ချိန် ၆၀၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - EMIL SELMER | Steel & Fertilizer တန်ချိန် ၂၉၉၅၉ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - SAGA FREYA | Equipmentတန်ချိန် ၁၀၄၀၈ ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - OCEAN GEMSTOME | Steel Product တန်ချိန် ၂၁၅၂၄ ချဆဲ |
| WALMER JETTY | - MT. DAW SON | Steel ၆၀၅၅ တန် &10 Unit Upper Class Coach ချဆဲ |
| သီလဝါဆိပ်ကမ်းသစ်(၁) | - ASIA PEARL-1 | Vehicle&Steel ၁၀၂၁၉တန် ချဆဲ |
| MMTM JETTY | - MT. OCEAN COD | Mogas (92 Ron) ၁၁၀၇၅ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PAGONA | Steel Bar တန်ချိန် 23985 ချရန် | UAE | ၁၀.၁.၂၀၂၀ |
| COCO GYUN | SteelBar တန်ချိန်9538ချရန် | INDIA | ၁၁.၁.၂၀၂၀ |
| MER MAID STAR | ဆန်တန်ချိန် ၁၀၀၀၀ တင်ရန် | T MADAGASCAR | ၁၁.၁.၂၀၂၀ |
| NASICO EAGLE | Concrete Pie &Steel ၃၄၇၁ တန် ကုန်ချရန် | VIETNAM | ၁၁.၁.၂၀၂၀ |
| CHANG AN VISTA | Ammoniun Nitrate တန်ချိန် ၆၀၀၀ ချရန် | CHINA | ၁၃.၁.၂၀၂၀ |
| BBC KIBO | Project Cargo တန်ချိန် ၄၈၃ ချရန် | CHINA | ၁၃.၁.၂၀၂၀ |
| U THAR | Equipment &Steel Plate တန်ချိန်6025ချရန် | MALAYSIA | ၁၃.၁.၂၀၂၀ |
| LILA PIRAEUS | SteelBar တန်ချိန်15800ချရန် | W/AFRICA | ၁၄.၁.၂၀၂၀ |
| HONG KAI | ဆန်တန်ချိန် ၂၀၀၀၀ တင်ရန် | CHINA | ၁၅.၁.၂၀၂၀ |
| ROYAL-18 | ဆန်တန်ချိန် ၂၂၀၀၀ တင်ရန် | PHILLIPING | ၁၇.၁.၂၀၂၀ |
| BBC MARY LAND | Steel Structure တန်ချိန်၄၀၅၀ ချရန် | CHINA | ၂၀.၁.၂၀၂၀ |
| LEADER SW | Steel Plate တန်ချိန် ၂၉၆၈ချရန် | | ၂.၂.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၁.၂၀၂၀ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၀.၁.၂၀၂၀ |
| MCC MERGUI | SINGAPORE | စက်မှု/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၀.၁.၂၀၂၀ |
| PRESIDIO | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၀.၁.၂၀၂၀ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁.၂၀၂၀ |
| FILO TIMO | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၁၁.၁.၂၀၂၀ |
| SAN PEDRO | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၁.၁.၂၀၂၀ |
| UNI ARISE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁.၂၀၂၀ |
| CHERRY | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၁.၂၀၂၀ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၂.၁.၂၀၂၀ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၁.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၁.၂၀၂၀ |
| ALS SUMIRE | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၁၂.၁.၂၀၂၀ |
| OREA | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၂.၁.၂၀၂၀ |
| SINA BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၁.၂၀၂၀ |
| BOX ENDEAVOUR | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၁၆.၁.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AUGEMINI | P.Oil(In Bulk) | INDONESIA | ၁၀.၁.၂၀၂၀ |
| MT.SENNA(8) | LPG Gas | SINGAPORE | ၁၀.၁.၂၀၂၀ |
| MT.KIRANA HASTA | Diesel Oil | SINGAPORE | ၁၀.၁.၂၀၂၀ |
| MT.DENKO BRIGHT | Diesel Oil | SINGAPORE | ၁၀.၁.၂၀၂၀ |
| MT.ROYAL-79 | P.Oil(In Bulk) | INDONESIA | ၁၀.၁.၂၀၂၀ |
| MT.OCEAN EEL | MOGAS (92Ron) | SINGAPORE | ၁၁.၁.၂၀၂၀ |
| MT.SENNA -9 | LPG Gas | SINGAPORE | ၁၁.၁.၂၀၂၀ |
| MT.YU DONG | Diesel Oil | SINGAPORE | ၁၃.၁.၂၀၂၀ |
| MT.FLY GURNARD | Diesel Oil +MOGAS (92Ron) | SINGAPORE | ၁၄.၁.၂၀၂၀ |
| MT.FLY SEAL | Diesel Oil | SINGAPORE | ၁၄.၁.၂၀၂၀ |
| MT.YU HAI | Diesel Oil +MOGAS (92Ron) | SINGAPORE | ၁၅.၁.၂၀၂၀ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၁၉.၁.၂၀၂၀ |

ကြက်သွန်

# ပြည်ကြက်သွန်နီဈေးနှုန်းများ ပြန်လည်မြင့်တက်

ယခုတစ်ပတ်တွင်ပြည်ဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းများ တစ်ပိဿာလျှင် လက်လီလက်ကား ပျမ်းမျှကျပ် ၃၀၀ ခန့် ပြန်လည်မြင့်တက်သွားကြောင်းသိရသည်။ ယခင်တစ်ပတ်တွင် ဈေးနှုန်းများကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင် ကြက်သွန်နီအဓိက စိုက်ပျိုးထွက်ရှိရာ အထက်အညာဒေသများတွင် အချိန်အခါမဲ့မိုးရွာသွန်းပြီး ချောင်းရေများ ကြက်သွန်နီစိုက်ခင်းများသို့ ဝင်ရောက်သဖြင့် ပျက်စီးမှုများရှိ၍ ကြက်သွန်နီအထွက်နည်းကာ ဈေးနှုန်းများမြင့်တက်ရခြင်းဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှလည်း ကြက်သွန်နီထွက်ရှိရာ နယ်စုံဝယ်လက်များမှတစ်ဆင့် ဈေးကောင်းပေးဝယ်ယူမှုများကြောင့်လည်း ဈေးနှုန်းများမြင့်တက်ရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပွဲရုံများသို့နယ်စုံမှကြက်သွန်နီများ နေ့စဉ်ပိဿာ ၃၀ ဝင်အိတ် ၁၅၀-၁၈၀ ခန့် ဝင်ရောက်မှုရှိပြီး အရောင်းအဝယ်မှာ ဝင်ရောက်မှု၏ ထက်ဝက်ခန့်ကို ပုံမှန်ဝယ်လက်များဖြင့်သာ အရောင်းအဝယ်ဖြစ် နေကြောင်းသိရသည်။ ဈေးနှုန်းများအနေဖြင့် ပြည်ပွဲရုံလက်ကားဈေး တစ်ပိဿာကို (ကြီး/လတ်/သေး)ကျပ် ၂၃၀၀/၂၂၀၀၊ ၂၁၀၀-၂၀၀၀/၁၉၀၀ နှုန်းတို့ရှိပြီး လက်ကားဈေးအသေးများတွင်(ကြီး/လတ်/သေး)ကျပ် ၂၈၀၀/၂၆၀၀-၂၅၀၀၊ ၂၃၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

**ဝင်းလှဲ့ဝါ(ပြည်)**



# အဝင်များပြီး အရောင်းသွက်နေသည့် မိတ္ထီလာကြက်သွန်နီ

ယခုအပတ် မိတ္ထီလာခရိုင်အတွင်း မြိတ်စားကြက်သွန်နီထွက်ရှိမှု ကုန်သလောက်ရှိပြီး ဇော်မွှားကြက်သွန်နီထွက်ရှိမှုလည်း များလာပြီဖြစ်သည်။ ယခင်အပတ်က ရာသီဥတုအခြေအနေကြောင့် ပစ္စည်းအထွက်နည်း အဝင်နည်းခဲ့ခြင်း၊ ဘင်္ဂလားဒေ့ရှ်လိုင်း ကုန်သည်များမှလည်း ပစ္စည်းလိုအပ်ချက်များရှိ၍ နယ်သို့ကိုယ်တိုင်ဆင်း၍ဝယ်ယူမှုရှိခဲ့ခြင်းတို့ကြောင့် ဈေးသိသိသာသာ တက်ခဲ့သည်။

ယခုအခါတွင် ရာသီဥတုပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ကြက်သွန်နီအဝင်များလာပြီဖြစ်ကြောင်း၊ တင်ပို့မှုအနေဖြင့် ရန်ကုန်နှင့်မော်လမြိုင်သို့တင်ပို့မှုများကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်အပတ်က ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၉၀၀/၂၀၀၀ ဈေးရှိပြီး ယခုအပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၂၀၀/၁၇၀၀ ဈေးသာရှိကြောင်း ကြက်သွန်နီ ကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

**မူမူသန်း(မိတ္ထီလာ)**

# ပခုက္ကူနှင့်ဆိပ်ဖြူ ကြက်သွန်နီ မိုးစိုက်(ဥစိုက်)များ အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်၏ ပခုက္ကူခရိုင်အတွင်းရှိကြက်သွန်နီစိုက်ပျိုးရာဒေသများဖြစ်ကြသော ပေါက်၊ ဆိပ်ဖြူ၊ ရေစကြို၊ ရေပြာ၊ ကမ္မနယ်များမှ မိုးစိုက်(ဥစိုက်)ကြက်သွန်နီများ ဈေးကွက်အတွင်းဝင်ရောက်လျက်ရှိသည်။ ယခင်တစ်ပတ်၏ ကြက်သွန်နီ လက်ကားဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ၁၈၅၀ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ၁၅၀ ကျပ်ဝန်းကျင်ခန့်ကျနေခဲ့ပြီး ကြက်သွန်နီအဝင်လည်း များနေခဲ့သည်။

ယခုတစ်ပတ်၏ ကြက်သွန်နီဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ၁၆၂၅ ကျပ်၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့် နေ့စဉ်ကုန်ချိန် ၁၅၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေပြီး လက်လီဈေးမှာ အရည်အသွေးကိုလိုက်၍ ထိပ်စတစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် မြို့မဈေးနှင့် အမှတ်( ၂) ဈေးတို့တွင် အရောင်းအဝယ်ဖြစ်နေသည်။

ဆိပ်ဖြူကုန်စည်ဒိုင်တွင် မိုးစိုက်(ဥစိုက်)ကြက်သွန်နီဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၁၅၅၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၈၅၀ ပေါက်ဈေးဖြင့် နေ့စဉ်ကုန်ချိန် ၃၇၀၀၀ ကျော်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ဈေးအနည်းငယ်ကျလာသည့် ပြည်ကြက်သွန်ဖြူ

ကြက်သွန်ဖြူပွဲရုံများသို့ ဝင်ရောက်လာသော (ကြူဂွ) ကြက်သွန်ဖြူများ အရည်အသွေးကောင်းပြီး ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ကျလာသည်။ လက်လီသမားများနှင့်ခရိုင်အတွင်း မြို့မဈေးများမှ လက်လီရောင်းဝယ်ရေးသမားတို့ အဝယ်ရှိတာကြောင့် ဈေးကွက်မှာအရောင်းအဝယ်ပြန်ဖြစ်နေသည်။



ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းများမှာ ရှမ်းစ တစ်ပိဿာ (ပွဲရုံဈေး)ကျပ် ၃၂၀၀၊ ၃၇၀၀ နှင့် (ကြူကုတ်စ) ကျပ် ၃၀၀၀၊ ၃၂၀၀ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ဒေသတွင်း လက်လီဈေးများတွင် (ရှမ်းစ)ကျပ် ၄၀၀၀/၄၂၀၀ နှင့် (ကြူကုတ်စ) ကျပ် ၃၆၀၀ ဈေးတို့ဖြစ်သည်။

**နီနီဝင်း(ပြည်)**

နနွင်း

# ယခုတစ်ပတ် နနွင်းတင်ပို့မှု လျော့နည်း

ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၄ ရက်သီတင်းပတ်အတွင်း နနွင်း၇၉ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၅၄ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၂၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က နနွင်း ၃၃၇ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၅၀ ကျော်တင်ပို့မှုလျော့နည်းခဲ့သည်။ နနွင်းတစ်တန်ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆၅၀-၆၇၀ ဝန်းကျင်ရရှိခဲ့သောကြောင့် ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၃၄၇၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

ချင်း

# အင်ဒိုနီးရှားနိုင်ငံသို့ ချင်းတန်ချိန် ၅၀ကျော်တင်ပို့

ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၄ရက်သီတင်းပတ်အတွင်း ချင်း ၅၄ တန်ကို အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က ချင်း၁၀၈ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၀ ကျော်တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈၆၀၀ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

လချုပ်အနေဖြင့်ကြည့်လျှင် ၂၀၁၉ ဒီဇင်ဘာလအတွင်းချင်းတန်ချိန် ၃၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈ ဒီဇင်ဘာလအတွင်း ချင်းတန်ချိန် ၂၄၅၀ ကျော်တင်ပို့နိုင်ခဲ့ခြင်းကြောင့် ၂၀၁၉ နှစ် ဒီဇင်ဘာလ၏ ချင်းတင်ပို့မှုလျော့နည်းခဲ့သည်။

**သီတာဝင်း(DOT)**



# အဝင်လှိုင်နေသည့် ပြည်ချင်း ဈေးအနည်းငယ်ကျ

ပြည်ဈေးကြီး(ပွဲရုံ)များသို့ ချင်းအိတ်ဝင်ရောက်မှုလှိုင်နေပြီး ချင်းတက်ကြီးများလှခြင်းကြောင့် ချင်းရောင်းဝယ်ရေးသမားတို့အစွဲများနေသည်။ ဈေးကွက်တွင်းလက်လီ၊ လက်ကားရောင်းဝယ်သူများနှင့် ခေါက်ဆွဲ ဓားလှီးချင်းဖတ်သမားတို့ အဝယ်ရှိသောကြောင့် အရောင်းအဝယ်သင့်လျက်ရှိနေသည်။

ဈေးကွက်အတွင်းချင်းပွဲစားနှင့်လှောင်လက်သမားတို့ အဝယ်ရှိနေပြီး ချင်းဈေးအနည်းငယ်ကျလာသည်။ ယခုတစ်ပတ်ချင်းဈေး (ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၂၀၀ အထိဖြစ်ပြီး လက်လီဈေးမှာ ကျပ် ၂၈၀၀ ဈေးတို့နှင့်ရောင်းချနေသည်။ ဓားလှီးချင်းတစ်ပိဿာကျပ် ၂၅၀၀ ဖြစ်သည်။

**ဝင်းဝင်းခိုင်(ပြည်)**


နှမ်း

# ပြည်ဈေးကွက်တွင် နှမ်းဈေးများ ပြန်ကျလာ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် ယခုတစ်ပတ် ဆောင်းနှမ်းသစ်များဝင်ရောက်လာပေမယ့် ဈေးအနည်းငယ်ကျလာသည်ကို တွေ့ရသည်။ ဆောင်းနှမ်းသစ်များကို ပြည်မြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများနှင့်ကံမနှင့်မင်းတုန်းဘက်မှ နေ့စဉ်အဝင်မရှိသော်လည်း ရက်ခြားသာဝင်ရောက်မှုရှိပြီး ဝင်ရောက်သည့်အိတ်အရေအတွက်မှာ ၁၀၀-၂၀၀ ခန့်ရှိသည်။ အောင်လံ၊ မန္တလေးဝယ်လက်များက အဝယ်ရှိလျှင် ရက်ခြားအဝယ်ရှိ၍ ဈေးကွက်တွင်နှမ်း အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် နှမ်းဈေးများမှာနှမ်းနီတစ်တင်းလျှင် ကျပ် ၄၅၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၆၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၇၃၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်စာရင် ဈေးအနည်းငယ်ပြန်ကျသွားသည်ကို တွေ့ရသည်။

**ဝေဝေမင်း(ပြည်)**





# အရည်အသွေးမြင့် မြန်မာ့ဆန်များ တင်ပို့နိုင်ရေးအတွက် ဆန်စပါး ရူပအရည်အသွေးဆိုင်ရာ လေ့လာသုံးသပ်ချက်များ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနအောက်တွင် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးကဏ္ဍနှင့်ပတ်သက်၍ ဓာတ်ခွဲစမ်းသပ်မှုများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုန်ပစ္စည်း စမ်းသပ်စစ် ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနစုဟူ၍ ရှိပါသည်။ ယခင်မြန်မာ့လယ်ယာထွက်ကုန် ရောင်းဝယ်ရေးကော်ပိုရေးရှင်း လက်ထက်တွင် ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာန (Post-Harvest Technology Application Center-PTAC) အဖြစ် မြန်မာ့ဆန်စပါး အရည်အသွေးကဏ္ဍအတွက် အလွန်အရေးပါသော ရိတ်သိမ်းချိန်လွန် ကိုင်တွယ်ထိန်းသိမ်းခြင်းအတွက် သုတေသနနှင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

စပါးသီးနှံသည် အခြားသောသီးနှံများနှင့်မတူညီဘဲ သဘောသဘာဝ ကွဲပြားမှုရှိပါသည်။ ဆန်သည် မြန်မာလူမျိုးတို့အတွက် အခြေခံစားသုံးသီးနှံဖြစ်သည့်အားလျော်စွာ နေ့စဉ်နှင့်အမျှ ဈေးကွက်လိုအပ်ချက်ရှိနေပေသည်။ ဆန်သည် စပါးသီးနှံကို ကြိတ်ခွဲသန့်စင်ပြီးမှ ရရှိနိုင်ပြီး တစ်နှစ်ပတ်လုံးဖြစ်ပေါ်နေသည့် ဆန်ဈေးကွက်အတွက် ကြိတ်ခွဲပြီးဆန်ကို နှစ်ပေါက်သိုလှောင်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် တစ်နှစ်ပတ်လုံးဖူလုံရန်အတွက် စပါးကိုသာ နှစ် ပေါက်သိုလှောင်ပြီး လိုသလိုကြိတ်ခွဲလေ့ရှိသည်။ အကျိုးအကျေ နည်းပြီး ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးကောင်းမွန်မှုသည် ဆန်အရောင်းအဝယ်ပြုလုပ်ရာတွင် ဈေးကွက်ဝင်ဆံ့နိုင်ပြီး ဈေးကောင်းလည်း ရရှိနိုင်သည်။ အရည်အသွေးကောင်းမွန်သော ဆန်ရရှိရန် မျိုးကောင်းမျိုးသန့်စပါး ရရှိရန်လိုအပ်သလို ရိတ်သိမ်းပြီးချိန်တွင် အရည်အသွေးဆုံးရှုံးမှုမဖြစ်ရန် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန် လိုအပ်ပါသည်။ အဖျင်းအမှော်ပါဝင်မှု၊ ဖုန်၊ သဲ၊ ခဲ မသန့်စင်မှု၊ အဆစ်ကျိုးစပါးပါဝင်မှု စသည်တို့သည် ကြိတ်ခွဲမှု အရည်အသွေးကို ကျဆင်းစေနိုင်ပြီး ဆန်သားအထွက်နည်းစေနိုင်ပါသည်။ ထို့ပြင် ဆန်ကြိတ်ထွက်နှုန်း ကောင်းမွန်ရန် ကြိတ်ခွဲမည့်စပါး၏ အစိုဓာတ်ပမာဏကို တိတိကျကျ မှန်မှန်ကန်ကန် သိရှိနိုင်ရန်လိုအပ်ပါသည်။


CTQM တွင် မြန်မာနိုင်ငံဒေသအသီးသီးရှိစပါးများ၏ ရူပအရည်အသွေးကို နှစ်စဉ်စမ်းသပ်စစ်ဆေးလျက်ရှိသည်။ အထူးသဖြင့် ဧရာဝတီ၊ စစ်ကိုင်း၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ စပါး နမူနာများကို သက်ဆိုင်ရာ ဒေသအသီးသီးရှိ စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်ရယူ၍ စမ်းသပ်စစ်ဆေးခဲ့သည်။ စမ်းသပ်စစ်ဆေးခဲ့သော စပါးအမျိုးအစားများမှာ ရွှေဝါထွန်း၊ ရွှေသွယ်ရင်၊ မှော်ဘီ(၂)၊ ဧရာမင်း၊ သီးထပ်ရင်၊ ဆင်း ဧကရီ၊ ဆင်းသုခ၊ နှံကား၊ မနောသုခ၊ ရတနာတိုး၊ ရွှေမန်း၊ ရာကျော်၊ ဗျော့ ထွန်း၊ ဧည့်မထ (ကောင်း)၊ ဧည့်မထ(အခြား)၊ ဆင်းသွယ်လတ်၊ ငကြွဲ၊ ရွှေဘိုပေါ်ဆန်း၊ ပေါ်ဆန်းယဉ်၊ ပေါ်ဆန်းကြီး၊ မြီးဒုံး၊ ငစိန် စသည့် အမျိုးအစားများဖြစ်ပြီး နမူနာအရေအတွက် ၅၅ မျိုးရှိသည်။ ၂၀၁၈-၁၉ ခုနှစ်ထွက် စပါးနမူနာများ၏ စမ်းသပ်စစ်ဆေးချက်များအနက် သိမှတ်ဖွယ်ရာများကို ထုတ်နုတ်ဖော်ပြလိုပါသည်။

မြန်မာ့စပါးအမျိုးအစားများအနက် ဧည့်မထအုပ်စုဝင်စပါးများသည် ထိုင်း၊ အိန္ဒိယစပါးမျိုးများနှင့်နှိုင်းယှဉ်ပါက အကြိတ်အဖွတ်ခံနိုင်မှု နည်းပါးပါသည်။ ထို့ပြင် အဆစ်ကျိုးစပါး ပါဝင်မှုကြောင့် ဆန်ကွဲပိုမိုထွက်ရှိနိုင်ပြီး ဆန်သားရရှိမှု ပိုမိုလျော့ကျလေ့ရှိပါ သည်။ အဆစ်ကျိုးစပါးဖြစ်ပေါ်ရသည့် အဓိကအကြောင်းအရင်းမှာ စပါးအတွင်းရှိအစိုဓာတ်ပမာဏ ပြောင်းလဲမှုကြောင့်ဖြစ်ပါသည်။ ခြောက်သွေ့ပြီးသော စပါးကိုသိုလှောင်ရာတွင် ရာသီဥတုကြောင့်သော်လည်းကောင်း၊ စနစ်မကျသော ကိုင်တွယ်ထိန်းသိမ်းမှုကြောင့် သော်လည်း၊ ခြောက်သွေ့ပြီးသော စပါးကို အကြောင်းတစ်မျိုးမျိုးကြောင့် ပြန်လည်စိုစွတ်စေခြင်းကြောင့်သော် လည်းကောင်း၊ အစိုဓာတ်မညီသော စပါးများကို ရောနှောခြင်းကြောင့်သော်လည်းကောင်း အဆစ်ကျိုးစပါးများ ဖြစ်ပေါ်စေနိုင်ပါသည်။

ရိတ်သိမ်းခြွေလှေ့စက်မသုံးဘဲ လူအားဖြင့် ရိတ်ခြွေသောစပါးများကို ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် ကောက်လှိုင်းများကို ကန်သင်းရိုးတွင်မစုပုံထားဘဲ ခြွေလှေ့သင့်ပါသည်။ ကောက်လှိုင်းများကကန်သင်းရိုးတွင်စုပုံထားပါက အဆစ်ကျိုးစပါးပမာဏ မြင့်တက်လာနိုင်ပါသည်။ စပါးခြွေလှေ့ခြင်းမပြုမီကန်သင်းရိုးတွင် စုပုံထားလျှင် ညပိုင်းအချိန်အတွင်း အမိုးအကာဖြင့် ဖုံးအုပ်ထားရန်လိုအပ်ပါသည်။ မြန်မာ့စပါးများသည် အစိုဓာတ်အပြောင်းအလဲပေါ်တွင် ခံနိုင်ရည်နည်းပါးပါသည်။ ထို့ပြင် မြန်မာ့ရေမြေရာသီဥတုသည်လည်း ပူနွေးစိုစွတ်သော အနေအထားရှိသဖြင့် အဆစ်ကျိုးစပါး ပါဝင်မှုကို ထိန်းချုပ်ရန် အခက်အခဲများစွာရှိပါသည်။ ထို့ကြောင့် အခြေခံစပါးဈေးနှုန်း သတ်မှတ်ခြင်းနှင့် စပါးဝယ်ယူမှုစည်းမျဉ်းများအတွက် အဆစ်ကျိုးစပါးပါဝင်မှု ကန့်သတ်ချက်ကို အနည်းငယ် ဖြေလျှော့ပေးရန်လိုအပ်ပြီး ပြည်တွင်း၊ ပြည်ပမှ နည်းပညာအကူအညီ များဖြင့် အဆစ်ကျိုးစပါးကဏ္ဍအတွက် အဖြေရှာဆောင်ရွက်သင့်ပါသည်။

အောင်ကျော်မိုး (CTQM)

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးခေတ်ကာလတွင် ထိုအချက်များကြောင့် စပါးဝယ်ယူရာတွင် အဆစ်ကျိုးစပါးပါဝင်မှုကို ကန့်သတ်မထားဘဲ ဆန်၏စက်ကြိတ်ထွက်နှုန်း အရဖြင့်သာ သတ်မှတ်ဝယ်ယူပါသည်။ (ဥပမာ စပါးတင်း ၁၀၀ ကြိတ်ခွဲလျှင် ဆန်သား ၃၆တင်းထွက်ရှိရန် စံသတ်မှတ်ထားပြီး ၃၆ တင်းအောက် လျော့နည်းထွက်ရှိသော စပါးများကို စပါးအမျိုးအစားကိုလိုက်၍ ၂ ဒသမ ၅ တင်းနှင့်ညီမျှသော ငွေကို ခုနှိမ်ဖြတ်တောက်မှုပြုလုပ်ပါသည်။) CTQM တွင် စမ်းသပ်သော စပါးနမူနာ ၅၅မျိုးအနက် အဆစ်ကျိုးစပါး ၂၅ ရာခိုင်နှုန်းအထက်ပါဝင်သော စပါး ၁၀ မျိုးတွေ့ရှိရသည်။




ဆန်သားထွက်နှုန်းအနေဖြင့်လည်း ကွဲပြားခြားနားမှုများရှိသည်။ စုစုပေါင်း ဆန်သားထွက်နှုန်း (Total Rice)သည် စပါးအမျိုးအစားကိုလိုက်၍ ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအကြား ရှိတတ်ပါသည်။ စုစုပေါင်းဆန်သားထွက်နှုန်းဆိုသည်မှာ လုံးပြည့်ဆန်သား (Whole Kernel) များ အပါအဝင်၊ ဆန်သား (Head Rice)၊ ဆန်ကွဲ (Brokens)၊ ဆန်ကွဲသေး(Points) စသည့်အရာအားလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။ စမ်းသပ်ခဲ့သော စပါးနမူနာများတွင် ဆန်သား (Head Rice) ရရှိမှု ၃၀ရာခိုင်နှုန်းနှင့်အောက်ရရှိသော နမူနာ ခြောက်မျိုးနှင့် ၆၀ ရာခိုင်နှုန်းနှင့်အထက် ရရှိသော နမူနာရှစ်မျိုးကိုအောက် ပါ အတိုင်း တွေ့ရှိရသည်။ စပါးအမျိုးအစားများတူသော်လည်း စိုက်ပျိုးရာဒေသ၏ ရေမြေသဘာဝနှင့် ကိုင်တွယ်ထိန်းသိမ်းမှုတို့အပေါ် မူတည်၍ ဆန်သားထွက်နှုန်း ကွဲပြားမှုများလည်းရှိပါသည်။ ဥပမာအားဖြင့် ပဲခူးမြို့မှထွက်ရှိသော မနောသုခစပါးသည် ဆန်သား ပြန်လည်ရရှိမှု၌ ၂၇ ရာခိုင်နှုန်းခန့်သာရှိသော်လည်း တိုက်ကြီးမြို့မှထွက်သော မနောသုခစပါးသည် ဆန်သား ၆၅ ဒသမ ၆၇ ရာခိုင် နှုန်းအထိရရှိသည်။ ထို့ကြောင့် မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် အထွက်နှုန်းကောင်း စပါးစိုက်ပျိုးနိုင်ရန်သာမကဘဲ ဆန်ကြိတ်ထွက်နှုန်းကောင်းမွန်စေရန် ရိတ်သိမ်းချိန်လွန် ကိုင်တွယ်ထိန်းသိမ်းနည်း အလေ့အထကောင်းများဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်သင့်ပါသည်။

စာမျက်နှာ ၃၄ သို့

## ယခုတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီအဝင်လျော့

ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၄ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၃၁၀၀၀၁၀ တန်ဖိုးရှိ ဓာတ်ဆီ ၆၂၄၆၄ ဒသမ ၆၆ တန်နှင့် အမေရိကန်ဒေါ်လာ ၄၀၉၉၄၃၂၃ တန်ဖိုးရှိ ဒီဇယ် ၇၀၂၅၄ ဒသမ ၅၇ တန်၊ စုစုပေါင်းဓာတ်ဆီ၊ ဒီဇယ် ၁၃၂၇၁၉ ဒသမ ၂၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဒီဇယ် ၇၁၄၅၃ ဒသမ ၈၉ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၁၉၉ ဒသမ ၃၂ တန်၊ ယခင်တစ်ပတ်က ဓာတ်ဆီ ၇၄၈၅၇ ဒသမ ၀၂ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၂၃၉၂ ဒသမ ၃၆ တန် တင်သွင်းမှုလျော့ နည်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ်ဒီဇယ်ရောဓာတ်ဆီပါ အဝင်လျော့ ခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၂၃၃၀၀၀ တန်ဖိုးရှိ ဒီဇယ် ၂၀၄၆ ဒသမ ၃၈ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၇၅၇၄၉ တန်ဖိုးရှိ ဒီဇယ် ၂၈၅ဒသမ ၉၅ တန်နှင့် အမေရိကန်ဒေါ်လာ ၁၆၀၇၄၂ တန်ဖိုးရှိဓာတ်ဆီ ၂၈၅ ဒသမ ၅၄ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ဇန်နဝါရီ ၂ ရက်မှ ၃ ရက်အတွင်း ညောင်တုန်း၊ မော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၉၀၀ မှ ၁၀၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၁၂၀၀ မှ ၁၃၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၃၀၀ မှ ၄၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၈၀၀၊ မုန်လာဥနီ(ပိဿာ)ကျပ် ၁၆၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၁၀၀၀ မှ ၁၅၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၁၀၀၀ မှ ၁၂၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၁၀၀၀၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၂၃၀၀၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ) ကျပ် ၃၂၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ) ကျပ် ၃၂၀၀၊ ချင်း (ပိဿာ)ကျပ် ၂၈၀၀၊ ဆလတ်ရွက်(စီး)ကျပ် ၇၀၊ ရုံးပတီသီး (တောင့်)ကျပ် ၈ မှ ၁၀အတွင်း၊ ကန်စွန်းရွက်(တရုတ်)(စီး) ကျပ် ၂၅၀၊ချဉ်ပေါင်ရွက်(စီး)ကျပ် ၅၀၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၀၀ မှ ၁၂၀ အတွင်း၊ သံပရာသီး(လုံး) ကျပ် ၇၀ မှ ၈၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၈၀ မှ ၁၀၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း)(ပိဿာ) ကျပ် ၈၀၀၊ ဖရဲသီး(လုံး)ကျပ် ၁၀၀၀ မှ ၁၅၀၀ အတွင်း၊ဖရဲသီး(လုံး)(ကြီး/လတ်/သေး)ပေါ်မူတည်၍ဈေးနှုန်းကွာခြားမှုရှိသည်။

ယခုရက်သတ္တပတ်အတွင်း ကြက်သွန်နီ (ဆိပ်ဖြူ)၊ ချင်း၊ ချဉ်ပေါင်ရွက်နှင့်ပဲသီးတို့မှာ ဈေးကျနေကြောင်းသိရှိရသည်။ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၁၈၃၀၀၀ ကျော်၊ ခရမ်းသီး (ရှည်)(လုံး) ၁၉၂၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၁၂၃၀၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၆၂၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၃၂၀၀၀ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၆၂၀၀၀ကျော်နှင့်မုန်ညင်း(ထုပ်)ပေါင်း၄၈၀၀ကျော်၊ ဖရဲသီးအဝင် စုစုပေါင်း၂၃၀၀၀ကျော် အသီးသီးကုန်အဝင်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## Energy NYMEX 10-1-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 59.46 | -0.10 | -0.17 |
| Brent Crude Futr (USD/bbl) | 65.29 | -0.08 | -0.12 |
| Gasoline Rbob Fut (Cent/gal) | 165.87 | 0.60 | 0.36 |
| Natural Gas Futr (USD/MMBtu) | 2.16 | -0.01 | -0.37 |
| Heating Oil Futr (Cent/gal) | 194.90 | -0.11 | -0.06 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 6-January | 18.12 | 2316.18 | 1779.73 | 6092.30 | 962.00 |
| 7-January | 18.06 | 3220.59 | 1783.70 | 6129.98 | 966.00 |
| 8-January | 18.54 | 2354.75 | 1775.10 | 6124.69 | 969.00 |
| 9-January | 17.84 | 2399.05 | 1769.15 | 6160.18 | 949.00 |
| 10-January | 17.82 | 2378.34 | 1779.07 | 6168.33 | 964.00 |

## အနည်းငယ်မြင့်တက်လာသည့် ပြည်တွင်းငွေလဲနှုန်း

ကျပြီးရင်းကျနေသည့် ပြည်တွင်းငွေလဲနှုန်းမှာ ဇန်နဝါရီ ၁၀ ရက် နေ့လယ်ပိုင်းတွင် အနည်းငယ်မြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှသိရသည်။ ပြည်တွင်းငွေလဲနှုန်း ကျဆင်းနေသည်မှာ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကတည်းကဖြစ်ပြီး လက်ရှိအနေအထားအရ ပြန်လည်မြင့်တက်လာသည်ဆိုသော်လည်း တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ အောက်မှာသာ ရှိနေသေးကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြီးခဲ့သည့်ရက်များတွင် ဈေးကွက်ထဲမှ အမေရိကန်ဒေါ်လာကို နိုင်ငံခြားငွေဈေးပြိုင်လေလံဖြင့် ဝယ်ယူခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် အမေရိကန် ဒေါ်လာ သုံးသန်း ထပ်မံဝယ်ယူခဲ့ရာ စုစုပေါင်း ဒေါ်လာသန်း ၂၅၀ နီးပါး ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

'ဒေါ်လာက ဈေးကွက်ထဲမှာ ဝယ်လိုအားနည်းပြီး ရောင်းလိုအား နည်းနေတယ်။ အဲဒါက ဗဟိုဘဏ်ဘက်က ဝယ်စုတာကြောင့်လည်းပါမယ်။ တချို့က ဈေးကျတော့ မရောင်းဘဲတက်ဈေးစောင့်ပြီး ရောင်းတာရှိတယ်။ အဲဒီတော့ နိုင်ငံခြားငွေကြေးစီးဆင်းမှုက မလည်ပတ်တော့တဲ့သဘောဖြစ်နေတာ'ဟု ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၇ ရက်က အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၄၇၄ ကျပ်၊ ဝယ်ဈေး ၁၄၆၉ ကျပ်မှ ဇန်နဝါရီ ၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၄၆၈ ကျပ်၊ ဝယ်ဈေး ၁၄၆၃ ကျပ်သို့ ရောက်ရှိခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်နေ့လယ်ပိုင်းတွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၄၈၀ကျပ်၊ ဝယ်ဈေး ၁၄၇၄ ဈေးရှိပြီး ယခင်ရက် သတ္တပတ်ဈေးနှုန်းသို့ ပြန်လည်ရောက်ရှိနေကြောင်း သိရသည်။

**ချောစု**

## ကျပ် ၁၂သိန်းဝန်းကျင်တွင် ဈေးကစားနေသည့် ပြည်တွင်းရွှေဈေး

၂၀၂၀ နှစ်ဆန်းပိုင်းမှ စတင်မြင့်တက်လာသည့် ပြည်တွင်းရွှေဈေးမှာ ကျပ် ၁၂ သိန်းပတ်ချာလည်၍သာ ဈေးကစားနေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်ရှိနေကြောင်း သိရသည်။ ပြည်တွင်းအခေါက်ရွှေဈေးမှာ ပြီးခဲ့သည့်နှစ်မှစပြီး ဈေးကျဆင်းခဲ့ကာ ယခုနှစ်မှသာ ကျပ် ၁၂ သိန်းအထိ မြင့် တက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်လည်း သိသိသာသာမြင့်တက်ခြင်းမျိုးမရှိဘဲ ကျပ် ၁၂၃၀၀၀၀၊ ၁၂၁၀၀၀၀ ဝန်းကျင်၌သာ ဈေးအတက်အကျဖြစ်နေကြောင်း သိရသည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၃ ရက် နေ့ လယ်ပိုင်းတွင် ရွှေတစ်ကျပ်သားပေါက် ဈေးမှာ ကျပ် ၁၂၀၀၀၀၀ ရှိခဲ့ပြီး ယခုရက်သတ္တပတ် ဇန်နဝါရီ ၁၀ ရက်တွင် ကျပ် ၁၂၁၇၅၀၀ သို့ ရောက်ရှိနေကြောင်း သိရသည်။

'လဆန်းရက်ကတော့ အရောင်းအဝယ်အေးတဲ့ အနေအထားမှာရှိတယ်။ အဲဒါကလည်း ပိတ်ရက်တွေများတော့ ခရီးသွားတဲ့သူတွေများတဲ့အတွက် အရောင်းအဝယ်အေးတာလည်း ဖြစ်နိုင်တယ်။ ဒီလပိုင်းထဲကတော့ အထည်ဝယ်ယူမှုတွေများနိုင်တယ်။ ဘာလို့လဲဆိုတော့ ချစ်သူများနေ့လည်းရှိတဲ့အတွက် အရောင်းအဝယ်လည်း တက်လာနိုင်တယ်' ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူ တစ်ဦးက ပြောသည်။ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၇ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၇၅၀၀ ရှိခဲ့ပြီး ဇန်နဝါရီ ၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၃၂၀၀၀ ရှိခဲ့ကြောင်း၊ ဇန်နဝါရီ ၁၀ ရက် နေ့လယ်ပိုင်းတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၇၅၀၀ မြင့်တက်ခဲ့ပြီး ပြီးခဲ့သည့် ရက်သတ္တပတ်နှင့်နှိုင်းယှဉ်ပါက ဈေးမြင့်တက်လာကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်မူ ဇန်နဝါရီ ၇ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၆၇ ဒေါ်လာရှိခဲ့ရာမှ ဇန်နဝါရီ ၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၈၂ ဒေါ်လာသို့ ရောက်ရှိခဲ့ပြီး ဇန်နဝါရီ ၁၀ ရက် နေ့လယ်ပိုင်းတွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၄၇ ဒေါ်လာဈေးရှိခဲ့ကြောင်း သိရသည်။

**ချောစု**

## Currency Exchange Rate

January 10, 2019

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.45 |
| BDT | Bangladesh Taka | 84.85 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.94 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 71.15 |
| I DR | Indonesia Rupiahs | 13763.11 |
| JPY | Japan Yen | 109.57 |
| MYR | Malaysia | 4.08 |
| PKR | Pakistan Rupees | 154.52 |
| PHP | Philippines Pesos | 50.65 |
| RUB | Russia Rubles | 61.21 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1161.09 |
| LKR | Sri Lanka Rupe | 181.31 |
| THB | Thailand Baht | 30.25 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 23153.23 |

*Source:xe.com*

## World Gold Price

January- 2020 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 6 | 1565 | 1566 | 1566 |
| 7 | 1572 | 1570 | 1569 |
| 8 | 1596 | 1591 | 1592 |
| 9 | 1548 | 1547 | 1548 |
| 10 | 1551 | 1550 | 1551 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 6-1.-2020 | 1215.00 | 1215.00 |
| 7-1-2020 | 1217.00 | 1217.00 |
| 8-1- 2020 | 1235.00 | 1234.00 |
| 9-1- 2020 | 1218.00 | 1217.50 |
| 10-1- 2020 | 1217.50 | 1217.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 6 | 6.97 | 30.17 | 84.88 | 71.88 |
| 7 | 6.95 | 30.13 | 84.89 | 71.77 |
| 8 | 6.94 | 30.29 | 84.90 | 72.03 |
| 9 | 6.94 | 30.29 | 84.86 | 71.39 |
| 10 | 6.94 | 30.25 | 84.85 | 71.15 |

## နည်းပညာသစ်များကြောင့် ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအား ဖော်ထုတ်သည့်အစီအစဉ်တွင် ရန်ကုန်စတော့အိတ်ချိန်း ပါဝင်မည်

နည်းပညာသစ်များ သို့မဟုတ် ဝန်ဆောင်မှုအသစ်များကြောင့် ဖြစ်ပေါ်လာသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအတွက် ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအားလုံးကို သတ်မှတ် ဖော်ထုတ်ခြင်းအစီအစဉ်တွင် ရန်ကုန်စတော့အိတ်ချိန်မှ ပါဝင်ကြောင်း သိရသည်။ ထိုကဲ့သို့ အစီအစဉ်များချမှတ်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် SECM က ညွှန်ကြားထားခြင်းဖြစ်ပြီး ညွှန်ကြားချက်အရ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ဖွဲ့စည်းထားသည့် ငွေချေးသက်သေခံလုပ်ငန်း၏ သတင်းပို့အဖွဲ့အစည်းများဖြစ်ကြသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိတ်ချိန်းနှင့် ကောင်တာဈေးကွက်တို့အနေဖြင့် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ရမည်ဖြစ်ကြောင်း သိရသည်။ စိစစ်ရာတွင်လည်း နည်းပညာအသစ်များ သို့မဟုတ် ဝန်ဆောင်မှုအသစ်များနှင့် ချိတ်ဆက်ဖြစ်ပေါ်လာသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအားလုံးကို သတ်မှတ်ဖော်ထုတ်ခြင်း၊ စိစစ်အကဲဖြတ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကုစားခြင်းတို့အတွက် အစီအစဉ်များချမှတ်ရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၃၀၀နီးပါးဝင်

ဒီဇင်ဘာ ၂၉ ရက် မှ ဇန်နဝါရီ၄ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၈၁၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၇၇ ဒသမ ၄၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှတန်ချိန် ၁၅၀ နှင့် မလေးရှားနိုင်ငံမှ ၁၂၇ ဒသမ ၄၄ တန်ကိုတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ၅၄ ဒသမ ၅၀ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဥ်လျှင်တန်ချိန်၂၂၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၃ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၇၂၂၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၈၀၈၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၃၀၈၆၀ ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့သည်။



# ဘိလပ်မြေဈေးကွက် အရောင်းအဝယ်သွက်

**မန္တလေးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိသော်လည်း ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့် ဈေးမှာ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင်ကျပ် ၅၄၀၀၊ အယ်လ်ဖာကျပ် ၄၈၀၀၊ ခရောင်း(၅၂၅) ကျပ် ၅၂၀၀၊ ခရောင်း (၄၂၅)ကျပ် ၄၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** ယခုရက်ပိုင်း အရောင်းသွက်နေသော်လည်း ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့် ဈေးမှာ ကြံ့တစ်ကောင်(စိမ်း) ကျပ် ၅၅၀၀၊ ဆင်မြန်မာကျပ် ၅၆၅၀၊ ကြံ့တစ်ကောင် (မြန်မာ) ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင် (နီ)ကျပ်၅၆၅၀၊ ကြံ့နှစ်ကောင် (ပြာ) ကျပ် ၅၄၅၀၊ မြင်းခေါင်း ကျပ် ၅၆၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်သွက်ကြောင်း သိရသည်။ စိန်ဘိလပ်မြေက ပစ္စည်းပြတ်နေသေးလို ယခင်တစ်ပတ်က ဈေးအတက်အကျ အနည်းငယ်ရှိခဲ့သော်လည်း ယခုတစ်ပတ်မှာ ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန် (ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၆၀၀၊ ကမ္ဘောဇ ကျပ် ၄၅၀၀၊ ကြံ့ကျပ် ၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀၊ နဂါးကျပ် ၄၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၀၀၀၊ ဆင် (ထိုင်း)ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ်၅၆၀၀၊ အယ်လ်ဖာကျပ် ၅၉၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ယခင်တစ်ပတ် တင်သွင်းမှုထက် ပိုမိုတင်သွင်း

ဒီဇင်ဘာ ၂၉ရက်မှ ဇန်နဝါရီ၄ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၄၀၆၀၅ တန်ဖိုးရှိ မြေဩဇာ ၈၄၇၅ ဒသမ ၄၆၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ကနေဒါနိုင်ငံမှတန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၁၇၃၈ ဒသမ ၁၄ တန်၊ အီဂျစ်နိုင်ငံမှ ၅၇၅ ဒသမ ၄၄၂ တန်၊ကိုရီးယားနိုင်ငံမှ ၁၈၉၄ ဒသမ ၈၇ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ မှ ၁၇၆၇ တန်နှင့်ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၅၀၀ တင်သွင်းခဲ့ကြောင်းသိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ ယူရီးယား(အီးဂဲလ်)၊ ကွန်ပေါင်း (၁၆း၁၆း၈)၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ယူရီးယား(၄၆%)၊ အာမို(၁၈း၄း၅)နှင့် အာမို(၉း၂၅း၂၅)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာ တန်ချိန် ၈၀၆၀ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဥ်လျှင် တန်ချိန် ၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

# မြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာ အဝင်မှာတန်ချိန် ၁၀၆၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၀၀၇၀ ကျော်ရှိခဲ့ခြင်းကြောင့်ယခုတစ်ပတ်တွင်တန်ချိန် ၅၈၀ ကျော် အဝင်ပိုခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် မော်လမြိုင်၊တောင်ကြီးနှင့် မကွေးမှာ အရောင်းပုံမှန်ရှိပြီးမန္တလေးမှာ အရောင်းပါးကြောင်းသိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ယခုတစ်ပတ် ယူရီးယား(ပန်းဖူး-တရုတ်)က ကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေဩဇာ များက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၅၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၅၄၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ၁၅ပတ်လည်(တရုတ်)ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၂၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၆၄၀၀၊ ပိုတက်(တရုတ်)ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး)ကျပ် ၂၅၀၀၀၊ မြွားကမ္ဘာ ကျပ် ၁၈၂၀၀၊ ရွက်ဖျန်းကျပ် ၂၅၀၀၊ ဆိုင်ကလုန်းကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၂၀၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**မန္တလေးဈေးကွက်၌** ယခုရက်ပိုင်းအရောင်းပါးကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား(ရွှေတောင်)နှင့် အာမို(၁၅)ပတ်လည် က ကျပ် ၃၀၀၊ မြွားသီးစုံက ကျပ် ၃၀၀၀ ဈေးမြင့်ပြီး ယူရီးယား(ပန်းဖူး)က ကျပ် ၄၀၀၊ ပန်းသီးစုံက ကျပ် ၁၀၀၀၊မြွားကမ္ဘာက ကျပ်၇၀၀၊ မြွား(၁၅း၇း၈)က ကျပ် ၅၀၀ဈေးကျပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၅၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၄၃၀၀၊ တီစူပါ (၄၆% -တရုတ်) ကျပ် ၂၂၃၀၀၊ မြွားသီးစုံကျပ် ၁၆၅၀၀၊ ပန်းသီးစုံကျပ် ၁၆၅၀၀၊ အာမို (၁၀း၁၀း၅)က ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ ပိုတက်ကျပ် ၂၈၀၀၀၊ မြွားကမ္ဘာကျပ် ၁၆၅၀၀၊ မြွား(၁၅း၉း၈)က ကျပ်၂၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိသော်လည်း ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၉၆၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၇၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၂၀၀၊အာမို ၁၀း၁၀း၅ ကျပ် ၂၀၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၂၅၀၀၊တီစူပါက ကျပ် ၂၅၅၀၀၊ ဇာမနီကျပ် ၂၁၅၀၀၊ တောင်သူမ ကျပ် ၁၉၀၀၀၊ တက်တိုးကျပ် ၂၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၂၀၀ကျော်နှင့် နို့မှုန့်တန်ချိန် ၁၀၀ကျော် တင်သွင်း

ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၀၄၁၁၇ တန်ဖိုးရှိ နို့ဆီ ၂၀၅ ဒသမ ၇၂၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဗီယက်နမ်နိုင်ငံမှ ၇ ဒသမ ၂၉၆ တန်နှင့် မလေးရှားနိုင်ငံမှ ၁၉၈ ဒသမ ၄၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့် တံဆိပ်များ မှာ Southern Star နှင့် Hawk တို့ဖြစ်သည်။

ယခင်သီတင်းပတ်က နို့ဆီ ၃၁၂ ဒသမ ၄၈ တန် တင်သွင်း ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဥ်လျှင် ၁၀၆ ဒသမ ၇၅၂ တန် တင်သွင်းမှု လျော့နည်းခဲ့သည်။

အမေရိကန်ဒေါ်လာ ၄၅၀၁၆၂ တန်ဖိုးရှိနို့ဆီ ၁၅၁ ဒသမ ၂၀ တန် တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှသာတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့မှုန့်တင်သွင်းမှုမရှိခဲ့ဘဲ ယခုတစ်ပတ်တွင် ပြန်လည် တင်သွင်းခဲ့ခြင်းဖြစ်သည်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၁၂ မှ ၃/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၂ မှ ၂၇/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇.၅ | ၈.၀၀ | (+) | ၉.၅ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၄၄၀၀.၀၀ | ၇၈၅၀.၀၀ | (-) | ၃၄၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၂၈၂၂၅.၀၀ | (-) | ၂၈၂၂၅.၀၀ |
| ၈။ | မြိတ် | ၂၅၀၀.၀၀ | ၁၃၀၀.၀၀ | (+) | ၁၂၀၀.၀၀ |
| ၉။ | တမူး | ၃၀၄.၂၅ | ၇၀၀.၀၀ | (-) | ၃၉၅.၇၅ |
| | စုစုပေါင်း | ၇၂၂၁.၇၅ | ၃၈၀၈၃.၀၀ | (-) | ၃၀၈၆၁.၂၅ |

အေးအေးသန့်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၁၂ မှ ၃/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၂ မှ ၂၇/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၃၁၂.၉၈ | ၁၁၂၅.၈၅ | (+) | ၁၁၈၇.၁၃ |
| ၂။ | လွယ်ဂျယ် | ၅၉၀.၀၀ | ၃၆၈.၀၀ | (+) | ၂၂၂.၀၀ |
| ၃။ | ချင်းရွှေဟော် | ၆၉၆၆.၈၅ | ၆၉၆၆.၈၅ | (-) | ၆၂၂.၁၅ |
| ၄။ | ကန်ပိုက်တီ | ၁၄၁၈.၀၀ | ၁၄၁၆.၀၀ | (+) | ၂.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | ၂၀၀.၀၀ | (-) | ၂၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၀၆၆၅.၆၈ | ၁၀၀၇၆.၇၀ | (+) | ၅၈၈.၉၈ |

ခင်မိုးသူ

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်သွယ်မှုလျာထားချက် ပြည့်မီကျော်လွန်

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်နှင့် နယ်စပ်ကုန်သွယ်မှုပမာဏ အများဆုံး ဆောင်ရွက်လျက်ရှိသော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် အနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် သုံးလဆက်တိုက် ကုန်သွယ်မှု လျာထားချက်များ ပြည့်မီကျော်လွန်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် နောက်ဆုံးလဖြစ်သော ဒီဇင်ဘာလတွင် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၅၃ ဒသမ ၉၆ ရာခိုင်နှုန်း ဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးကို ကြိုဆိုလိုက်နိုင်ခဲ့သည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ယခင်ဘဏ္ဍာနှစ် ကာလတူဖြစ်သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလနှင့် အနီးစပ်ဆုံးကာလဖြစ်သည့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလထက်လည်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

မူဆယ်နယ်စပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံနှင့်ကုန်သွယ်မှု ပြုလျက်ရှိရာတွင် ယခုအခါ တရုတ်နိုင်ငံ၏ ပြောင်းလဲလာသော မူဝါဒများ(အထူးသဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအပေါ် အပင်ကျန်းမာရေးနှင့် ပိုးမွှားကင်းစင်ရေး စည်းကမ်းသတ်မှတ်ချက်များ)နှင့် တင်းကျပ်သည့်တားဆီးပိတ်ပင်မှုများကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပို့ကုန်တစ်မယ်ချင်း ဆောင်ရွက်ရာတွင် ယခင်နှစ်ကာလတူဖြစ်တဲ့ ၂၀၁၈ခုနှစ် ဒီဇင်ဘာလထက် ဆန်တင်ပို့မှုတွင် တန်ချိန် သုံးသောင်းကျော်(တန်ဖိုးကန်ဒေါ်လာ ၂၁ သန်းကျော်)၊ သကြားတင်ပို့မှုတွင် တန်ချိန် သုံးသောင်းကျော် (တန်ဖိုး ကန်ဒေါ်လာ ၁၉ သန်းကျော်)၊ ပြောင်းအနေဖြင့် တန်ချိန် ခုနစ်သောင်းကျော်(တန်ဖိုး ကန်ဒေါ်လာ၁၅သန်းကျော်)၊ ရော်ဘာအနေဖြင့် တန်ချိန် ၉၀၀၀ ကျော် (တန်ဖိုး ကန်ဒေါ်လာ ၁၁ သန်းကျော်)အပြင် နွား(အရှင်)အနေဖြင့် အကောင် ၄၈၀၀၀ ကျော် (တန်ဖိုး ကန်ဒေါ်လာ ၅၇ သန်းကျော်)၊ ကျွဲ(အရှင်)အနေဖြင့် အကောင် ၅၇၀၀ ကျော် (တန်ဖိုး ကန်ဒေါ်လာ ၇ သန်းကျော်) အသီးသီးလျော့နည်း ကျဆင်းခဲ့သော်လည်း ယခုနှစ် ဒီဇင်ဘာလတွင် သဘာဝဓာတ်ငွေ့တင်ပို့မှု၌ (ကန်ဒေါ်လာ ၂၀၆ ဒသမ ၈၈ သန်းကျော်)၊ ကျောက်စိမ်းရိုင်း(ကန်ဒေါ်လာ ၈၅ သန်း ကျော်)၊ နှမ်းတင်ပို့မှုမှာ တန်ဖိုး ကန်ဒေါ်လာ ၆ ဒသမ ၈ သန်းကျော်၊ ရေထွက်ကုန်ပစ္စည်း တန်ဖိုး ကန်ဒေါ်လာ ၃ ဒသမ ၉ သန်းကျော်၊ ဖရဲ၊ သခွားတို့မှာ (တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၂ သန်းကျော်) ပိုမိုတင်ပို့နိုင်သကဲ့သို့ ကုန်သွယ်မှုလျာထားချက်များ ပြည့်မီကျော်လွန်ခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်ကနေ ၁၂ ရက်ထိ တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့မှာ ကျင်းပတဲ့ (၁၈) ကြိမ်မြောက် တရုတ်-မြန်မာကုန်စည်ပြပွဲနဲ့ (၁၄) ကြိမ်မြောက် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးမှာ မြန်မာဘက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့အပါအဝင် သက်ဆိုင်ရာဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်များ၊ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်မှု ကုန်သည်အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့ တက်ရောက်ခဲ့ပြီး လက်ရှိ မူဆယ်နယ်စပ်ပို့ကုန် ဆောင်ရွက်ရာမှာ အကျပ်အတည်းဖြစ်နေသည့် အဓိကပို့ကုန်အမယ်တွေဖြစ်သော ဆန်၊ ပြောင်း၊ ရော်ဘာတွေ Quota တိုးမြှင့်တင်ပို့နိုင်ရေး ကျွဲ၊ နွား (အရှင်)တွေ တရားဝင်တင်ပို့ခွင့်ရရှိရန် နှစ်နိုင်ငံMOU အမြန်လက်မှတ်ရေးထိုးနိုင်ရေး၊ သစ်သီးအမယ်တွေ တိုးမြှင့်တင်ပို့ခွင့်ရရှိရေးနှင့်နှစ်နိုင်ငံနယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ဖက်စလုံးမှ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၁၉ ခုနှစ် အကျပ်အတည်းကာလ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလကနေ ဒီဇင်ဘာလအထိ ကာလများတွင် ကုန်သွယ်မှုလျာထားချက်တွေ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးကာလကနေ ရှေ့ဆက်ပြီးလည်း "စုပေါင်းညီညာအောင်ကြောင်းဖြာ" ဆိုသလို တွေ့ကြုံရတဲ့ အခက်အခဲ၊ စိန်ခေါ်မှုများအပေါ် အပြန်အလှန် ဆွေးနွေးညှိနှိုင်းဖြေရှင်း ပူးပေါင်းကြိုးစား ဆောင်ရွက်မှုများနှင့်အတူ ငြိမ်းချမ်းမှုများဖော်ဆောင်ကာ ခေတ်သစ်ပိုးလမ်းမကြီးနှင့်ပါ ချိတ်ဆက်၍ နိုင်ငံတကာနှင့် ကုန်သွယ်နိုင်မည့်အဆင့်အထိပါ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်မှန်းကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**ကျော်သူဝင်း(မာတာ)**

## ပြည်တွင်းဆီစျေးနှုန်းများ (၁၀-၁-၂၀၂၀) *ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၂၀၀ | ၇၂၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၁၀၀ | ၂၂၀၀ | △ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| မန္တလေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| ပဲခူး | ၆၈၀၀ | ၆၈၀၀ | □ | ၆၈၀၀ | ၆၈၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၆၅၀၀ | ၆၂၆၅ | ▽ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)စျေးနှုန်း

၁၀-၁-၂၀၂၀ **US$/Ton**

| အမျိုးအစား | ဒီဇင်ဘာစတုတ္ထပတ် | ဇန်နဝါရီပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၇၁၂.၅၀ | ၇၇၇.၅၀ | △ |
| **RBD P.Olein** | ၇၂၂.၅၀ | ၇၇၁.၀၀ | △ |
| **RBD P.Stearin** | ၇၁၅.၀၀ | ၇၄၅.၀၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၁၀-၁-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၉၇၆.၂၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၉၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၉.၈၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၁၀.၄၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၁၁၄.၉၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၇.၁၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၁၉ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | | ၂၁၇၆.၆၀၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၀-၁-၂၀၂၀ နေ့ (CIF စျေး Cloud Point 8 ˚C Max 825 ဒေါ်လာနှင့် USD စျေး ၁၄၆၆ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၀-၁-၂၀၂၀ နေ့ ဝယ်ယူပြီးနောက်၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာစျေး ၁၄၆၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ရောဝတီတိုင်းဒေသကြီးအတွင်း အခြေခံစပါးစျေးနှုန်းဖြင့် မြို့နယ်ခြောက်မြို့နယ်တွင် ဝယ်ယူလျက်ရှိ

တောင်သူလယ်သမားအခွင့်အရေးနှင့်အကျိုးစီးပွားကာကွယ်ရေးဦးဆောင်အဖွဲ့က သတ်မှတ်ထားသော အခြေခံစပါးစျေးကျပ်ငါးသိန်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ အင်္ဂပူ၊ မအူပင်၊ ပန်းတနော်မြို့နယ်ကိုးမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ခုနှစ်ထွက်မိုးစပါးများအား အခြေခံစပါးစျေးနှုန်းဖြင့် ဝယ်ယူရန် တင်ဒါအဆိုပြုပုံစံများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၆ရက်တွင် စတင်ရောင်းချခဲ့ရာ တင်ဒါအဆိုပြုပုံစံ ၂၃ စောင်ရောင်းချခဲ့ပြီး စပါးဝယ်ယူရေးတင်ဒါတင်သွင်းမှုအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီအထိ လက်ခံခဲ့ရာ မြို့နယ်ခြောက်မြို့နယ်တွင် စပါးဝယ်ယူရန် တင်ဒါတင်သွင်းသူ ၂၃ ဦး စုစုပေါင်း စပါးတင်း ၁၁၂၀၀၀၀အား ဝယ်ယူရန် အဆိုပြုတင်သွင်းခဲ့ကြောင်းသိရသည်။

အဆိုပါတင်သွင်းသူများအား ဒီဇင်ဘာ ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတွင် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သက်ဆိုင်ရာမြို့နယ်၏ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များပါဝင်၍ တင်ဒါစည်းမျဉ်းများအတိုင်း ကျင်းပခဲ့ရာ တင်ဒါစည်းမျဉ်းနှင့် ကိုက်ညီသည့်အောင်မြင်သူ ၁၈ဦး စုစုပေါင်း စပါးတင်း ၈၇၀၀၀၀ အား ဝယ်ယူရန်ဆုံးဖြတ်ခဲ့ပြီး ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ ဇလွန်၊ လေးမျက်နှာနှင့်မအူပင်တင်ဒါအောင်မြင်သောမြို့နယ်များမှ ကျေးရွာများအထိ ကွင်းဆင်း၍ လည်းကောင်း၊ ဆန်စက်သိုလှောင်ရုံများတွင် အခြေခံစပါးစျေးနှုန်းဖြင့် စပါးဝယ်ယူခြင်းကို ဒီဇင်ဘာ ၂၄ ရက်မှ စတင် ဝယ်ယူလျက်ရှိရာ ဇန်နဝါရီ ၈ ရက်အထိ စပါးတင်း ၂၁၁၂၅၇ တင်းဝယ်ယူခဲ့ပြီး သတ်မှတ်ရာနှုန်းပြည့်မီရန် ကျန်ရှိနေသောစပါးများကိုလည်း ဆက်လက်ဝယ်ယူလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၁၉-၂၀၂၀ ခုနှစ်အခြေခံ ရည်ညွှန်းစျေးနှုန်းဖြင့် စပါး၊ ဆန်ဝယ်ယူရေးလုပ်ငန်းများကို စပါးဆန်ဝယ်ယူရေးကြီးကြပ်မှုအဖွဲ့များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် စနစ်တကျဆောင်ရွက်ခဲ့သည့်အတွက်လည်း ယခုအခါ စပါးစျေးနှုန်းများအထိုက်အလျောက်မြင့်တက်လာသည့်အတွက် နိုင်ငံတော်၏ရည်မှန်းချက်ကိုလည်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

**မင်းမင်းဦး(ပသ)**



# မန္တလေး ကုလားပဲဈေး အနည်းငယ်မြင့်တက်လာ

မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေး ကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကုလားပဲဈေးမှာ ယခင်လထက် အနည်းငယ်မြင့်တက်လာခဲ့သည်။ ကုလားပဲဈေး ယခင်လထက်မြင့်တက်လာခြင်းမှာ အရည်အသွေးနှင့် ဝယ်လိုအားကြောင့်လည်းကောင်း၊ လက်ကျန်နည်း၍ပဲခွဲစက်များမှ ဝယ်ယူမှုရှိ၍လည်းကောင်း ယခင်လထက် ဈေးမြင့်တက်လာခဲ့ကြောင်း မန္တလေးကုန်စည်ဒိုင် မှသိရသည်။

ကုလားပဲဖြူ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၈၅၀၀၀၊ (V7) ကျပ် ၈၃၀၀၀ မှ ၈၂၀၀၀၊ ယခင်တစ်ပတ် ကုလားပဲ ဖြူလုံးကြီး(V2) ကျပ် ၈၃၀၀၀၊ (V7) ကျပ် ၈၁၀၀၀၊ ယခင်လကုလားပဲဖြူလုံးကြီး(V2) ကျပ် ၈၀၀၀၀ မှ ၈၁၀၀၀၊ (V7) ကျပ် ၇၇၀၀၀ မှ ၇၈၀၀၀၊ ယခင်နှစ် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၇၂၀၀၀၊ (V7) ကျပ် ၆၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၂၀၀၀၊ (V7) ကျပ် ၂၀၀၀ မြင့်လာသည်။ ယခင်လထက် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၂၀၀၀၊ (V7) ကျပ် ၃၀၀၀ မြင့်တက်လာ၍ ယခင်နှစ်ထက် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၁၃၀၀၀၊ (V7) ကျပ် ၁၅၀၀၀ မြင့်တက်လာသည်။

ကုလားပဲအဝါ ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် 929 ကျပ် ၉၀၀၀၀ မှ ၈၈၀၀၀၊ ထိုင်ဝမ် ကျပ် ၈၁၀၀၀ မှ ၈၂၀၀၀၊ ယခင်တစ်ပတ် 929 ကျပ် ၈၃၀၀၀မှ၈၄၀၀၀၊ ထိုင်ဝမ် ကျပ် ၈၀၀၀၀၊ ယခင်လ 929 ကျပ် ၇၉၅၀၀ မှ ၇၉၀၀၀၊ ထိုင်ဝမ် ကျပ် ၈၀၀၀၀၊ ယခင်နှစ် 929 ကျပ် ၇၂၀၀၀ ထိုင်ဝမ် ကျပ် ၇၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်ကာလတူနှင့် နှိုင်းယှဉ်လျှင်၉၂၉ ကျပ် ၄၀၀၀ မှ ၇၀၀၀၊ ကုလားပဲထိုင်ဝမ် ကျပ် ၂၀၀၀မြင့်တက်လာပြီး ယခင်လကာလတူနှင့် နှိုင်းယှဉ်လျှင် 929 ကျပ် ၁၀၅၀၀၊ ကုလားပဲထိုင်ဝမ် ကျပ် ၂၀၀၀ မြင့်တက်လာသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် 929 ကျပ် ၁၈၀၀၀ ၊ ကုလားပဲထိုင်ဝမ် ကျပ် ၁၀၀၀၀ မြင့်တက်လာသည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**

# လွယ်ဂျယ်နှင့် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်အတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းအများစုမှာ တစ်သျှူးငှက်ပျော၊ စေ့ထုတ်ပြောင်း၊ သံသတ္တု၊ ဉည့်မထဆန်၊ ကြံ၊ပဲပုပ်၊ ဖရဲသီး၊ ငရုတ်သီး၊ ဆန်ကွဲနှင့် လောင်စာတောင့် မီးသွေး စသည့်ပစ္စည်းများဖြစ်သည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၂၄၂၆၉၇၈ ကန်ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ် နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၀၁၅၇၇၃၇ ဒသမ ၀၂၃ ကန်ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ၁၂၅၈၄၇၁၅ ဒသမ ၀၂၃ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် အများစုမှာ ဓာတ်မြေဩဇာ၊ တစ်သျှူးစက္ကူ၊ သံပိုက်၊ ဝါယာကြိုး၊ ဆောက်လုပ်ရေးသုံး သံပစ္စည်းများ၊ အဝတ်အထည်နှင့်အထည်အလိပ်၊ ကားတာယာ၊ သံကြိုး၊ ကလေးကစားစရာ အရုပ်များ၊ ပန်းအလှဆင်သုံး ရေမြှုပ်တို့ဖြစ်သည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ၃၁၀၇၉၁ ဒသမ ၅၇ဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၇၈၉၃၃ ဒသမ ၅ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၈၉၇၂၅ ဒသမ ၀၇ တင်သွင်းခဲ့သည်။

**ဂွမ်ဂျာလ(မနောမြေကုန်သွယ်မှုဇဟိုဌာန)**

# မကွေးကုန်စည်ဒိုင်တွင် ပဲလွမ်း၊ ကုလားပဲ၊ စားတော်ပဲဈေး မြင့်တက်

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ မကွေးကုန်စည်ဒိုင်၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပဲလွမ်း၊ ကုလားပဲ၊ စားတော်ပဲတို့ ဝယ်လိုအားကြောင့် ဈေးမြင့်တက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲလွမ်း ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၂၂၀၀၀၊ ကုလားပဲ(929)၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၈၅၀၀၊ ကုလားပဲ (HL)၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၇၅၀၀၊ ကုလားပဲသေး ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၂၇၅၀၀၊ စားတော်ပဲ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

ဇန်နဝါရီ ၈ ရက်တွင် ပဲလွမ်း ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၂၃၀၀၀၊ ကုလားပဲ (929) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ ကုလားပဲ (HL) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၉၀၀၀၊ ကုလားပဲသေး ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၂၈၅၀၀၊ စားတော်ပဲ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၀၈၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကာလတူနှိုင်းယှဉ်ပါက ပဲလွမ်း၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၁၀၀၀၊ ကုလားပဲ (929) ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၁၅၀၀၊ ကုလားပဲ(HL)၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၁၅၀၀၊ ကုလားပဲသေး ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၁၀၀၀၊ စားတော်ပဲပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၈၀၀ စီဈေးမြင့်တက်သွားကြောင်း သိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန)**

# မွန်ပြည်နယ်အတွင်း ရော်ဘာဈေးနှုန်းဈေးကွက်



မွန်ပြည်နယ်အတွင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ရော်ဘာရောင်းဝယ်မှုဈေးနှုန်းမှာ အစေးရည်ဝယ်ယူခြင်း (%DRC; Dry rubber content) RSS-3 အဆင့် ရော်ဘာပါဝင်မှု ၁၀၀% အစေးရည် ပေါက်ဈေးမှာ တစ်ပိဿာ ၂၆၂၈ ကျပ် ဈေးနှုန်းဖြစ်ပေါ်နေသည့်အတွက် တစ်ပေါင်လျှင် ကျပ် ၇၃၀ နှင့် RSS-3 မှိုင်းခံပြား တစ်ပေါင်ဈေးနှုန်းမှာ ကျပ် ၇၄၀၊ အရည်အသွေးကောင်း ဖိနပ်လိုင်းရော်ဘာတစ်ပေါင် ဈေးနှုန်းမှာ ကျပ် ၈၅၀ ဖြစ်ကြောင်း သိရှိရသည်။

ဇန်နဝါရီ ၇ ရက်တွင် RSS-3 အဆင့် ရော်ဘာပါဝင်မှု ၁၀၀% အစေးရည်ပေါက်ဈေးမှာ တစ်ပေါင် ကျပ် ၇၃၀ ၊ RSS-3 မှိုင်းခံပြားဈေးနှုန်းမှာ တစ်ပေါင် ကျပ် ၇၆၀ နှင့် အရည်အသွေးကောင်း ဖိနပ်လိုင်း ရော်ဘာဈေးနှုန်းပေါက်ဈေးမှာ ကျပ် ၈၅၀ ဖြစ်သည့်အတွက် ယခင်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက RSS-3 မှိုင်းခံပြားဈေးနှုန်းမှာ ၂၀ ကျပ်ခန့် ဈေးနှုန်း အနည်းငယ်တက်လာပြီး အစေးရည်နှင့် ဖိနပ်လိုင်း ရော်ဘာဈေးနှုန်းမှာပြောင်းလဲမှုမရှိဘဲ ဈေးနှုန်းငြိမ်နေကြောင်း သိရှိရသည်။

ဒီဇင်ဘာလကုန်တွင် ရော်ဘာခြံများ အရွက်ကြွေသည့်အချိန်ဖြစ်သည့်အတွက် အစေးလှီးခြင်းကို အရွက်ကြွေသည့်ခြံများတွင် ခေတ္တရပ်နားထားကြောင်း၊ ဈေးနှုန်းအနေဖြင့် အစေးရည်ဈေးငြိမ်နေပြီး ဖိနပ်လိုင်း ဝယ်ယူမှုတွင် ဖိနပ်ထုတ်လုပ်သော မန္တလေးဈေးကွက်မှ လိုအပ်ချက်ပြည့်မီ၍ ဝယ်ယူမှု နည်းပါးလာသည့်အတွက် ရော်ဘာထုတ်လုပ်သော မွန်ပြည်နယ်ဈေးကွက်တွင် ဖိနပ်လိုင်းထုတ်လုပ်မှု နည်းပါးလာကြောင်း ရော်ဘာဈေးကွက်မှ သိရသည်။

**ဝင်းမြတ် (ရာမညကုန်သွယ်မှုဇဟိုဌာန)**

# ဈေးအနည်းငယ် မြင့်တက်လာသည့် အောင်ပန်းအာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ် အောင်ပန်းမြို့မှ အာလူးများ ဝင်ရောက်လျက်ရှိပြီး ဇန်နဝါရီ ၁၀ ရက်တွင် အောင်ပန်းမြို့မှ ဝင်ရောက်လာသော အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ အာလူး A1 ကျပ် ၅၈၀၊ အာလူး OK ကျပ် ၆၀၀၊ အာလူး S1 ကျပ် ၆၅၀၊ အာလူး S2 ကျပ် ၇၅၀ ဈေးနှုန်းအသီးသီးဖြစ်သည်။ အောင်ပန်းအာလူးဈေးများမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် အာလူး A1 ကျပ် ၅၀၊ အာလူး OK ကျပ် ၂၀၊ အာလူး S2 မှာ ကျပ် ၃၀ ခန့်စီ ဈေးနှုန်းမြင့်တက်လာကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဇန်နဝါရီ ၁၀ ရက်တွင် အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှကားအစီးအရေအတွက် ရှစ်စီးခန့်နှင့် တစ်နေ့လျှင် ပျမ်းမျှ ပိဿာချိန် ၄၈၀၀၀ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရသည်။

**ရွှေဝါထွန်း(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# သဇင်မြေကုန်သွယ်မှုဇဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

၂၀၁၉ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ရက်ထိ ရခိုင်ပြည်နယ် စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ ၅၉ တန် တင်ပို့ခဲ့သည်။ ယခင်အပတ်က ကြက်သွန်နီ၁၁၉ဒသမ၅တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ကြက်သွန်နီတင်ပို့နိုင်မှု လျော့နည်းသွားကြောင်းသိရသည်၊ ယခုအပတ် ကြက်သွန်နီ တင်ပို့နိုင်မှု ငွေပမာဏမှာ ၄၆၇၇၅ ဒေါ်လာတင်ပို့မှုရှိခဲ့သည်။

၂၀၁၉ခုနှစ်ဒီဇင်ဘာ ၂၈ရက်မှ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၃ရက်ထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆီးဖတ်၄၅တန်တင်ပို့ခဲ့သည်။ ယခင်အပတ်မှာဆီးဖတ် ၁၆၉တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဆီးဖတ်တင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရသည်။

ယခုအပတ် ဇီးဖတ်တင်ပို့နိုင်မှုငွေပမာဏမှာ ၅၁၇၅ ဒေါ်လာတင်ပို့မှုရှိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၃ ရက်ထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ဆီးသီးခြောက်၊ ဆီးဖတ်၊ နန္နွင်းတက်၊ မန်ကျည်းစေ့၊ ချင်း(အစို)၊ ငါးသိုင်းခေါင်းပွ၊ ငါးစုံလေးခြောက်၊ ကြက်သွန်နီ၊ ဆီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့ တင်ပို့ရာတန်ဖိုးအားဖြင့်အမေရိကန်ဒေါ်လာ ၁၇၁၀၄၉ ဒသမ ၂၇၀ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်ပစ္စည်းများအနေဖြင့် Woven Fabirc တို့တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ၃၅၀၀ တင်သွင်းနိုင်ခဲ့ကြောင်းသိရသည်။ **နီလာ(သဇင်မြေကုန်သွယ်မှုဇဟိုဌာန)**

# မကွေးကုန်စည်ဒိုင်တွင် ပဲစင်းငုံဈေးကျဆင်း

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်၌ ဇန်နဝါရီ ၈ ရက်တွင် ပဲစင်းငုံ(သစ်/ဟောင်း)များ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် ဈေးနှုန်းများကျ၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲစင်းငုံ(သစ်) (၂၀)ပိဿာတစ်တင်းလျှင် ကျပ် ၂၃၁၀၀၊ ပဲစင်းငုံ (ဟောင်း) ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၁၀၀၀ နှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင်ပဲစင်းငုံ(သစ်) (၂၀) ပိဿာတစ်တင်းလျှင် ကျပ် ၂၃၅၀၀၊ ပဲစင်းငုံ (ဟောင်း) ပိဿာ ၂၀တစ်တင်းလျှင် ကျပ် ၂၂၅၀၀ နှုန်းဖြင့်အရောင်းအဝယ် ဖြစ်ခဲ့သည်။ ကာလတူ နှိုင်းယှဉ်ပါကပဲစင်းငုံ (သစ်) ပိဿာ ၂၀တစ်တင်းလျှင် ကျပ် ၄၀၀၊ ပဲစင်းငုံ(ဟောင်း) ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၁၅၀၀စီဈေးကျသွားကြောင်း သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန)**

# ဈေးတက်သော်လည်း ဈေးကွက်မပျက်သည့် ငါး၊ ပုစွန်

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ပထမပတ်တွင် ငါးဈေးနှုန်း၊ ပုစွန်ဈေးနှုန်း ယခင်လများထက် အနည်းငယ် တက်နေသည်။ လက်လီပြန်လည်ရောင်းချသူများအနေဖြင့် ယခင်တစ်ပိဿာကျပ် ၆၅၀၀ ပေးရသော ငါးမြစ်ချင်းကို ကျပ် ၈၅၀၀ အထိ ပေးဝယ်နေရသည်။

ငါးကြင်းဖြူ ယခင်ဈေးကျပ် ၇၅၀၀ အား ကျပ် ၉၅၀၀/ကျပ် ၁၀၀၀၀ အထိ ပေးရသည်။ ပုစွန်(ရခိုင်)ဈေးမှာ အကောင်အကြီးအသေးပေါ် မူတည်ပြီး တစ်ပိဿာကျပ် ၇၀၀ မှ ၂၅၀၀အထိတိုးပြီး ဝယ်ယူနေရသည်။ သို့သော် ထူးခြားမှုတစ်ခုမှာဝယ်လိုအားကျသွားခြင်းမရှိသဖြင့် ပုံမှန်အရောင်းအဝယ်ရှိနေသောကြောင့် လက်လီရောင်းချသူများအဆင်ပြေနေသည်ဟု သိရသည်။

**နေမျိုးဝေ(ပြည်ကုန်သွယ်မှုဇဟိုဌာန)**



# မြစ်ကြီးနားမြို့၏ ကြက်သွန်နီဈေးနှုန်းအခြေအနေ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စည်ပင်သာယာဈေး၏ လက်ရှိကြက်သွန်နီဈေးနှုန်းမှာ အလုံးကြီး တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဈေးရှိပြီး အလတ်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ဈေးရှိနေသည်ကိုတွေ့ရှိရသည်။

ယခင်နှစ်က ကြက်သွန်နီဈေးနှုန်းမှာ ယခုအချိန်တွင် အမြင့်ဆုံးဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ၁၈၀၀ကျပ်ခန့် ဈေးသာရှိခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာလထဲတွင် ဈေးမြင့်တက်ခဲ့သည့်ကြက်သွန်နီဈေးနှုန်းသည် တစ်ပိဿာလျှင်ကျပ် ၃၅၀၀ မှ ၄၀၀၀ ကြားရှိခဲ့ရာမှ ယခု ကြက်သွန်နီ လက်ကျန်အဟောင်းကုန်ပြီး အသစ်ပေါ်လာချိန်တွင် စားသုံးသူများက ယခင်နှစ်များက ဖြစ်လေ့ဖြစ်ထရှိသည့် ကြက်သွန်နီအဟောင်းလက်ကျန် ကုန်ဆုံးချိန်တွင် ဈေးတက်လာပြီး အသစ်ပေါ်ချိန်တွင် ဈေးနှုန်းကျသွားနိုင်ကြောင်း မျှော်လင့်ခဲ့သော်လည်း ယခုကြက်သွန်နီအသစ်ဈေးနှုန်းမှာ အကြီး တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ အလတ်တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ဈေးဖြစ်နေခြင်းသည် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် တွက်ခြေကိုက်လျက်ရှိသော်လည်း စားသုံးသူများအနေဖြင့် ဈေးနှုန်းကျဆင်းလာစေရန်မျှော်လင့်နေကြောင်း စားသုံးသူတစ်ဦး၏ပြောပြချက်အရသိရှိရသည်။

**ဌေးလှိုင်(မနော‌မြေကုန်သွယ်မှုဇဟိုဌာန)**

# တမူးနယ်စပ်မှအိန္ဒိယသို့ တစ်ပတ်အတွင်း တင်ပို့နိုင်မှုအခြေအနေ

၂၀၁၉ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ရက်အထိ တမူးနယ်စပ်မှအိန္ဒိယ သို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းအမျိုးအစားများမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် အခြားပစ္စည်းများ တင်ပို့ကြောင်းသိရသည်။

လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော စားတော်ပဲ၊ ပဲပုပ်၊ ကွမ်းသီး၊ အုန်းသီး၊ ပန်းသီး၊ စွန်ပလွံခြောက်၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူတို့ဖြစ်ပြီး ပို့ကုန်တန်ဖိုးမှာအမေရိကန် ဒေါ်လာ သန်းပေါင်း သုည ဒသမ ၈၉၈၊ စက်မှုကုန်ကြမ်းပစ္စည်းမှာ စီးကရက်၊ သကြားဖြူ ဘိလပ်မြေဖြစ်ပြီး တန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်းပေါင်း သုည ဒသမ ၁၃၂နှင့် နန့်ဖာလုံဈေးမှအခြားပစ္စည်းများတန်ဖိုးမှာ အမေရိ ကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၁၄၈ တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းတင်ပို့ခဲ့သည့် ပစ္စည်းများတန်ဖိုး အမေရိကန် ဒေါ်လာသန်းပေါင်း ၁ ဒသမ ၁၇၈ တင်ပို့နိုင်ခဲ့သည်။

ယခင်တစ်ပတ်အတွင်း တင်ပို့မှုနိုင်ခဲ့သောပို့ကုန်စုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁ ဒသမ ၇၅၉ ဖြစ်ပြီး ယခုတစ်ပတ်အတွင်းမှာ ဒေါ်လာသန်းပေါင်း သုည ဒသမ၅၈၁တန်ဖိုးလျော့နည်းခဲ့ကြောင်း သိရသည်။ ပို့ကုန်တန်ဖိုးလျော့နည်းရခြင်းမှာ ရေထွက်ပစ္စည်း တင်ပို့မှုမရှိ၍ လျော့နည်းကြောင်းသိရသည်။ အိန္ဒိယနိုင်ငံ၏ငွေလဲလှယ်မှုနှုန်းမှာ တစ်ရူပီးလျှင် မြန်မာငွေကျပ် (၁၉/၂၀)ခန့်ရှိကြောင်းသိရသည်။

**ကြည်ကြည်နွယ်-ဇေယျာကုန်သွယ်မှုဇဟိုဌာန**

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇



# ယခုတစ်ပတ် မတ်ပဲတင်ပို့မှု

ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၃၅၆၄ ဒသမ ၇၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၀၉၉၃၂ ဒသမ ၉၈ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၂ နိုင်ငံရှိပြီး အင်ဒိုနီးရှား၊ အိန္ဒိယ၊ နီပေါ၊ မလေးရှား၊ ကာတာ၊ ပါကစ္စတန်၊ စင်ကာပူ၊ ထိုင်း၊ သီရိလင်္ကာ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အာရပ်စော်ဘွားများ ပြည်ထောင်စုဖြစ်၍ တန်ချိန် ၇၃၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၆၆၂၉ ဖြစ်ပြီး အနည်းဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်၍ တန်ချိန် ၂၁၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၂၇၅၀ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ် တင်ပို့မှုမှာ တန်ချိန် ၄၂၉၁ ဒသမ ၄၆၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၂၇၄၅၈၃ ဒသမ ၂၉ ဖြစ်သောကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၇၂၆ ဒသမ ၇၆၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၆၄၆၅၀ ဒသမ ၃၁ လျော့နည်းခဲ့ကြောင်း သိရသည်။

မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ၇၆၃ ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၇၆၀ ရရှိသောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၃ ခန့် လျော့နည်းခဲ့ကြောင်းသိရသည်။

**စန်းစန်းမော် (မြှင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၈ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Lithuania နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ရုရှား၊ ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ အီဂျစ်၊ ဂျာမနီ၊ အီတလီ၊ ကင်ညာ၊ ပီရူး၊ ကာတာ၊ တူရကီနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၃ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အင်ဒိုနီးရှား၊ အစ္စရေး၊ ဘာဘေဒို၊ တောင်အာဖရိက၊ ခရိုအေးရှားနှင့် ယူကရိန်း စသည့်နိုင်ငံပေါင်း ၁၃ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၇၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရ သည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းနှင့်စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ကာ အင်ဒိုနီးရှားနိုင်ငံတွင် ၇ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၁ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Monaco နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဘရာဇီး၊ ဂျာမနီ၊ အီတလီ၊ ကင်ညာ၊ မက္ကဆီကို၊ အိုမန်၊ ပီရူး၊ စပိန်နှင့် တူရကီ စသည့်နိုင်ငံများအပါအဝင် ၆၃ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အင်ဒိုနီးရှား၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဘာဘေဒို၊ ခရိုအေးရှားနှင့် ယူကရိန်း စသည့်နိုင်ငံ ၁၀ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၅ ဒသမ ၇၀ ရာခိုင်နှုန်းအထိ ကျဆင်း ခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၄ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ၁၅ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၆ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၇ | ၀.၆၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၇ | ၀.၇၃ |
| ၃ | ထိုင်း | လီတာ | ၁.၁၄ | ၀.၈၈ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၁ | ၀.၇၀ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဖြင့် လည်းကောင်း၊ ညှော်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၃ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၃ ဖြင့် လည်းကောင်း၊ ညှော်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၄၅ ဖြင့်လည်းကောင်း၊ ညှော်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၄ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၄၄၂ ဒေါ်လာဖြင့် လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။ ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ ၁၀၀% ဘီဂရိတ်ဆန်၊ ညှော်မထ ၅ မှတ်ဆန်၊ ညှော်မထ ၂၅ ဆန်နှင့် ပေါင်းဆန်အမျိုးအစား ဆန်တို့၏ ဈေးနှုန်းအသီးသီးကို ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေသည်ကို လေ့လာတွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့် လည်းကောင်း၊ ညှော်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော်မထ ၂၅ မှတ် ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၆ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၁ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယခုတစ်ပတ်တွင် အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိ တည်ငြိမ်နေလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းနိုင်ငံတွင် ကြုံတွေ့နေရသော မိုးခေါင်မှုမှာ နောင်တစ်ချိန် ဆန်ရောင်းလိုအားကို ထိခိုက်မည်ကို စိုးရိမ်နေကြသဖြင့် ယခုတစ်ပတ် ထိုင်းဆန်ပို့ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့၌ ပွဲတော်ရာသီ ရောက်နေခြင်းကြောင့် ဆန်အရောင်းအဝယ် လျော့ပါးခဲ့ကြောင်း သိရသည်။ လက်ရှိဖြစ်နေသည့် မိုးခေါင်မှုကြောင့် တစ်ချိန်မှာဆန်ရောင်းလိုအား လျော့နည်းမည်ဆိုသည့် စိုးရိမ်မှုများဖြစ်နေခြင်းကြောင့် ဆန်စက်နှင့်ပို့ကုန်လုပ်ငန်းအချို့က ဈေးအတက်မှန်းပြီး ဆန်ဝယ်ယူသိုလှောင်မှုများ ပြုလုပ်နေခြင်းသည် ဆန်ဈေးကိုမြင့်တက်စေခဲ့ခြင်းဖြစ်ကြောင်း ဗန်ကောက်မြို့မှ ဆန်ကုန်သည်တစ်ဦးထံမှ သိရှိရသည်။

ထိုင်းအစိုးရသည် ပြီးခဲ့သည့်တစ်ပတ်က ပြည်နယ် ၁၁ ခုတွင် အရေးပေါ်စီမံချက်များ ကြေညာခဲ့ပြီး ၎င်းပြည်နယ်အများစုမှာ စပါးစိုက်ပျိုးသော ပြည်နယ်များဖြစ်သည်။ ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံး ထိုင်းနိုင်ငံ၌ ကျောက်ဖယားမြစ်ဝှမ်းဒေသရှိ စပါးစိုက်ဧရိယာဟက်တာ ၉၆၀၀၀၀ မှာ စပါးစိုက်ရန် စိုက်ပျိုးရေရရှိမည်မဟုတ်ကြောင်း အာဏာပိုင်များက နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ထားသည်။ ထိုင်းနိုင်ငံ၏ ခြောက်သွေ့ကာလမှာ လာမည့်နှစ် ဧပြီ ၃၀ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံတွင် ပွဲတော်ရာသီ ရောက်နေခြင်းကြောင့် ဆန်အရောင်းအဝယ် လျော့ပါးခဲ့ကြောင်း သိရှိရသည်။ အနည်းဆုံးအနေဖြင့် ဆောင်းစပါးပေါ်မည့် ဖေဖော်ဝါရီလလောက်အထိ ဈေးကွက်တိုးတက်လာရန် မရှိကြောင်းကို ဟိုချီမင်းစီးတီးမြို့ အခြေစိုက် ကုန်သည်တစ်ဦးထံမှ သိရှိရသည်။ ပြည်တွင်းဆန်လက်ကျန်မှာ ကုန်လုနီးပါးဖြစ်နေသော်လည်း ဆန်ဝယ်အားနည်းနေခြင်းကြောင့် ကာလတိုတွင် ဗီယက်နမ်ဆန်ဈေး မြင့်တက်လာဖွယ်မရှိကြောင်း အန်ကျင်းမဲခေါင် မြစ်ဝကျွန်းပေါ်ပြည်နယ်မှ အခြားကုန်သည်တစ်ဦးထံမှ သိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ၂၀၂၀ ပြည့်နှစ် နွေစပါးစိုက်ကာလတွင် ဆည်ရေနည်းခြင်းကြောင့် နွေစပါးစိုက်ဧက တစ်သန်းဝန်းကျင်ခန့် လျော့နိုင်ကြောင်း ခန့်မှန်းသိရှိရသည်။ ၂၀၁၉ ခုနှစ်၊ မိုးရာသီမှာ ဆည်ရေအဝင်နည်းခြင်းကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ သဖန်းဆိပ် ရေလှောင်တမံအပါအဝင် ဆည်အများစုတွင် ဆည်ရေအဝင် နည်းခဲ့ကြောင်း သိရှိရသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးချိန် ရေပေးဝေရန် အခက်အခဲရှိသဖြင့် စိုက်ပျိုးမှုအခြေအနေကို ကြိုတင်ခန့်မှန်းထားခြင်းဖြစ်ကြောင်းကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ဗဟို အလုပ်အမှုဆောင် အဖွဲ့၏ပြောပြချက်အရသိရှိရသည်။ ၂၀၁၉ နှစ်ဆန်းက နွေစပါးဧကသုံးသန်းကျော်စိုက်ပျိုးခဲ့ပြီး စပါးတန်ချိန် ငါးသန်းကျော်ထုတ်လုပ်နိုင်ခဲ့ပါသည်။ အဆိုပါ ရေသွင်းစိုက်ပျိုးခဲ့သည့် နွေစပါးများက တစ်ဧကကို တင်း ၁၀၀ ခန့် အထွက်နှုန်း ရှိခဲ့ကြောင်းလည်း သိရသည်။ ယခုနှစ်တွင် နွေစပါး စိုက်ဧက မည်မျှ လျော့နည်းမည်ဆိုသည်ကို လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကလည်း ခန့်မှန်းတွက်ချက်နေကြောင်း သိရှိရပြီး ယခုအချိန်တွင် အတိအကျ မပြောနိုင်သေးကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သည့် မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်း အထက်ပိုင်းစသည့် တိုင်းဒေသကြီးများတွင် နွေစပါးစိုက်ပျိုးရန် ဆည်ရေပေးဝေနိုင်မှု မသေချာသည့်အတွက် အခြားဆီထွက်သီးနှံများနှင့် ပဲမျိုးစုံတို့ပြောင်းလဲစိုက်ပျိုးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်ကို သိရှိရသည်။ ထိုကဲ့သို့ စိုက်ဧကတစ်သန်းကျော် လျော့နည်းသွားပါက လာမည့်မိုးရာသီမှာ ဆန်ဈေးများမြင့်တက်လာနိုင်ကြောင်းကို ခန့်မှန်းသိရှိရသည်။

မြန်မာနိုင်ငံမှာ နှစ်စဉ် မိုးစပါးနှင့် နွေစပါး တန်ချိန် စုစုပေါင်း ၂၅ သန်းကျော် ထုတ်လုပ်နိုင်ပြီး ဆန်တန်ချိန် ၁၄ သန်းခန့် ကြိတ်ခွဲရရှိပါသည်။ ပြည်တွင်းစားသုံးမှုအနေဖြင့် ဆန်တန်ချိန် ရှစ်သန်းကျော်ရှိပြီး တခြားလုပ်ငန်းများ၌ ဆန်တန်ချိန် တစ်သန်းကျော်အသုံးပြုလျက်ရှိသဖြင့် နှစ်စဉ် ဆန်တန်ချိန် လေးသန်းခန့် ပိုလျှံကြောင်း သိရှိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ပြည်ပပို့ ဆန်တန်ချိန် နှစ်သန်းခွဲကျော်တင်ပို့နိုင်ခဲ့ပြီး ပြည်တွင်းဆန်လက်ကျန် တန်ချိန်အနည်းဆုံး ငါးသိန်းခန့် ရှိသဖြင့် ဆန်လက်ကျန်များကာ ယခုနှစ် ၂၀၁၉ ခုနှစ် မိုးစပါးပေါ်သည့်အချိန်တွင် စပါးဈေးကျဆင်းခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စပါးဈေးကျသည့်အတွက် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်သည့် စပါး ၄၆ ပေါင်ကိုက်တင်း ၁၀၀ ကို အခြေခံရည်ညွှန်းဈေး ကျပ်ငါးသိန်း သတ်မှတ်ပြီး ဝယ်ယူဖို့ပြင်ဆင်နေခြင်းဖြစ်သည်။ ပြည်တွင်းစပါးဈေးတက်လာပြီး တောင်သူ လယ်သမားများအတွက် အကျိုးရှိရန် ပြည်ပ(တရုတ်)သို့လည်း ဆန်နှင့် ဆန်ထွက်ပစ္စည်းသာမက စပါးအတိုင်း တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်မှုများ ရှိနေကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် နွေစပါးစိုက်ကာလတွင် ဆည်ရေနည်းခြင်းကြောင့် စိုက်ဧကတစ်သန်း ဝန်းကျင်လည်း လျော့နည်းမည်ဖြစ်သဖြင့် တရုတ်နိုင်ငံသို့ စပါးတင်ပို့မှုများပြားပါက ၂၀၂၀ ပြည့်နှစ် မိုးတွင်းကာလတွင်

စာမျက်နှာ ၁၇ သို့

# ဘေးကင်းလုံခြုံသော အရည်အသွေးမြင့် ကုန်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

လင်း(မူဆယ်)

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းမှာ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာများချမှတ်ကာ နှစ်တို၊ နှစ်ရှည်စီမံချက်များနှင့် ဦးစားပေးအမယ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသလို တစ်ဖက်မှာလည်း ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်သွယ်မှု မူဝါဒပိုင်းဆိုင်ရာများကိုလည်း လုပ်ငန်းလိုအပ်ချက်များအပေါ် မူတည်၍ အခါအားလျော်စွာ အဆင့်ဆင့်ဖြေလျှော့ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်မီသော ပို့ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရသော ကုန်ပစ္စည်းများဖြစ်မှသာ နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်ထိုးဖောက်ရာတွင် ဈေးကွက်ခိုင်မာမှုနှင့် စဉ်ဆက်မပြတ် ပို့ကုန်တိုးမြှင့်ရေးအတွက် အထောက်အကူပြုလာမည်ဖြစ်၍ အလေးထား ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထို့ပြင် ပြည်တွင်းလုပ်ငန်းလိုအပ်ချက်အရ ကုန်ပစ္စည်းများ တင်သွင်းရာတွင်လည်း ဈေးနှုန်းလျှော့နည်းမှုအပေါ် ကိုသာ အခြေခံ၍ ဝယ်ယူတင်သွင်းခြင်းမပြုဘဲ စားသုံးသူများအတွက် အကာအကွယ်ပြုနိုင်မှုနှင့် ဘေးကင်းလုံခြုံပြီး အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများဖြစ်စေရေး စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပြည်တွင်းလုပ်ငန်းလိုအပ်ချက်အရ မော်တော်ဆိုင်ကယ် တင်သွင်းဆောင်ရွက်လျက်ရှိရာ လွန်ခဲ့သော ငါးနှစ်အတွင်း နယ်စပ်ဒေသများမှ တင်သွင်းမှုအနေဖြင့် ကန်ဒေါ်လာ ၂ ဒသမ ၅ သန်းကျော်နှင့် ပင်လယ်ရေကြောင်းမှ သုည ဒသမ ၅ သန်းကျော် စုစုပေါင်း သုံးသန်းကျော် တင်သွင်းမှုရှိပြီး တရုတ်-မြန်မာ နယ်စပ်မူဆယ်မှ ကန်ဒေါ်လာနှစ်သန်းကျော်ဖြင့် အများဆုံး တင်သွင်းခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ တင်သွင်းလျက်ရှိသည့် မော်တော်ဆိုင်ကယ် အမျိုးမျိုးသည် ဈေးနှုန်းအရ နှိုင်းယှဉ်လျှင် အခြားနိုင်ငံ(ထိုင်း၊ ဗီယက်နမ်)တို့ထက် သက်သာသင့်တင့်ပြီး လူတန်းစားမရွေး ဝယ်ယူနိုင်သည့်အတွက် တင်သွင်းမှုပမာဏများပြား လျက်ရှိလာသော်လည်း အရည်အသွေးပိုင်းတွင်မူ ထိုင်း၊ ဗီယက်နမ်ထုတ်ဆိုင်ကယ်များထက် ကြံ့ခိုင်မှုအားနည်းနေပြီး မကြာခဏပြင်ဆင်ရခြင်းနှင့်အတူ စက်အင်ဂျင်ချို့ယွင်းမှုကြောင့် မီးခိုးထုတ်လွှင့်မှု (ကာဗွန်ဒိုင်အောက်ဆိုက်) ထွက်ရှိမှုများသဖြင့် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

တရုတ်နိုင်ငံကိုယ်တိုင်ကမူ ၎င်းတို့နိုင်ငံတွင် စက်သုံးဆီဖြင့် မောင်းနှင်သော ဆိုင်ကယ်များကို ဂိတ်အဝင်/အထွက်များတွင် အခွန်ကောက်ခံမှုများ ပြုလုပ်ပြီး ဘက်ထရီဆိုင်ကယ်များကို အခွန်ကင်းလွတ်ခွင့်ပြုထားခြင်းဖြင့် စက်သုံးဆီအသုံးပြုဆိုင်ကယ်များသုံးစွဲမှုလျှော့ချကာ လေထုညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများအတွက် အထောက်အကူပြု ဆောင်ရွက်ထားရှိကြောင်းလည်း သိရှိရ သည်။

ယခုခေတ်ကာလတွင် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်ထိန်းသိမ်း ရေးဆိုင်ရာလုပ်ငန်းများအပေါ် အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း ပို့ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့ခြင်းနှင့် နိုင်ငံ၏လုပ်ငန်းလိုအပ်ချက်အခြေအနေများအရ တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများ တင်သွင်းဆောင်ရွက်ရာတွင် စားသုံးသူများအတွက် အကာအကွယ်ပေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဘေးကင်းလုံခြုံသော အရည်အသွေးကောင်းမွန်ပြည့်ဝသည့် ကုန်ပစ္စည်းများဖြစ်စေရေး အလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုကဏ္ဍတွင်လည်း မိမိတို့၏ပို့ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်ထိုးဖောက်နိုင်ပြီး ခိုင်မာသောဈေးကွက်ရရှိရေးအတွက် အရည်အသွေးမီပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရေး၊ နည်းပညာ ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသလို တစ်ဖက်ကလည်း နိုင်ငံတော်အတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများနှင့် ကုန်ပစ္စည်းများ တင်သွင်းသည့်အခါ စားသုံးသူကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို သိရှိလိုက်နာ၍ ဘေးကင်းလုံခြုံပြီး ကုန်ပစ္စည်းများ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်သွားသင့်ကြောင်း အကြံပြု ရေးသားတင်ပြလိုက်ရသည်။

# ရှောက်၊ သံပရာတို့ကို တန်ဖိုးမြင့် စားသောက်ကုန်အဖြစ် တစ်နိုင်တစ်ပိုင်ဆောင်ရွက်နေ

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နေပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်နေပါသည်။ သို့ဖြစ်ပါ၍ ကရင်ပြည်နယ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စသည့် ပုဂ္ဂလိက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှောက်သီး၊ သံပရာသီးစိုက်ပျိုးမှုအများဆုံး ဖြစ်သော ကရင်ပြည်နယ်ရှိ ကြာအင်းဆိပ်ကြီးမြို့နယ်သို့ သွားရောက်လေ့လာခဲ့သည်။

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အနေဖြင့် ကြာအင်းကြီး၊ မီးလောင်ချောင်း၊ ကြခတ်ချောင်း၊တဂေး၊ သမခ၊ တံတားဦး၊ အလယ်ရွာ၊ အုန်းတစ်ပင်၊ ဂုန်ဘီ၊ နုတ်ချောင်းဖျား၊ တမလဲနှင့် ကဆတ်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးမြေကောင်း၍ဖြစ်ထွန်း အောင်မြင်သော နှစ်ရှည်ပင် အမျိုးအစားဖြစ်ပါသည်။ စိုက်ပျိုးရာတွင် မျိုးစေ့ချစိုက်ပျိုးခြင်းမရှိဘဲ အပင်ကိုင်းကူး၍သာစိုက်ပျိုးပြီး အပင်များကို တစ်ပင်နှင့်တစ်ပင် ၁၅ ပေအကွာအဝေးဖြင့် စိုက်ပျိုးထားရှိပြီး သံပရာသီးတစ်ဧကလျှင် အပင် ၇၀ ခန့်စိုက်ပျိုး ၍အထွက်နှုန်း ကောင်းမွန်စေရန် ဓာတ်မြေသြဇာအနေဖြင့် နွားချေးကိုသာအသုံးပြု၍ တောင်ခြေစိမ့်စမ်းရေဖြင့်ရေသွင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးပြီးအပင် တစ်နှစ်သားတွင် ဈေးကွက်ဝင်အသီးများကို ဆွတ်ခူးရရှိ၍ အပင်တစ်ပင်လျှင်အလုံးရေ ၃၀ မှ ၅၀ ကြားတွင်ထွက်ရှိသည်။ သံပရာသီးမှာ ဆယ့်နှစ်လရာသီပတ်လုံး အသီးများဖြိုင်ဖြိုင် ထွက်ရှိပြီး မိုးရာသီတွင်ရင့်မှည့်သော အသီးများကိုရွေးချယ်၍ နေ့စဉ်နေ့တိုင်းခူးဆွတ်ရကြောင်း၊ အထူးသဖြင့်ဒီဇင်ဘာနှင့် ဇန်နဝါရီလများတွင် နှစ်ရက်ခြား တစ်ကြိမ်ခူးဆွတ်ကြောင်း သိရှိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်မှ ထွက်ရှိသော ရှောက်သီး၊ သံပရာသီးများကို ကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိအဝယ်ဒိုင်များမှ ခြံအထိ လာရောက်ဝယ်ယူပြီး ၎င်းအဝယ်ဒိုင်မှတစ်ဆင့် မွန်ပြည်နယ်၊ မော်လမြိုင်၊ မုဒုံ၊ သထုံ၊ ကျိုက်ထိုသို့ တင်ပို့ကြကြောင်း၊ ထိုမှတစ်ဆင့်ရန်ကုန်သို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိရာ ယခုအချိန်တွင် သံပရာသီးအလုံးသေးတစ်လုံးလျှင် ကျပ် ၈၀၊ အလုံးကြီးတစ်လုံးလျှင်ကျပ် ၁၅၀ နှင့် ရှောက်သီးအလုံးသေးတစ်လုံးလျှင်ကျပ် ၂၀၀၊ အလုံးကြီး တစ်လုံးလျှင် ကျပ် ၄၀၀ နှုန်းဖြစ်ကြောင်း၊ သံပရာသီးမှာတစ်နှစ်ပတ်လုံးစိုက်ပျိုးပြီး ရာသီနှင့်အလုံးအကြီး၊ အသေးပေါ်မူတည်ပြီး ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း သိရသည်။

ထို့ပြင် မိသားစုတစ်နိုင်တစ်ပိုင်အဖြစ်ဒေသထွက်သီးနှံဖြစ်သည့် ရှောက်သီး၊ သံပရာသီး များအားအခြေခံ၍ ရှောက်ပေါင်းချို၊ သံပရာပေါင်းချိုပြုလုပ်ပြီး ကြာအင်းဆိပ်ကြီးမြို့တွင် ရောင်းချလျက်ရှိကြောင်း၊ ရှောက်ပေါင်းချိုပြုလုပ်ရန်အတွက် ရှောက်သီးအလုံးရေ ၇၀ လုံးလျှင် သကြား သုံးပိဿာ ၅၀ ကျပ်သားပါဝင်ပြီး ရှောက်သီးများကိုအခွံခွာပြီး အစိတ်စိတ်ပြုလုပ်ကာရှောက်ပေါင်းချိုပြုလုပ်ကြောင်း၊ ရှောက်သီးတစ်လုံးလျှင် ကျပ် ၇၀ နှုန်းဖြင့် ဝယ်ယူရပြီး ရှောက်ပေါင်းချိုတစ်အိုးလျှင် ငါးပိဿာခန့်ရရှိကြောင်း၊ ထုတ်လုပ်ထားသောရှောက်ပေါင်းချို ၅၀ ကျပ်သားပါ ဘူးကြီးတစ်ဘူးလျှင် ကျပ် ၃၀၀၀ နှင့် ၃၅ ကျပ်သားပါ ဘူးသေးတစ်ဘူးလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့်ရောင်းချလျက်ရှိကြောင်း၊ သံပရာပေါင်းချိုပြုလုပ်ရာတွင် သံပရာသီးအလုံးရေ ၂၅၀ လုံးလျှင် သကြား နှစ်ပိဿာ ၅၀ ကျပ်သားပါဝင်ပြီး သံပရာသီးအလုံးများကိုပြုတ်၍ သံပရာယိုပြုလုပ်ကြကြောင်း၊ သံပရာသီးတစ်အိုးလျှင် လေးပိဿာ ၅၀ကျပ်သားခန့်ရရှိပြီး ၅၀ ကျပ်သားပါဘူးကြီး တစ်ဘူးလျှင် ကျပ် ၃၀၀၀ နှင့် ၃၅ ကျပ်သားပါ ဘူးသေးတစ်ဘူးလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့်ရောင်းချလျက်ရှိကြောင်း၊ သံပရာပေါင်းချိုပြုလုပ်ရာတွင် မိုးတွင်းကာလ၌ သံပရာသီးများကို ဝယ်ယူစုဆောင်းသိုလှောင်ထားရှိပြီး သံပရာသီးအစိုကို ယိုထိုး၍ သံပရာပေါင်းချို ပြုလုပ်ကြကြောင်း၊ ယခုလက်ရှိအချိန်တွင်နေပူလှန်း၍သံပရာပေါင်းချိုပြုလုပ်ကြကြောင်း သိရှိရသည်။

ဒေသထွက်ရှောက်ပေါင်းချို၊ သံပရာပေါင်းချိုပြုလုပ်ရာတွင်တစ်လလျှင်ရှောက် ပေါင်းချိုအိုး ၂၀ ၊ သံပရာပေါင်းချို ၁၀ အိုးခန့် ထုတ်လုပ်နိုင်ကြောင်း၊ သကြား၊ ထင်း၊ ထုပ်ပိုးသည့်ဘူး၊ ရှောက်သီး၊ သံပရာသီးအပါအဝင် ကုန်ကျစရိတ်အနေဖြင့် ကျပ် ၄၇၃၀၀၀ ခန့်ကုန်ကျပြီး ဝင်ငွေအနေဖြင့်တစ်လလျှင် ကျပ် ၆၃၀၀၀၀ ခန့်ရရှိကြောင်း သိရှိရသည်။

ဤသို့ဖြင့်ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ ထွက်ရှိသော ရှောက်သီး၊ သံပရာသီးသည် ပြည်တွင်းစားသုံးမှုအတွက်သာ အဓိကစိုက်ပျိုးထုတ်လုပ်ပါသည်။ စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းစဉ်မှာလည်း မိရိုးဖလာလုပ်ငန်းများအတိုင်းသာစိုက်ပျိုးထုတ်လုပ်သည့်အတွက် ပြည်ပတင်ပို့ရောင်းချရာတွင် လိုအပ်သည့် အဆင့်မြင့်နည်းပညာများဖြင့် စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပါသည်။ ပြည်တွင်း၌သံပရာသီး၊ ရှောက်သီးနှင့်ပတ်သက်သည့် တန်ဖိုးမြင့်ထုတ်လုပ်နိုင်သည့် စက်ရုံအလုပ်ရုံများ ပိုမိုထွန်းကားလာမှသာ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့်အထွက်နှုန်းများကောင်းမွန်သော်လည်း အရည်အသွေး စံချိန်စံညွှန်းများပြည့်မီရန်လိုအပ်ခြင်း၊ စိုက်ပျိုးတောင်သူများအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းလမ်းသိရှိရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ပြည်တွင်းပို့ကုန်တိုး တက်စေရေးအတွက် ဒေသအလိုက်စိုက်ပျိုး ထုတ်လုပ်တင်ပို့လျက်ရှိသော သီးနှံအစုအဖွဲ့များကိုဖွဲ့စည်းပေးခြင်း၊ အသင်းသားများအတွက်နည်း ပညာများ၊ မျိုးကောင်း/မျိုးသန့်များဖြန့်ဝေခြင်း၊ သီးနှံဇုန်များဖော်ဆောင်ပေးခြင်း၊ သီးနှံဈေးနှုန်း ပိုမိုရရှိစေရန် GAP လက်မှတ်များ၊ Organic Certificate များရရှိအောင်ဆောင်ရွက်ခြင်း၊တောင်သူများသို့ နည်းပညာရှင်များနှင့်ချိတ်ဆက်၍ သင်တန်းများပို့ချခြင်း၊ စိုက်ပျိုးပြီး တစ်နှစ်မှစ၍ ဝင်ငွေပုံမှန်ရရှိသဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်လည်းရရှိ၍ ရေမြေသဘာဝတူသည့် အခြားစိုက်ပျိုး ထုတ်လုပ်နိုင်သည့် ဒေသများတွင် တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်မိပါသည်။

**အိအိခိုင်(ကရင်ပြည်နယ်)**

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ပြည်တွင်းရွှေဈေးသည် ဇန်နဝါရီ ၈ ရက်တွင် ကျပ် ၁၂၃၂၀၀၀ အထိ မြင့်တက်ခဲ့သော်လည်း အမေရိကန်-အီရန် စစ်ရေးတင်းမာမှု လျော့ကျလာခြင်းကြောင့် ကမ္ဘာ့ရွှေဈေးကျဆင်းကာ ပြည်တွင်းရွှေဈေးပါ ၉-၁-၂၀၂၀ ရက်တွင် ကျပ် ၁၂၁၀၀၀၀ သို့ တစ်ရက်အတွင်း ကျပ်နှစ်သောင်းခန့် ကျဆင်းခဲ့ကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များက ပြောသည်။

အမေရိကန်သမ္မတက အီရန်အပေါ် စစ်ရေးအရအရေးယူမှု မလုပ်ဆောင်ဟု ပြောကြားခြင်းကြောင့် ကမ္ဘာ့ဈေးကွက်တွင် စတော့ရှယ်ယာဈေး ပြန်လည်မြင့်တက်လာပြီး ရွှေဈေးပြန်လည်ကျဆင်းခဲ့သည်။ ထို့ကြောင့်ပြည်တွင်းရွှေဈေးလည်း ပြန်လည်ကျဆင်းလာကြောင်းနှင့် လက်ရှိတွင် ပြည်တွင်းရွှေဈေးကွက်၌ အဝယ်နည်း၍ အရောင်းများနေသည်ဟု ရွှေလုပ်ငန်းရှင်များအသင်းမှ ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.30 % ၊ Annual Rate of Inflation 8.59 % ၊ Year on Year Inflation 8.26 % ရှိသည်ကို လေ့လာသိရှိရပါသည်။


၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်မှ ၉ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၃-၁-၂၀ | ၇-၁-၂၀ | ၈-၁-၂၀ | ၉-၁-၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၄၆၆.၁ | ၁၄၆၄.၂ | ၁၄၆၁.၇ | ၁၄၆၅.၆ | -၀.၀၃ | ⬇ |
| ၂ | Thai Baht | THB | ၃၀.၁၄၅ | ၃၀.၁၄၅ | ၃၀.၃၁၅ | ၃၀.၂၉၅ | ၀.၅၀ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၅၀ | ၁.၃၄၈ | ၁.၃၅၀ | ၁.၃၅၁ | ၀.၀၇ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၀၂ | ၄.၀၉၂ | ၄.၁၀၂ | ၄.၀၈၉ | -၀.၃၂ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၃၉၂၄ | ၁၃၈၇၅ | ၁၃၈၉၂ | ၁၃၈၅၀ | -၀.၅၃ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၉၇၁ | ၆.၉၃၄ | ၆.၉၄၂ | ၆.၉၃၃ | -၀.၅၅ | ⬇ |
| ၇ | Indian Rupee | INR | ၇၁.၇၂၇ | ၇၁.၇၈၉ | ၇၁.၈၈၈ | ၇၁.၄၇၅ | -၀.၃၅ | ⬇ |
| ၈ | Japanese Yen | JPY | ၁၀၇.၉၅၂ | ၁၀၈.၄၆၇ | ၁၀၈.၄၆၇ | ၁၀၉.၃၄၉ | ၁.၂၉ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၃၉ | ၁.၄၄၈ | ၁.၄၅၅ | ၁.၄၅၇ | ၁.၂၅ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၉၇ | ၀.၈၉၄ | ၀.၈၉၈ | ၀.၈၉၉ | ၀.၂၂ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၄ | ၀.၇၅၈ | ၀.၇၆၀ | ၀.၇၆၄ | ၀.၇၆ | ⬆ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇန်နဝါရီ ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၆၆ ဒသမ ၁ ကျပ်ရှိခဲ့ရာမှ ဇန်နဝါရီ ၉ ရက်တွင် ၁၄၆၅ ဒသမ ၆ ကျပ် ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၀၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်မှ ၉ ရက်အထိ နေ့အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ် ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဇန်နဝါရီ ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၈၀ ကျပ်၊ ဇန်နဝါရီ ၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၇၅ ကျပ် နှင့် ဇန်နဝါရီ ၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၇၀ ကျပ်နှင့် ဇန်နဝါရီ ၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၈၀ ကျပ်အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

စပါးရှားပြီး ၂၀၂၀ ပြည့်နှစ် မိုးစပါးပေါ်ချိန်တွင် စပါးဈေးကောင်းနိုင်ကြောင်း သိရှိရသည်။ ထို့အတွက်ကြောင့် ဆည်ရေ မလိုဘဲ မြစ်ရေဖြင့်ရေတင် စိုက်ပျိုးရသည့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး စသည့် တိုင်း ဒေသကြီးများတွင် တောင်သူလယ်သမားများ ယခုနှစ် နွေစပါးကို ဖိဖိစီးစီးဖြင့် စိုက်ပျိုးကြရန် လိုအပ်ပါသည်။ နှစ်စဉ် နွေစပါးစိုက်ဧကသုံးသန်းစိုက်ခဲ့ရာ ယခုနှစ်တွင် တစ်သန်းလျော့နည်းသည့်အတွက် အထွက်တင်း ၁၀၀ ဖြင့် တွက်ပါက စပါးတင်း သန်း ၁၀၀ လျော့နည်းသွားနိုင်သည်။ ထို့ကြောင့် ကျန်နွေစပါးစိုက်ပျိုးနိုင်သည့် ဒေသများအနေဖြင့် နွေစပါး တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း သုံးသပ်ရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းတစ်ယွမ်လျှင် ၂၁၂ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ၁၈၆၅၆ ကျပ်မှ ၁၉၀၈၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၅၀ နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်မှ ၉ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၃.၁.၂၀၂၀ | ၆.၁.၂၀၂၀ | ၇.၁.၂၀၂၀ | ၈.၁.၂၀၂၀ | ၉.၁.၂၀၂၀ |
| ၁ | ဧည့်မထ | 70(Raw) | ၁၇၈၀၀ | ၁၇၈၀၀ | ၁၇၆၀၀ | ၁၇၆၀၀ | ၁၇၆၀၀ |
| ၂ | ဧည့်မထ | 65(Raw) | ၁၇၅၀၀ | ၁၇၅၀၀ | ၁၇၃၀၀ | ၁၇၃၀၀ | ၁၇၃၀၀ |
| ၃ | ကရင်မ | 90(Raw) | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၂၀၀ | ၁၉၂၀၀ |
| ၄ | ကရင်မ | 80(Raw) | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၇၀၀ | ၁၈၇၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့တွင် ဧည့်မထဆန် (ရှယ်)တစ်ပြည်လျှင် ကျပ် ၂၅၀၀၊ ဟားခါးမြို့တွင် ဧည့် မထဆန်(ရိုးရိုး)တစ်ပြည်လျှင် ကျပ် ၂၂၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံ၊ မြိတ်နှင့် ကလေး တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၀၀၀၊ မော်လမြိုင်မြို့၊ ပျဉ်းမနားမြို့နှင့် ပြည်မြို့တို့တွင် ကျပ် ၈၅၀၊ ပုသိမ်၊ စစ်တွေနှင့် မန္တလေးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၈၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့ သည်ကို တွေ့ရှိရသည်။

Trading Economics Website ၏ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင် တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီပထမပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၄၆ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၆၈ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၉-၄၅၆၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၂၀-၅၄၄ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံတွင် သကြားဈေးနှုန်းများ အနည်းငယ်မြင့်တက်ပြီး ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့တွင် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၄၅ ဒေါ်လာဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလပထမပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြား တစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၅၃ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၄၆ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၉၃ ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၈ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၃ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး နေပြည်တော်၊ မကွေး၊ မန္တလေး၊ ပြည်၊ တောင်ကြီးနှင့် မော်လမြိုင်မြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ်၁၂၀၀ နှင့် ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ပထမပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၄၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ ရှိရပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၄၈၈၃ ကျပ်၊ ဒီဇယ်တစ် ဂါလန်လျှင်ကျပ် ၅၂၂၀၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၆၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ၄၆၁၂ ကျပ်၊ ကလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၆၀၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၅၀၅၀ ဖြင့်အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၀၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၂၀၀ နှင့် ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၈၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၄၃၂ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ၉ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၉၈၅ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ၉၉၅ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင် ၉၀၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၉၉၅ ကျပ် ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီး များ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

**Raychem RPG**

ENGINEERING GROWTH. PIONEERING EXCELLENCE

PRODUCT PORTFOLIO

### Specialist In Harsh And Demanding Industrial Solutions



**MYANMAR STAR WAY CO.,LTD.**

Registered Office : No.1169/B, Thudamar 2nd Street, No.(2) Block, North Okkalapa Township, Yangon, Myanmar

Operation Office : No.4/A, Zaytawun Street, Corner of Tayoke Kyaung Street and Baho Road, Than Tadar Ward, Sanchaung Township, Yangon, Myanmr

Ph: (+95) 9 775445704, (+95) 9 455258032

Email : enquiry@myanmarstarway.com; mswsales@myanmarstarway.com

Web : www.myanmarstarway.com

**IDR** Interior Decoration Group

## IDR Interior Decoration Group


- Interior Design & Decoration
- Luxury Home Architecture
- Furnishing
- Renovations & Fitouts
- Landscaping
- Small decoration or bigger interior design concept
- Colourful Moodboards to visualize (& 3D sketches)
- Custom Furniture Designs and Installation
- Layouts for furniture and decoration
- Outline budgets to fit your spending
- M&E Solutions
- CCTV & Security Solutions
- Network Cabling Solutions

A wide range of diverse experience in the design and execution of private residences, hotels, restaurants, corporate offices, retail spaces and public buildings.

*We listen our customers...*







No.(38), Zay Ka Lay 5th Street, Kyit Myin Dai Township, Yangon.

Phone : 095128705, 09970191601

Email : idr.interior.deco@gmail.com

Website : www.idrdecogroup.com

## Doe San Da

### Trading Co.,Ltd.



Add : No.54, Seik Kan Tha Street, Industrial Zone(4), Hlaing Thar Yar Township, Yangon, Myanmar.

Ph : 09 421755506, 09 972637075

## PYI SAN HTIKE CO.,LTD



No (26), Thirimon (8th) Street, Thirimon Housing, Mayann Gone Township, Yangon.

Tel : 09-5109794, 09-5252499, Office : 01-682980

Email : winlaw.law@gmail.com, yeehseng89@gmail.com



သွေးပေါင်ချိန်ကို ထိန်းညှိပေးမယ့်




nzmp™
authorised reseller
မလိုင်ပြည့် နို့မှုန့် WMP, မလိုင်နည်း နို့မှုန့် SMP, BMP,
WHEY powder, AMF ထောပတ်ဆီ လုပ်ငန်းသုံး နို့ကုန်ကြမ်းများ
နယူးဇီလန်နိုင်ငံမှ ထုတ်လုပ်တင်သွင်းသည်
Fonterra Co-operative Group Limited
လမင်းတစ်ရာ ကုမ္ပဏီလီမိတက်
Exclusive Distributor Tel : 01-293531, 01-293055, 01-397363, 01-9010607, 01-9010608, 01-9010609
Fax : 01-202461
E-mail : info@lamintayar.com
Website : www.lamintayar.com




GBC
GLOBAL BEVERAGES CO., LTD.
No.(1) Yadanar Mon(3)St. Aye Yeik Mon Housing Hlaing Tsp. Yangon.
Ph : 01 3681502 01 3681503
ELEVEN WHISKY
LUCKY
ELEVEN
WHISKY
MANMAHAR RUM




လိုင်းရှွန်းကုမ္ပဏီ ယိုးဒယားမှတင်သွင်းသောစားသောက်ကုန်ပစ္စည်းများကို
မှာယူလိုပါကအောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်နိုင်ပါသည်။
Humming Bird brand. COCONUT MILK 400 ml. & 165 ml.
SUREE ( Light ) brand. COCONUT MILK 400 ml. & 165 ml.
THAI LONDON brand. Green Peas In Brine 400 ml.
MAE LONDON brand. OYSTER SAUCE 740 g.
Elephant Ball brand. GLUTINOUS RICE FLOUR 850 g.
CM brand. TODDY PALM JELLY IN SYRUP 1 kg.
Lion super inter trading co.,ltd.
09-250806656 , 09-782742089

# မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူအားပေးသုံးစွဲပါ

**နိုင်ဦး (DOCA)**

တစ်လောက နေပြည်တော်မှ ရန်ကုန်သို့ တာဝန်အရ ခရီးသွားဖြစ်သည်။ ကျွန်တော်၏ ခုံဘေးမှ လူတစ်ဦးနှင့် ရောက်တတ်ရာရာများ ပြောဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေးကိစ္စတွေ စုံလင်စွာဖြင့်ရှုထောင့်အသီးသီးမှ အမြင်ချင်းဖလှယ်ဖြစ်ခဲ့သည်။ နိုင်ငံ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ သူကကျွန်တော်တို့ နိုင်ငံကို ဆင်းရဲတယ်လို့လူတော်တော်များများက ပြောကြတယ်တဲ့၊ ကျွန်တော်က နိုင်ငံခြားသားစကားပြန်အဖြစ်အသက်မွေးတော့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားများစွာနဲ့ ဆက်ဆံပြောဆိုရတယ်တဲ့၊ အမြင်ချင်းဖလှယ်ကြတယ်တဲ့၊ အဲဒီမှာ နိုင်ငံခြားသားတစ်ဦးက ပြောတယ်တဲ့၊ မင်းတို့နိုင်ငံက မဆင်းရဲပါဘူးတဲ့၊ မင်းတို့နိုင်ငံက လူတိုင်းလူတိုင်းနိုင်ငံခြားဖြစ်ပစ္စည်းတွေ သုံးစွဲနေနိုင်ကြတာပဲ၊ ငါတို့ဆိုတို့နိုင်ငံကထုတ်လုပ်တဲ့ လူသုံး၊ အိမ်သုံးပစ္စည်းတွေကိုပဲ သုံးစွဲရတာတဲ့၊ နိုင်ငံခြားပစ္စည်းတွေဆိုဈေးကြီးလွန်းလို့ မသုံးစွဲနိုင်ပါဘူးတဲ့၊ အဲဒီအခါကျမှ ကျွန်တော်လည်းဘေးပတ်ဝန်းကျင်ကလူတွေကို လေ့လာမိတယ်၊ နိုင်ငံခြားသားပြောတဲ့ အတိုင်း လူကသာ မြန်မာနိုင်ငံသား၊ စားရေး၊ ဝတ်ရေး၊ နေရေး ဆောင်ရွက်တဲ့ ပစ္စည်းတွေကတော့ နိုင်ငံခြားဖြစ်ပစ္စည်းတွေ ဖြစ်နေတာကို တအံ့တသြဖြစ်မိတယ်၊ ကျွန်တော်တို့ဟာ ပြည်တွင်းဖြစ် နိုင်ငံခြားသားတွေ ဖြစ်မှန်းမသိ ဖြစ်နေတာကို သတိထားမိတယ်။ မြန်မာနိုင်ငံသားတွေ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ပစ္စည်းတွေကို ခုံခုံမင်မင်တန်ဖိုးထားသုံးစွဲရင်၊ နိုင်ငံခြားဖြစ်ပစ္စည်းတွေကို လိုအပ်သည်မှ လွဲ၍ သုံးစွဲမယ်ဆိုရင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မယ်လို့ ထင်တယ်ဗျို့လို့ ပြောတယ်။

ကျွန်တော်လည်း သူပြောမှစဉ်းစားမိတယ်။ ကျွန်တော်တို့ နေ့စဉ်နိစ္စဓူဝ ဖြတ်သန်းလျက်ရှိသော သာမန်လူပ်ရှားမှု ဖြစ်စဉ်များကို မြင်ယောင်မိသည် မနက်အိပ်ရာကနိုးဖို့ နိုင်ငံခြားကလာတဲ့ ဖုန်း၊ နာရီတွေမှ နှိုးစက်များဖြင့် မထချင်၊ ထချင် အိပ်ရာကထလာကြသည်။ နိုင်ငံခြားကလာတဲ့ပစ္စည်းများဖြစ်သည့် အမွေးခဲထည့်ထားသည့် အခန်းထဲရှိ အပေါ့ခွက်၊ အလေးခွက်များသို့သွား၍ အပေါ့၊ အလေးစွန့်ကြသည်။ နိုင်ငံခြားကလာသော ကြည့်မှန်လေးကို တစိမ့်စိမ့်ကြည့်ကာ နိုင်ငံခြားမှလာသော သွားတိုက်တံ၊ သွားတိုက်ဆေး၊ မျက်နှာသစ်ဆေးရည်များကို သုံးသည်။ ညကဝတ်ထားသော နိုင်ငံခြားဖြစ်အကျီအဝတ်အစားများကိုချွတ်၍ နိုင်ငံခြားကလာတဲ့ အဝတ်လျှော်စက်ထဲသို့ ထည့်၍ ရေချိုးခန်းအတွင်း ရှိ နိုင်ငံခြားမှ ဝယ်ယူရသော ရေပန်း၊ ရေပေါက်ခေါင်းမှ ကျလာသည့် ရေကို ခွက်ကလေးဖြင့် ရေချိုးမည်။ နိုင်ငံခြားကလာသော ကိုယ်တိုက်ဆပ်ပြာ၊ ဆပ်ပြာရည်များဖြင့် တစ်ကိုယ်လုံး တိုက်ချွတ်မည်၊ ဦးခေါင်းကိုလည်း နိုင်ငံခြားကလာသောခေါင်းလျှော်ရည်ဖြင့် လျှော်မည်။ ပြီးတော့နိုင်ငံခြားက ဝယ်ယူထားသော မျက်နှာသုတ်ပုဝါဖြင့် တစ်ကိုယ်လုံး ခြောက်သွေ့အောင်သုတ်သင်မည်။ လန်းလန်းဆန်းဆန်းဖြစ်သွားသည်နှင့် ရုံးတက် ထမင်းချိုင့်ထည့်ရန် နိုင်ငံခြားဖြစ်ပေါင်းအိုးဖြင့် ထမင်းချက်မည်။ နိုင်ငံခြားက ဝယ်ယူထားသောဝါယာကြိုးဖြင့် သွယ်တန်းထားသောမိုက်ကရိုဝေ့လ်မီးဖိုဖြင့် ဟင်းချက်မည်။ ပြီးတော့ နိုင်ငံခြားကလာသော ချိုင့်လှလှလေးအတွင်း ထည့် မည်။ ကြည့်ပျော်ရှုပျော်ဖြစ်ရန် ဆံပင်များကို နိုင်ငံခြားမှလာသော ဆီမွှေးတစ်မျိုးမျိုးဖြင့် လိမ်းကာ နိုင်ငံခြားမှလာသော ဘီးကလေးဖြင့် ဖီးမည်။ မျက်နှာကိုလည်း နိုင်ငံခြားဖြစ်အလှကုန်ပစ္စည်းတစ်မျိုးမျိုးဖြင့် လိမ်းခြယ်မည်။ နှုတ်ခမ်း၊ မျက်လုံးများ လှပစေရန်အတွက်လည်း နိုင်ငံခြားမှ ပစ္စည်းများဖြင့် ခြယ်သမည်။ ပြီးရင် နိုင်ငံခြားက မှာယူထားသော ယူနီဖောင်းများကိုဝတ်ဆင်ကာ နိုင်ငံခြားကဝယ်ယူထားတဲ့ နာရီကြီးက နံနက်ကိုးနာရီကို ပြနေသဖြင့် ဖယ်ရီကားကြီးကို စီးကာ၊ နိုင်ငံခြားက ပစ္စည်းတွေနဲ့ ဆောက်ထားတဲ့ရုံးခန်းအတွင်းထိုင်ကာ၊ နိုင်ငံခြားက ဝယ်ထားတဲ့ ရေခဲသေတ္တာထဲက အေးမြတဲ့ရေကိုသောက်၊ နိုင်ငံခြားက တင်သွင်းထားတဲ့ အဲယားကွန်းမှ အအေးဓာတ်ကို ခံစား၍၊ နိုင်ငံခြားဖြစ် ကုလားထိုင်တွင် ထိုင်ကာ၊ နိုင်ငံခြားဖြစ်စားပွဲပေါ်မှ နိုင်ငံခြားဖြစ်စက္ကူများပေါ်တွင်၊ နိုင်ငံခြားဖြစ်ကွန်ပျူတာ၊ ပရင်တာများ၊ စကင်နာများ၊ ကော်ပီယာများဖြင့် ထုတ်လုပ်ထားသော စာများကို နိုင်ငံခြားဖြစ် မီးလုံး၊ မီးချောင်းအလင်းရောင်များနှင့် ကြည့်ကာ ရုံးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ပြီးတော့ ညနေ ၅ နာရီခန့်တွင် အချိန်တန်အိမ်ပြန်ကြရသည်။ အိမ်ရောက်တော့ ညနေစာအတွက် ချက်ပြုတ်စားသောက်ကြသည်။ နိုင်ငံခြားဖြစ် ရုပ်ရှင်ဇာတ်လမ်းများ ထုတ်လွှင့်ပေးနေသည့် တီဗွီကို ကြည့်သည်။ နိုင်ငံခြားဖြစ် ညအိပ်အဝတ်အထည်များကို ဝတ်ဆင်ကာ အိပ်ယာဝင်သည်။ ဤသည်မှာ ဝန်ထမ်းတစ်ဦး နေ့စဉ်ဖြတ်သန်းနေကြရသည့် ယေဘူယျအချက်အလက်များဖြစ်သည်။ သားသမီး၊ ဇနီး/ခင်ပွန်း၊ မိဘများရှိသူတွေပို၍ ကျယ် ပြန့်ပေမည်။နိုင်ငံခြားဖြစ် ဆေးဝါးတွေ၊ နိုင်ငံခြားဖြစ်ပစ္စည်းတွေမည်သို့ သုံးစွဲမှန်းမသိ သုံးစွဲနေ၍ မိရိုးဖလာလုပ်ငန်းစဉ်များကဲ့သို့ တွေးထင်လာကြပြီး ပုံမှန်သုံးစွဲနေကြသည်။ တတ်နိုင်သူများကလည်း နိုင်ငံခြားမှ ထုတ်လုပ်သော ကားသစ်ကြီးကို ခြယ်သ၍လိုရာခရီး သွား နိုင်ရန်နိုင်ငံခြားငွေဖြင့်တင်သွင်းထားသော စက်ဆီများကို ထည့်သွင်းကာလိုရာခရီးသို့ သွားနေကြသည်။ ကျွန်တော်တို့နေ့စဉ်ဖြတ်သန်းလျက်ရှိသော ဘဝဖြစ်စဉ်များတွင် နိုင်ငံခြား မှလာသောပစ္စည်းများ၏ ဦးဆောင်မှုဖြင့်လှုပ်ရှားနေကြသည်။ ပြည်တွင်းဖြစ်ပစ္စည်းများသည် နေရာမရသလောက် နီးပါးဖြစ်နေသည်။ အနာဂတ်လူငယ်များသည် ပြည်တွင်းဖြစ်ပစ္စည်းများကို သုံးစွဲရမည်မှန်း မသိတော့မှာ စိုးရိမ်ရသည်။

မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံနှစ်ခု၏ကြားတွင်ရှိနေသဖြင့် စီးပွားရေးအခွင့်အလမ်းတိုးတက်ရန် ပထဝီဝင်အနေအထားကို ပိုင်ဆိုင်ထားသည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။ လက်တွေ့တွင်မူ အဆိုပါအင်အားကြီးနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ ခြယ်လှယ်မှုများကို ရင်နှင့်မဆန့်အောင် ခံစားခဲ့ကြရသည်မှာ ယနေ့အထိပင်ဖြစ် သည်။ မြန်မာ့ထွက်ကုန်ပစ္စည်းများကို ဝယ်ယူရာတွင် အဝီစိထိလက်တစ်ဆုံးနှိုက်ကာ အနိမ့်ဆုံးဈေးဖြင့် ဝယ်ယူကြသည်။ သူတို့၏ထုတ်ကုန်များကိုမူ အာကာသအထိ ဈေးနှုန်းမြင့်ကာ ရောင်းချကြသည်။ စီးပွားရေးဆိုင်ရာမမျှတမှုများကို ခါးကော့အောင် ခံကြရသည်။ ကုန်သွယ်ရေးဆိုင်ရာ တစ်ဖက်စောင်းနင်းဖြစ်မှုများကို ပြည်သူများအားလုံး ကြုံတွေ့နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအဆက်ဆက်သည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရန်ကြိုးစားခဲ့ကြသည်။ သို့သော်ပို့ကုန်ပစ္စည်းအမယ်အနည်းငယ်အပေါ် မှီခိုအားထားလျက်ရှိခြင်း၊ နည်းပညာရရှိမှုနည်းပါး၍ ကုန်ထုတ်စွမ်းအားနိမ့်ကျနေခြင်း၊ ပြည်ပမှလူသုံး၊ အိမ်သုံးပစ္စည်းများအပေါ် ဈေးကွက်လိုအပ်ချက် အားကောင်းနေခြင်း၊ ပို့ကုန်အဖြစ် ကုန်ကြမ်းများသာ အများဆုံးတင် ပို့နေရခြင်း၊ ကုန်ချောထုတ်လုပ်၍ ဖြန့်ချိရန် အားနည်းခဲ့ခြင်း၊ ပြည်တွင်းစက်မှု၊ လက်မှု လုပ်ငန်းများ ဖွံ့ဖြိုးမှုနည်းပါးခြင်း၊ ငွေကြေးလဲလှယ်မှုမတည်ငြိမ်ခြင်း၊ ကုန်သွယ်မှုစနစ်များ မမျှတခြင်း၊ သွင်းကုန်ပိုငွေ ဆက်တိုက်နီးပါးဖြစ်နေခြင်းစသည့် အချက်များကြောင့် တိုးတက်မှု ရှိသင့်သလောက် မဖြစ်ခဲ့သည်ကို တွေ့ရှိရသည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ကြပါသည်။ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော လမ်းကြောင်းမှန်ပေါ် ရောက်ရှိရန် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည်။ အရည်အသွေးပြည့်ဝသော ပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် ပို့ကုန်ဦးဆောင်သော စီးပွားရေးစနစ်ကို အကောင်အထည်ဖော်နေသည်။ ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုမြင့်တင်ရေး၊ ကုန်သွယ်မှု ပညာပေးရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စများရေရှည် ဖွံ့ဖြိုးတိုးတက်ရန် ဦးတည်ဆောင်ရွက်နေပါသည်။ မကြာမီ မြန်မာနိုင်ငံက ထုတ်လုပ်သော အရည်အသွေးမီပစ္စည်းများ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် တွေ့မြင်ကြရမည်ဟု မျှော်လင့်မိပါသည်။

ကျွန်တော်တို့သည် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကိုမက်မောမော ခုံခုံမင်မင် တန်ဖိုးထားသုံးစွဲချင်ပါသည်။ နိုင်ငံခြားကုန်ပစ္စည်းများကို ခြေရာတိုင်းနိုင်သည့် ခေတ်မီအောင်တီထွင်ဆန်းသစ်ထုတ်လုပ်ထားသည့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ရရှိချင်ပါသည်။ ယခင်ကဲ့သို့တန်းဝင်သည့်ရွှေဝါဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ နေရှင်နယ်ဓာတ်ခဲ၊ နေရှင်နယ်ရေဒီယိုများကို တမ်းတမိသည်။ နေမကောင်းဖြစ်တိုင်း ဘီပီအိုင်ဆေးဝါးများကို သတိရမိသည်။ သွားကြားထိုးတံအစ၊ အခြားလူသုံး၊ အိမ်သုံးပစ္စည်းမျိုးစုံကိုနိုင်ငံခြားမှ တင်သွင်းနေမှုများကို မလိုလားပါ။ မြန်မာနိုင်ငံသားပီပီ၊ မြန်မာ့ထုတ်ကုန်ပစ္စည်းများကိုသာ သုံးစွဲချင်ပါသည်။

တစ်ချိန်က ရွှေထီးဆောင်းခဲ့သည်များကို မိန်းမူးသာယာမနေဘဲ မေ့ပျောက်ရန် အချိန်တန်ပါပြီ။ နန်းတော်ရှေ့ဆရာတင်၏ လူချွန်လူကောင်း သီချင်းထဲကလို ခေတ်မီမီကမ္ဘာကြီးကြည့်မြင်ဆိုသည့်အတိုင်း ခေတ်မီတိုးတက်နေသည့် ကမ္ဘာကြီးကိုကြည့်ပါက မြင်တွေ့နိုင်ပါပြီ။ သူတို့ဘာတွေလုပ်၍ ဘယ်လောက်တိုးတက်နေသည်ကို သိရှိရန် အချိန်ကျရောက်ပါပြီ။ သဘာဝအရင်းအမြစ်များအပေါ် အလွန်အမင်းမှီခိုနေခြင်းမှ စွန့်ခွာရန်အချိန် ကျရောက်ပါပြီ။ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ် လျှောက်လှမ်းရန် အချိန်ကျရောက်ပါပြီ။ ပို့ကုန်ဦးဆောင်သော စီးပွားရေးလမ်းကြောင်း ဖောက်ရန် အချိန်တန်ပါပြီ။ ရှင်းလင်းလွယ်ကူသော ကုန်သွယ်ရေးစနစ်များ၊ လွတ်လပ်တည်ငြိမ်သော ကုန်သွယ် ရေးပုံစံများဖော်ဆောင်ရန်အချိန်ရောက်ပါပြီ။ သူ့ကြောင့်ကိုယ့်ကြောင့် လက်ညှိုးထိုးစနစ်များ ကွယ်ပျောက်ရန်အချိန်တန်ပါပြီ။ ကိုယ်စွမ်းကိုယ်စရှိမှုကို ဖော်ထုတ်ရန် အချိန်ရောက်ပါပြီ။

ကျွန်တော်တို့ နေ့စဉ်ဖြတ်သန်းနေရသည့် စားရေးကိစ္စ၊ ဝတ်ရေးကိစ္စ၊ နေရေးကိစ္စများ နှင့် ပတ်သက်၍ လက်လှမ်းမီသလောက် လေ့လာဖြစ်သည်။ ဆန်၊ ငရုတ်၊ ကြက်သွန်၊ ပဲမျိုးစုံတို့ နှင့် ပတ်သက်၍ ဖူလုံပိုလျှံမှုရှိသော်လည်း စားသုံးဆီ၊ စက်ဆီ၊ နို့ဆီများကိုမူ နိုင်ငံခြားမှ နှစ်စဉ်မြောက်များစွာ တင်သွင်းနေရသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင်ကြံစိုက်ပျိုးမှုများပြားစွာ ရှိသော်လည်း မုန့်မျိုးစုံလုပ်ငန်းများတွင် နိုင်ငံခြားမှတင်သွင်းသောသကြားမှ ကောင်းသည်ဖြစ်နေသည်။ ပုဆိုး၊ လုံချည်လုပ်ငန်းများတွင်လည်း နိုင်ငံခြားမှချည်မျိုးစုံကို တင်သွင်းနေသည်။ တည်ဆောက်ရေးလုပ်ငန်းတွင်လည်း ဘိလပ်မြေ၊ သံမျိုးစုံကို ကြောက်စရာကောင်းလောက်အောင်တင်သွင်းနေသည်။ ဤသို့စားရေး၊ ဝတ်ရေး၊ နေရေး အတွက်လိုအပ်သောပစ္စည်းများကို ပြည်တွင်း၌စံချိန်မီမထုတ်လုပ်နိုင်ဘူးလားမေးတော့ သိပ်ထုတ်လုပ်နိုင်တာပေါ့တဲ့။ ဒါပေမဲ့ ဘယ်မှာလဲ အရင်းအနှီး၊ ဘယ်ကနည်းပညာရမှာလဲတဲ့။ ကောင်းရော။ နေရာတကာ အစိုးရက ကူညီပေးမှ အောင်မြင်အောင်လုပ်မည်ကဲ့သို့ ဖြစ်နေပေသည်။ တူရာတူရာလုပ်ငန်းများစုကာ စုပေါင်းဆောင်ရွက်ရန် မေ့နေကြသည်။

လူသားများသည် ပင်ကိုယ်သဘာဝအားဖြင့် အတ္တသမားများဖြစ်ကြသည်။ လောဘ ရမ္မက်လည်းရှိသည်။ လူသားတိုင်းရှိ အတ္တများ၊ လောဘရမ္မက်များကို ထိန်းချုပ်ကန့်သတ်ထားခြင်းထက် လွတ်လပ်စွာလုပ်ကိုင်ခွင့် ပေးခြင်းသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု၍ အချိန်တိုအတွင်း တိုးတက်လာနိုင်သည်။ လုပ်ငန်းရှင်အချင်းချင်းတူရာ ပြိုင်ဘက်များကို အလဲထိုးနိုင်ရန် အချိန်ပြည့်ကြိုးစားနေမည်။ မိမိဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုများကို ချိုသာသော ဈေးနှုန်းများဖြင့် ရောင်းချရန်ကြိုးစားမည်။ ဈေးနှုန်းတူပါက အရည်အသွေးကောင်းအောင်ကြိုးစားမည်။ ထိုသို့ယှဉ်ပြိုင်သဖြင့် စားသုံးသူများစိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်မည်။ ဈေးနှုန်းချိုသာစွာဖြင့် အရည်အသွေးကောင်းမွန်စွာ ကုန်စည် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ ကာမိစေရန် ကြိုးစားလာမည်။ သို့မှသာ ကုန်စည်များထုတ်လုပ်၊ မြန်မြန်စားသုံးသူထံပို့၊ အကျိုးအမြတ်များများရလာမည်။ စက်မှုတော်လှန်ရေးကို လုပ်ငန်းရှင်များသာ ထူထောင်သွားကြသည်။

**စာမျက်နှာ (၂၇)သို့**

# ၂၀၂၀ နွေရာသီ လျှပ်စစ်ဓာတ်အား လိုအပ်ချက် မဂ္ဂါဝပ် ၅၀၀၀ ပြည့်မီရေး ကြိုးပမ်းနေ၏

| မောင်လွင်ပြင် |

မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်မှု အခြေအနေသည် တစ်နိုင်ငံလုံး အတိုင်းအတာအရ ၂၀၁၉ ခုနှစ် နှစ်ကုန်ခါနီးတွင် ရာခိုင်နှုန်း ၅၀ သုံးစွဲနိုင်ပြီဖြစ်သည်။ ၂၀၁၉ ဒီဇင်ဘာလထဲတွင် လျှပ်စစ်ဓာတ်အား ၅၀ ရာခိုင်နှုန်းသုံးစွဲနိုင်ခြင်း အထိမ်းအမှတ်အခမ်းအနားပွဲများကို သက်ဆိုင်ရာဝန်ကြီးဌာနက စီစဉ်ကျင်းပခဲ့သည်။ ဆက်လက်ပြီး တိုးချဲ့သုံးစွဲနိုင်ရေး ရည်မှန်းချက်ပြည့်မီအောင်လည်း ကြိုးပမ်းဆောင်ရွက်နေသည်။ လာမည့် ၂၀၂၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ၇၅ ရာခိုင်နှုန်းသုံးစွဲ နိုင်ရမည်။ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်းသုံးစွဲနိုင်ရမည်ဟု ရည်မှန်းထားသည်။ ယခုလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်လာနေသည်။

ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၌ အမေရိကန်ဒေါ်လာ ၃၅ သန်း ကျော်ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။ ကိုရီးယားသမ္မတနိုင်ငံ MCM Power Co.,Ltd. ကသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး လျှပ်စစ်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းရင်းနှီးမြှုပ်နှံမည်။ စက်ရုံတည်နေရာက ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတောင်ကျေးရွာရှိ ရွှေတောင်ဓာတ်အားပေးစက်ရုံဖြစ်သည်။ စက်ရုံတည်ဆောက်ခြင်းကို IPP(BOT) စနစ်ဖြင့် တည်ဆောက်မည်ဖြစ်ပြီး လျှပ်စစ်မဂ္ဂါဝပ် ၄၀ ထုတ်လုပ်မည်သိရသည်။ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ကိုရီးယားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ယခုလိုပြောသည်။ "လျှပ်စစ်ကဏ္ဍမှာ ယခုနောက်ဆုံးခွင့်ပြုခဲ့တာကတော့ ပြည်မြို့နယ် ရွှေတောင်စက်မှုဇုန်မှာရှိတဲ့ ဂက်စ်တာဝါတိုင်ဖြစ်ပါတယ်။ မဂ္ဂါဝပ် ၄၀ ထုတ်လုပ်မှာဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပါ။ ဆက်လက်ပြီးတော့လည်း လျှပ်စစ်ကဏ္ဍမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဆက်ပြီးတင်ပြဦးမယ့်ပရောဂျက်တွေ ရှိပါသေးတယ်။ ဟောင်ကောင်၊ စင်ကာပူ၊ တရုတ်နိုင်ငံတွေက လျှပ်စစ်နဲ့ပတ်သက်လို့ ရှိပြီးသား တာဘိုင်စက်တွေကို အဆင့်မြင့်စက်တွေနဲ့လဲလှယ်ပြီးတော့မှ လျှပ်စစ်အား ပိုထွက်အောင် ယခင်က မဂ္ဂါဝပ် ၂၀ပဲထွက်တယ်။ သုံးတဲ့လျှပ်စစ်ကုဗပေယူနစ်က ဒီလောက်ပဲ။ ဒါပေမယ့် ယခုစက်သစ်ကြီးတွေ ပြောင်းလဲတပ်ဆင်လိုက် မယ်ဆိုရင် လျှပ်စစ်က နှစ်ဆ/သုံးဆလောက် ပိုထွက်လာမယ်" ဟုဆိုသည်။

နိုင်ငံတော်အစိုးရသည် လက်ရှိတွင် နိုင်ငံတော်ဓာတ်အားသုံးစွဲနိုင်မှု ရည်မှန်းချက် ပြည့်မီရေးလျှပ်စစ်ကဏ္ဍကို အထူးတလည်အားပေးဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ဒီဇင်ဘာလဆန်းပိုင်းကလည်း ရန်ကုန်နှင့်ကျောက်ဖြူမြို့တို့တွင် LNG သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန် ဟောင်ကောင်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်တန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC က ခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)၏ သတင်းထုတ်ပြန်ချက်အရသိရသည်။ ယင်းဟောင်ကောင်၏ ရင်းနှီးမြှုပ်နှံမှုဖြစ်သော LNG စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနပိုင် သာကေတဓာတ်အားပေးစက်ရုံတွင် ဟောင်ကောင် CNTIC V power ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၃၆၃ ဒသမ ၀၇၀ သန်း ရင်းနှီးမြှုပ်နှံပြီး IPP(BOT) စနစ်ဖြင့် မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ် မည်ဖြစ်သည်။ ထို့ပြင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရုံးချိန် ကျေးရွာအုပ်စု ကံတီကွင်း ကွင်းအမှတ် ၄၅၃ နေရာတွင် ဟောင်ကောင် CNTIC Vpower ကုမ္ပဏီကပင် အမေရိကန်ဒေါ်လာ ၁၄၀ ဒသမ ၄၇၀ သန်း ရင်းနှီးမြှုပ်နှံပြီး IPP (BOT) စနစ်ဖြင့် မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်ပြီး ပြန်လည်ရောင်းချရမည်သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ၆၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေး စက်ရုံဖွင့်ပွဲအခမ်းအနားကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ယင်းစက်ရုံ၌ ပြုလုပ်ခဲ့သည်။ ယင်းဖွင့်ပွဲအခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ရန် ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။ ၂၀၁၉ ခုနှစ်၏ ပြီးခဲ့သော နွေရာသီတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ အများဆုံး မဂ္ဂါဝပ် ၃၉၈၀ ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ယခုနှစ် ၂၀၂၀ ပြည့်နှစ်နွေရာသီတွင် တစ်နိုင်ငံလုံးဓာတ်အားလိုအပ်ချက်သည် အမြင့်ဆုံး မဂ္ဂါဝပ် ၅၀၀၀ ခန့်ရှိမည်ဖြစ်သည်။ ထပ်မံလိုအပ်မည့် မဂ္ဂါဝပ် ၁၀၀၀ ကျော်ကို ထပ်မံဖြည့်ဆည်းပေးနိုင်ရေး ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းအသစ်ခုနှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံကိန်းများမှာ မကွေး ၆၆ မဂ္ဂါဝပ်၊ ကျောက်ဖြူ မဂ္ဂါဝပ် ၁၅၀၊ သာကေတ မဂ္ဂါဝပ် ၄၀၀၊ သီလဝါ မဂ္ဂါဝပ်၃၅၀၊ ကျွန်းချောင်း ၂၀ ဒသမ ၅ မဂ္ဂါဝပ်၊ အလုံ ၁၅၁ ဒသမ ၅ မဂ္ဂါဝပ်နှင့် ရွှေတောင် ၂၈ မဂ္ဂါဝပ်တို့ဖြစ်ပြီး စီမံကိန်းခုနှစ်ခုမှ စုစုပေါင်း စက်တပ်ဆင် အင်အား ၁၁၆၆ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဟု ပြောကြားခဲ့သည်။ မကွေး ၆၆ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသည် ၂၀၁၉ ဒီဇင်ဘာ ၁၃ ရက်ကတည်းက တည်ဆောက်ပြီးစီး လည်ပတ်ထုတ်လုပ်နေသည့် စက်ရုံဖြစ်သည်။

လက်ရှိအစိုးရလက်ထက်တွင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ သုံးနှစ်ခွဲတာ ကာလအတွင်း လျှပ်စစ်ဓာတ်အား ၉၀၄ မဂ္ဂါဝပ်၊ ဓာတ်အားမိုင် စုစုပေါင်း ၁၉၆၁၁ မိုင်၊ ဓာတ်အားခွဲရုံ စုစုပေါင်း ၁၂၆၃၅ အမ်ဗွီအေတို့ကို တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။ လက်ရှိအစိုးရ သုံးနှစ်ခွဲကာလအတွင်း မြို့နယ်ပေါင်း ၇၂ မြို့၊ ကျေးရွာပေါင်း ၆၀၃၈ ရွာတို့အား နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားသုံးစွဲနိုင်အောင် ပိုမိုတိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်တွင် လျှပ်စစ်မီးသုံးစွဲနိုင်မှု ၃၄ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၅၀ ဒသမ ၉ ရာခိုင်နှုန်းသုံးစွဲနိုင်သည့် အနေအထားသို့ ရောက်လာပြီ ဖြစ်သည်။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် တစ်နှစ်လျှင် ၁၉ ရာခိုင်နှုန်းခန့် တိုးတက်လိုအပ်နေသည်။ လက်ရှိ အနေအထားအရ တစ်နှစ်မဂ္ဂါဝပ် ၃၀၀ မှ ၅၀၀ ကြားလိုအပ် နေသည့်သဘောဖြစ်သည်။ ယင်းသို့ နှစ်စဉ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ရေတို၊ ရေရှည် အစီအမံများ ချမှတ်ကာ ကြိုတင်စီမံဆောင်ရွက်လျက်ရှိသည်စသည်ဖြင့် ဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်းလည်း သိရသည်။ နိုင်ငံတော်ဓာတ်အားလိုအပ်ချက်ကို နည်းလမ်းစုံဖြင့် ထုတ်လုပ်ဖြည့်ဆည်းလျက်ရှိရာ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းလည်း ပါဝင်သည်။ ရခိုင်ပြည်နယ် မာန်အောင်မြို့တွင် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တစ်ရုံတည်ဆောက်ထားသည်။ ယင်းစက်ရုံဖွင့်ပွဲကို ၂၀၁၉ ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပသည်။ ယင်းစက်ရုံသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီး၍ စက်ရုံဖွင့်လှစ်ခြင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းစက်ရုံကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ POSCO Internationa corporation တို့ ပူးပေါင်းတည်ဆောက်ခြင်းဖြစ်သည်။ နေရောင်ခြည်စွမ်းအင်ကို ဆိုလာပြားများဖြင့် ရယူပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်ရုံဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း အကုန်အကျခံ တည်ဆောက်ခြင်းလည်းဖြစ်သည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် POSCO Internationa corporation မှ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ လူမှုတာဝန်သိ အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း သိရပါကြောင်း တင်ပြလိုက်ရပါသည်။



## မော်လမြိုင် ကုန်စည်ဒိုင်ဖြစ်မြောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင်ကုန်စည်ဒိုင်ဖြစ်မြောက်ရေးအတွက် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ National Enlightenment Institute –NEI တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မော်လမြိုင်ကုန်စည်ဒိုင်ဖြစ်မြောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက်က မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံး၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ယခင်အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ဆွေးနွေးခြင်း၊ သင်းဖွဲ့စည်းမျဉ်းများပြန်လည်ပြင်ဆင်ခြင်း၊ လုပ်ငန်းကော်မတီများဖွဲ့စည်းရန်နှင့်တာဝန် သတ်မှတ်ချက် များပြုလုပ်ရန်၊ မော်လမြိုင်ကုန်စည်ဒိုင်ဖွင့်ပွဲအတွက် ရက်သတ်မှတ်ရန်၊ ဖွင့်ပွဲအတွက် ဖိတ်ကြားရေး၊ အခမ်းအနားစီစဉ်ရေး၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ ဖွင့်ပွဲတွင် ပြခန်းများ ခင်းကျင်းပြသရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ညီနောင်အသင်းဝင်များ၊ NEI မှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မိုးမိုး (မွန်)**

## ပုဂ္ဂလိကပိုင် YBS ယာဉ်လိုင်းများကို ကုမ္ပဏီပိုင်အဖြစ် ထည့်သွင်းသွားမည်



ပုဂ္ဂလိကပိုင် အပါအဝင် အစုအဖွဲ့ပိုင် YBS ယာဉ်လိုင်းများကို အများပိုင်ကုမ္ပဏီအဖြစ် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ သိရသည်။

ထိုကဲ့သို့ အများပိုင်ကုမ္ပဏီအဖြစ် ထည့်သွင်းခြင်းကို လာမည့်မတ် ၃၁ ရက်မှ စတင်ကာ လုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းကဲ့သို့ လုပ်ဆောင်ရခြင်းမှာလည်း ရန်ကုန်မြို့တွင်း ဝန်ဆောင်မှုပေးနေသည့် YBS ယာဉ်လိုင်းများမှာ နှစ်ပိုင်းကွဲနေသည့်အတွက် အများပိုင်ကုမ္ပဏီအဖြစ်သို့ ထည့်သွင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

“ဝန်ကြီးချုပ်ကိုယ်တိုင်က မတ်လ ၃၁ နောက်ဆုံးထားပြီး ကုမ္ပဏီပိုင်ယာဉ်များဖြစ်ရေးကို ဆောင်ရွက်ရမယ်ဆိုတဲ့ လမ်းညွှန်ချက်ပေးထားပါတယ်။ အဲဒါကို အကောင်အထည်ဖော်တာပါ။ ဖြစ်အောင်အကောင်အထည်ဖော်ဖို့အတွက် ကျွန်တော်တို့တွေ နည်းလမ်းပေါင်းစုံစဉ်းစားသွားမှာပါ”ဟု YRTA ၏ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်ကပြောသည်။

ထိုကဲ့သို့ ပြောင်းလဲလုပ်ဆောင်ရာတွင် ထိန်းသိမ်းနိုင်ရန် အခက်အခဲများ ရှိသောကြောင့် မူဝါဒအပိုင်းများနှင့် ပြောင်းလဲထိန်းချုပ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း YRTA လက်အောက်ရှိ ယာဉ်လိုင်းများအနေဖြင့် သတ်မှတ်အချိန်အတွင်းပြေးဆွဲခြင်းကို ရုံးတက်၊ ရုံးဆင်းချိန်တွင်သာ ပြေးဆွဲပြီး အချို့မှာမူ ညနေ ၆ နာရီကျော်သည်နှင့် လမ်းတစ်ဝက်မှဖြတ်ပြေးဆွဲခြင်းများရှိကြောင်း သိရသည်။

**ချောစု**

## ကရင်ပြည်နယ်တွင် အဆင့်မြင့် မော်တာအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်

ကရင်ပြည်နယ်တွင်ဒေသခံလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြည်နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကာ အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်ငါးပတ်ကြာမော်တာအပ်ချုပ်စက်များဖြင့် သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်အတွင်းရှိမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူစုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းတွင် တက္ကသိုလ် ရင်ဖုံးအင်္ကျီ၊ မြန်မာခါးတိုရင်ဖုံးလက်လျှောအင်္ကျီ၊ တစ်ဆက်တည်းလည်ထောင် ရင်စေ့၊ နောက်ကွဲဖြတ်ဆက်၊ ပခုံးပျောက်အင်္ကျီ၊ ကုတ်အင်္ကျီ၊ သတို့သမီးရင်ခံ၊ သတို့သမီးအပေါ်ထပ်၊ ထိုင်မသိမ်း (ပတ်ထမီ) ချုပ်နည်းများကို သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။

**အိအိခိုင် (ကရင်)**

## ဈေးကွက်အေးပြီး ကားအရောင်းအဝယ် ငြိမ်သက်သွားသည် ရန်ကုန်ကားဈေးကွက်



ယခုနှစ်ဆန်းပိုင်း ဇန်နဝါရီလပထမပတ်တွင် ရာထူးအဆင့်သတ်မှတ်ချက်အလိုက် နိုင်ငံ့ဝန်ထမ်းနှင့် ပြည့်သူ့ဝန်ထမ်းများအား ကားတင်သွင်းခွင့်ပြုမည့် ကြေညာချက်ထွက်ပေါ်လာပြီးနောက်ပိုင်း ကားအရောင်းစင်တာများနှင့် ကားပွဲစားတန်းများနေရာအသီးသီးတွင် လာရောက် မေးမြန်းသူ၊ စုံစမ်းသူဝယ်ယူသူများ မရှိသလောက်ရှားသွားပြီး ဈေးကွက် အေးစက်သွားကြောင်း သိရှိရသည်။

ဇန်နဝါရီ ၂ ရက် ရက်စွဲဖြင့် နိုင်ငံ့ဝန်ထမ်း/ ပြည်သူ့ဝန်ထမ်းအဆင့်အလိုက် သတ်မှတ်ချက်၊ ကန့်သတ်ချက်များဖြင့် အခွန်များလျှော့ပေါ့၍ ကားတင်သွင်းခွင့်ပြုမည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ထွက်ပေါ်လာသည့် နောက်ပိုင်းတွင် ရန်ကုန်မြို့တွင် ကားဝယ်ရောင်းနေရာအသီးသီးနှင့်ကားပွဲစားတန်းအချို့မှာ ဈေးကွက်အေးစက်သွားပြီးအရောင်းအဝယ် ယာယီအားဖြင့်ငြိမ်သက်သလိုဖြစ်ပေါ်ကာ စောင့်ကြည့်နေကြကြောင်း ဝါရင့်ဝယ်ရောင်း အကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

လတ်တလောဈေးကွက်ထဲတွင် အထူးသဖြင့် သိန်း ၄၀၀ အထက် ၅၀၀အထက် အမြင့်ကားများအမေးနည်း၊ အဝယ် မရှိဖြစ်သွားပြီးသိန်း ၂၀၀ ဝန်းကျင်ဂျပန်ညာမောင်းကားလေးအချို့သာအချင်းချင်းအလဲအထပ်ပုံစံဖြင့် အရောင်းအဝယ်ရှိပြီး လတ်တလောထုတ်ရောင်းမည့်သူများလာကြောင်း၊ ယခင်ကထက်ဈေးတန်းအရ ၅ သိန်း၊ ၁၀ သိန်းဆင်းပေးသော်လည်း အဝယ်အလွန်နည်းသွားကြောင်း ၎င်းကပြောသည်။

ဆက်လက်၍ ဖြစ်ပေါ်လာနိုင်သည့် ကားဈေးကွက်အခြေအနေအားမေးမြန်းကြည့်ရာ အဆိုပါတန်ဖိုးကြီး ကားပါမစ်များနှင့်နောက်ဆုံးအဆင့်ခွင့်ပြုပေးမည့် သိန်း ၃၀၀ တန် ကားပါမစ်များထွက်ရှိလာသည့် အခြေအနေပေါ် မူတည်၍ ကားဝယ်ရောင်းသမားများ ကား လုပ်ငန်းသမားများ စောင့်ကြည့်ရမည်ဖြစ်ပြီး ယင်းကာလမှာလည်း လုပ်ငန်းစဉ်အဆင့်ဆင့် ဖြတ်သန်းရန် လိုအပ်ကြောင်း ဒုတိယပတ်အတွင်း ဌာနဆိုင်ရာများမှ ပြုလုပ်သော ယာဉ်တင်သွင်းခွင့် အစည်းအဝေးများမှ ကြားသိရပြီး အဆိုပါအခြေအနေများပေါ် မူတည်၍ စောင့်ကြည့်ရမည် ဖြစ်သောကြောင့် လတ်တလော ကားဈေးကွက်အရောင်းအဝယ်ကောင်းမွန်လာရန် မဖြစ်နိုင်သေးကြောင်း ရှင်းလင်းပြောကြားသွားသည်။ **SN**

## ပြည်မြို့မဈေးကြီးအတွင်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေး

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့မစည်ပင်သာယာဈေးကြီး၌ ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ခရိုင်ဦးစီးမှူး၏ လမ်းညွှန်ချက်ဖြင့် ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနစစ်ဆေးရေးအရာရှိတာဝန်ခံ ဦးဆောင်၍ ပြည်မြို့နယ် ထွေ/အုပ်၊ FDA၊ ရဲတပ်ဖွဲ့၊ပြည်သူ့ကျန်းမာ၊ စည်ပင်၊ တိုင်းရင်းဆေး၊ မွေး/ကု၊ ငါးလုပ်ငန်းစသည့် အဖွဲ့ဝင်ဌာနဆိုင်ရာများပါဝင်သော ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးအဖွဲ့သည် ဈေးကွက်အတွင်းရောင်းချနေသော ဟင်းခတ် အချိုမှုန့်၏ အိတ်ခွံပေါ်တွင် ဖော်ပြထားသော အသားတင်အလေးချိန် အမှန်တကယ် ပါဝင်မှုအလေးချိန်တို့ ကိုက်ညီမှုရှိ/ မရှိကို ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသုံးဆီများတွင်လည်း သတ်မှတ် စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသော ထုတ်လုပ်သူလိပ်စာနှင့် ပါဝင်သော အလေးချိန်တို့ကို ဖော်ပြထားခြင်း မရှိသော ဘူးခွံပေါ်တွင်ဖော်ပြထားသည့် အလေး ချိန်နှင့် အမှတ်တကယ်ပါဝင်သည့် အလေးချိန်ကိုက်ညီမှုမရှိသောစားသုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကာ ဟင်းခတ်အချိုမှုန့်နှင့်စားသုံးဆီတို့နှင့်ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက်များကို ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာကော်မတီသို့တင်ပြ၍ စားသုံးသူကာကွယ်ရေး ဥပဒေ(၂၀၁၉)နှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းလှဲ့ဝါ (ပြည်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နွတ်ချ် (၂၀၀၃) | K | ၂၉၅ သိန်း | ၁.၈ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၂။ | ပါဆို (၂၀၀၉) | J | ၁၅၁ သိန်း | ၁.၃ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၃။ | ရက်တစ် (၂၀၁၁) | G | ၂၅၅ သိန်း | ၁.၃ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၄။ | ဗင်းဂတ် (၂၀၀၀) | K | ၄၉၅ သိန်း | ၂.၄ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၅။ | ကလူဂျာ (၂၀၀၃) | H | ၃၇၅ သိန်း | ၂.၄ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၆။ | ဘယ်လ်တာ (၂၀၀၉) | F | ၁၆၈ သိန်း | ၁.၃ ဓါတ်ဆီ ၊ နယ်လိုင်စင် |
| ၇။ | အက်တီယို (၂၀၁၀) | G | ၂၃၅ သိန်း | ၁.၅ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၈။ | စူပါကပ်စတန် (၂၀၀၀) | J | ၂၀၀ သိန်း | ၂.၄ ဒီဇယ် ၊ ရန်ကုန်လိုင်စင် |
| ၉။ | အပ်ကား | - | ၉၅ သိန်း | - |

# ကြံအချောင်းလိုက်တင်ပို့ရောင်းချရန် ယူနန်ပြည်နယ်မှ ကုမ္ပဏီတစ်ခုနှင့် အကြိုသဘောတူညီမှုရရှိ

ကသာခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒု-ခရိုင်ဦးစီးမှူး ဦးကျော်စိန်ဌေးသည် ဇန်နဝါရီ ၃ ရက်တွင် ကသာကြံဇုန် ဥက္ကဋ္ဌ ဦးဖိုးသောင်းနှင့် တွေ့ဆုံဆွေးနွေးရာ ကသာဇုန်တွင် ကြံဈေးကွက် အခြေအနေကြောင့် ကြံအသစ်စိုက်ပျိုးခြင်း နည်းပါးပြီး ကြံလမိုင်း/လမက်ထား၍ စိုက်ပျိုးသော ကြံစိုက်ဧကမှာ ၆၅၀၀ ခန့်သာရှိကာ အသင်းဝင်မဟုတ်သည့်ကြံစိုက်ဧကမှာ ၂၅၀၀၀ ဧကကျော်သာရှိပါကြောင်း၊ ကြံတစ်ဧကကုန်ကျစရိတ်မှာ ကျပ် ၈၀၀၀၀၀ ကျော်ရှိပါကြောင်း၊ ကြံဈေးကွက် အခြေအနေမကောင်းသည့်အတွက် ကြံခင်းများအား လမိုင်း/လမက်အဖြစ် ထားရှိပြီး ကြံစိုက်ခင်း ပြုစုမှုကုန်ကျစရိတ်အနေဖြင့် ကျပ် ၂၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ထီးချိုင့်မြို့နယ်တွင်ရှိသော မောင်းကုန်သကြားစက်မှ ယခုနှစ်တွင် ထီးချိုင့်မြို့နယ်နှင့် ၁၀မိုင်အတွင်း ကြံတစ်တန်ကျပ် ၃၉၀၀၀ နှင့် မိုင် ၄၀ အတွင်း ကျပ် ၄၀၀၀၀ သာ ဝယ်ယူသဖြင့် ကြံခုတ်ခ၊ သယ်ယူခ၊ တင်/ချခ အပါအဝင် ကြံတောင်သူများအနေဖြင့် ကြံတစ်တန်လျှင် ကျပ် ၁၅၀၀၀ သာ ကျန်သည့်အတွက် အကျိုးအမြတ်မရရှိသဖြင့် ကသာကြံဇုန်အနေနှင့် ကြံတောင်သူများ၏ အကျိုးကို ရှေ့ရှု၍ ကြံများရောင်းချနိုင်ရေး နည်းလမ်းရှာဖွေခဲ့ရာ Myanmar Sugar Development M.S.D မှ ဦးဇော်ဝင်းနှင့် ညှိနှိုင်း၍ ကြံချောင်းအတိုင်း တရုတ်ပြည်သို့ ရောင်းချနိုင်ရေး ဈေးကွက်ရှာခဲ့ပြီး ကြံအချောင်းအတိုင်း ရောင်းချနိုင်ရန်အတွက် ကြံအသင်း ကသာဇုန်မှ အသင်းဝင်ဖြစ်ကြောင်း ထောက်ခံချက်၊ ကြံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ကသာဇုန်၏ ဖွဲ့စည်းခွင့်၊ တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်နှင့် ကသာဇုန်ကြံအသင်းအား ဦးစီးဦးဆောင်ဖွဲ့စည်းပေးခဲ့သည့် ဌာနအဖွဲ့အစည်းများ၏ အထောက်အထားများဖြင့် တင်ပြညှိနှိုင်းဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ ကုမ္ပဏီတစ်ခုဖြင့် ချိတ်ဆက်ခဲ့ပြီး ကြံတစ်တန် တရုတ်နိုင်ငံ သကြားစက်အရောက် ၄၃၀ယွမ် မြန်မာငွေယခုငွေလဲနှုန်းဖြင့် ကျပ် ၉၁၀၀၀ ခန့်ဖြင့် အကြိုသဘောတူညီမှုရရှိခဲ့သည်။

ကသာကြံဇုန်မှ လွယ်ဂျယ်မှ တစ်ဆင့် တရုတ်နိုင်ငံ သကြားစက်အရောက် ကားသယ်ခတစ်တန် ကျပ် ၅၀၀၀၀၊ ကြံခုတ်ခ၊ တင်/ချခ၊ အခွန်အခ အပါအဝင် ကုန်ကျစရိတ် ကျပ် ၆၅၀၀၀ ကုန်ကျမည်ဖြစ်ပြီး ကြံတစ်တန်လျှင် အသားတင် ကျပ် ၃၅၀၀၀ ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

လှလှခိုင် (ကသာ)

## ရေနံချောင်းတွင် မြန်မာ-ကိုရီးယား ဖက်စပ်ကုမ္ပဏီက မြေပဲခွံနှင့် လောင်စာတောင့်ထုတ်လုပ်ရန် ဆွေးနွေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရေနံချောင်းစက်မှုဇုန်တွင် မြန်မာ-ကိုရီးယား ဖက်စပ်ကုမ္ပဏီမှ လောင်စာတောင့်ထုတ်လုပ်ရန် ဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက်က ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမာန်ကိုဟောနှင့် စက်မှုဇုန် မှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

မြို့နယ်အတွင်း၌ မြေပဲကို မိုးရာသီတွင် မိုးဦးပင်ထောင်မြေပဲ၊ ပင်ပြန့်မြေပဲ စိုက်ကြပြီး ဩဂုတ်လ၌ နုတ်သိမ်းပြီး သီးထပ်အဖြစ် ဝါဆိုမြေပဲပင်ထောင်နှင့် ဆောင်းပဲကို အလှည့်ကျစိုက်ကြကြောင်း ၎င်းမြေပဲကို ခွဲစက်နှင့်ခွဲ၍ အခွံများရရှိကြောင်း စွန့်ပစ်ကုန်ကြမ်းကနေ ဝင်ငွေရနိုင်သောကြောင့် ဝမ်းသာမိကြောင်း တောင်သူ ဦးသိန်းသန်းက ပြောသည်။

"ကုမ္ပဏီကတော့ ကုန်ကြမ်းရနိုင်မယ်အခြေအနေကို လေ့လာပြီးပြီးလို့ သိရပါတယ်။ ထင်းအစားထိုးလောင်စာတောင်ကို မြေပဲခွံ။ ပဲစင်းငုံရိုးကနေ ထုတ်မယ်လိုသိရပါတယ်" ဟုရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောက ပြောသည်။ **ရွှေစင် (ရေနံချောင်း)**

## ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အပြင် တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့မှုအပေါ် မှတ်တမ်းတင်ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်း ခွန်အများဆုံးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များအား ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညစာစားပွဲ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော ကော့ကရိတ်မြို့နယ်မှ သီးနှံပွဲရုံလုပ်ငန်းရှင်ဦးအောင်သီဟ၊ မြဝတီမြို့နယ်မှ ကူဘိုတာမဲဆောက်မြန်မာ ကုမ္ပဏီလီမိတက်၊ စိန်ရွှေရောင်ပြည့်ကုမ္ပဏီ၊ Success Empire Transportation &General Trading ကုမ္ပဏီ၊ ကေသီ(မြဝတီ) Trading ကုမ္ပဏီလီမိတက်တို့အား လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်ခဲ့သော စိန်ရွှေရောင်ပြည့်ကုမ္ပဏီ၊ Success Empire Transportation & General Trading ကုမ္ပဏီ၊ ယဉ်မင်းစံကုမ္ပဏီ၊ အေးချမ်းအောင် အောင်ပါဝါကုမ္ပဏီ၊ Golden Dragon Mountain ကုမ္ပဏီတို့အားလည်းကောင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**အိအိခိုင် (ကရင်)**

## ဇီးကုန်းမြို့နယ်ရှိ မုန့်ဟင်းခါးဖိုလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် ဇန်နဝါရီ ၈ ရက်တွင် မြို့နယ်တာဝန်ခံဒေါ်တင်တင်ဆွေနှင့် ဝန်ထမ်းများက မုန့်ဟင်းခါးဖိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဆွေးနွေးဟောပြောခဲ့သည်။

မြို့နယ်တာဝန်ခံဒေါ်တင်တင်ဆွေက စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရာ၌ စားသုံးသူအန္တရာယ်ကင်းရှင်းရေး အဓိကထားထုတ်လုပ်ရန်၊ စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၉/၂၀၁၉) ဖြင့် သတ်မှတ်ပြဌာန်းထားပြီးဖြစ်ကြောင်း၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေး၊ သန့်ရှင်းလတ်ဆတ်သော စားသောက်ကုန်များကို ထုတ်လုပ်ရောင်းချရန်လုပ်ငန်းရှင် ရှစ်ဦးအား ရှင်းလင်းဆွေးနွေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**ကြည်အေးဆွေ(သာယာဝတီ)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## ခုနစ်ရက် သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၃-၁-၂၀၂၀ မှ ၁၉-၁-၂၀၂၀ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အမွေရခြင်း၊ ငွေအစုလိုက်အပြုံလိုက်ဝင်ခြင်း၊ ကြံစည်သမျှအောင်မြင်မည့် အချိန်ကာလဖြစ်သည်။ ပညာရေးသိပ်မကောင်းပါ။ ကြိုးစားအားထုတ်မှု လုံလဝီရိယစိုက်မှုများမှ အောင်မြင်မည်။ အိမ်ထောင်ရေး၊ နီးတကျက်ကျက်ဝေးတသက်သက်ဖြစ်နေမည်။ အချစ်ရေးစန်းပွင့်နေမည်။ ကျန်းမာရေး လည်ပင်းနာ၊ ရင်ကျပ်ချောင်းဆိုးရောဂါများ ဖြစ်တတ်သည်။

**ယတြာ။ သစ်သီးများကို ခွဲစိတ်၍ ဘုရားတွင် ကပ်လှူပါ။**




**တနင်္လာသားသမီးများအတွက်** စိတ်စောပြီး အလုပ်အကိုင်များ အလောတကြီး လုပ်ကိုင်တတ်သဖြင့် အမှားအယွင်းများ တတ်မည်။ စိတ်တိုခြင်း၊ ဒေါသကြီးခြင်းများကြောင့် ရန်များတတ်သည်။ ဆန်စပါး၊ လယ်ယာသုံးပစ္စည်း၊ ကုန်သွယ်ခြင်းလုပ်ငန်းများ အကျိုးပေးမည်။ ပညာရေးအချိန်ယူပြီး ကြိုးစားလုပ်ဆောင်ပါ။ အခက်အခဲများကြားမှ အောင်မြင်ပါမည်။ အချစ်ရေးမကောင်းပါ။ အိမ်ထောင်ရေး စိတ်သောကများမည်။ ကျန်းမာရေး အစာအိမ်၊ ဝမ်းဗိုက်နှင့်ပတ်သက်သော ရောဂါများ ဖြစ်တတ်သည်။

**ယတြာ။ လိမ္မော်သီးလှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်မရှိသေးသောသူများ အလုပ်အကိုင်ရရှိမည်။ ခရီးသွားလုပ်ငန်းများ လုပ်ကိုင် ရတတ်သည်။ ငွေကြေးအခက်အခဲများကြားမှ အောင်မြင်မည်။ ပညာရေးကောင်းမည်။ စိတ်ဝင်စားမှုအားကြီးမည်။ အိမ်ထောင်ရေးမကြာခဏ စိတ်အခန့်မသင့်ဖြစ်မည်။ အချစ်ရေး အပြောင်းအလဲရှိတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး အပူရောဂါများ၊ လိပ်ခေါင်းရောဂါများ ဖြစ်တတ်သည်။

**ယတြာ။ မိတ်ဆွေများကို ဖယောင်းတိုင်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရေထွက်ကုန်လုပ်ငန်းများနှင့် ပတ်သက်ပြီး စိတ်အနှောင့်အယှက်ရှိမည်။ နိုင်ငံခြားနှင့် ပတ်သက်သော လုပ်ငန်းများအဆင်ပြေမည်။ လူမှုရေးအောင်မြင်မည်။ ပညာရေးစိတ်ပါဝင်စားမှု အားနည်းနေတတ်သည်။ အချစ်ရေးကံကောင်းမည်။ အိမ်ထောင်ရေးကောင်းသည်။ သားသမီးများကြောင့် အိမ်တွင်းရေး မသာမယာဖြစ်တတ်သည်။ ကျန်းမာရေး နား၊ နှာခေါင်း၊ ဦးခေါင်းပိုင်းနှင့် ပတ်သက်ပြီး ဖြစ်တတ်သည်။ **ယတြာ။ ဘုရားတွင် အုန်းညွန့်လှူဒါန်းပါ။**




**ကြာသပတေးသားသမီးများအတွက်** လျှပ်စစ်နှင့်ပြုလုပ်သော လုပ်ငန်း၊ မီးနှင့်ပြုလုပ်သော လုပ်ငန်းများ အကျိုးပေးမည်။ အလုပ်အကိုင်ကောင်းများ တီထွင်ကြံဆရသော လုပ်ငန်းများမှ အောင်မြင်မှုရတတ်သည်။ ပညာရေးကောင်းမည်။ အောင်မြင်မည်။ အချစ်ရေးမကောင်း၊ ချစ်သူ၏မထေမဲ့မြင်ပြုခြင်းခံရမည်။ အိမ်ထောင်ရေး သိပ်အဆင်မပြေနိုင်ပါ။ ငွေကြေးကြောင့်ကွဲကွာနေရတတ်သည်။ ကျန်းမာရေး လေနှင့်ပတ်သက်သော ရောဂါ၊ အာရုံကြောရောဂါများ ဖြစ်တတ်သည်။

**ယတြာ။ ယပ်တောင်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** အတိုင်ပင်ခံလုပ်ငန်း၊ စီးပွားဆက်သွယ်ရေးလုပ်ငန်း၊ စာရေးကိရိယာရောင်းဝယ်ရေးလုပ်ငန်းများမှ ဝင်ငွေကောင်းမည်။ ထီပေါက်ခြင်း၊ ငွေအစုအပြုံလိုက်ဝင်ခြင်းတို့ဖြစ်မည်။ ပညာရေးဉာဏ်ပညာထက်သောကြောင့် အဆင်ပြေမည်။ ရန်များသော အနေအထားရှိခြင်းကြောင့် အပေါင်းအသင်း ဂရုစိုက်ပါ။ အချစ်ရေးကံကောင်းမည်။ အိမ်ထောင်ဘက်နှင့်ပုံမှန်အတိုင်းရှိမည်။ ကျန်းမာရေး ခါးနာခြင်း၊ ကျောက်ကပ်၊ ဆီးရောဂါများ ဂရုစိုက်ပါ။

**ယတြာ။ ဘုရားခန်းသန့်ရှင်းရေးလုပ်ပါ။**



**စနေသားသမီးများအတွက်** မည်သည့်လုပ်ငန်းမဆိုရန်ပေါများမည်။ စားသောက်ကုန်၊ အထည်ချုပ်လုပ်ငန်းများမှ ဝင်ငွေကောင်းမည်။ ရင်းနှီးမြှုပ်နှံမှုအားမကောင်း၍ လောဘတကြီး အလုပ်လုပ်ခြင်းကိုရှောင်ပါ။ ပညာရေးစိတ်ပါဝင်စားမှုအားနည်းနေမည်။ အချစ်ရေးခဏခဏစကားများရန်ဖြစ်တတ်သည်။ အိမ်ထောင်ရေး နှစ်ဖက်မိဘနှင့် အဆင်မပြေဖြစ်တတ်သည်။ ကျန်းမာရေး ရေချိုးမှားခြင်း၊ ခံတွင်းနှင့်သွားရောဂါများ ဖြစ်ပွားတတ်သည်။**ယတြာ။ ဆားထုတ်များဝယ်ယူပြီး အသိများကိုလှူဒါန်းပါ။**

# လားရှိုးမြို့နယ် စဥ့်အင်ကျေးရွာတွင် နာနတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် အညီ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါဝင်ရောက်ထိုးဖောက်နိုင်ရေးအတွက် သီးနှံအမျိုးအစားအလိုက် အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စဥ့်အင်ကျေးရွာအုပ်စုတွင် နာနတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ အသင်းအဖွဲ့ ဖွဲ့စည်းရာတွင် လားရှိုးမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက အသင်းအဖွဲ့စည်းမျဥ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဖွဲ့စည်းရန် လမ်းညွှန်မှာကြားခဲ့ပြီး ကုန်သွယ်မှုနှင့်ပတ်သက်သည့် လိုအပ်သည့် အကူအညီများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းအသင်းကို အလုပ်အမှုဆောင် ခုနစ်ဦးနှင့် အသင်းဝင် ၂၃၀ ဦး စုစုပေါင်း ၂၃၇ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

နာနတ်သီးအသင်းအဖွဲ့ ဖွဲ့စည်းခြင်းအားဖြင့် နာနတ်သီးစိုက်ပျိုးခြင်းနည်းစနစ်များနှင့် ပတ်သက်၍ ပြည်တွင်း/ပြည်ပသို့ သွားရောက်လေ့လာနိုင်သည့် အခွင့်အရေးများရရှိနိုင်ခြင်း၊ နာနတ်သီးစိုက်ပျိုးရေးသင်တန်းများ တက်ရောက်လေ့လာခွင့်ရရှိနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများမှ ဖြန့်ဝေသော သတင်းအချက်အလက်များနှင့် ညွှန်ကြားချက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိခွင့်ရရှိကာ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် နာနတ်သီးဈေးကွက် အကျိုးအမြတ်ဖြစ်ထွန်း၍ ဈေးကောင်းများရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**ထိန်သာ (လားရှိုး)**

# မြိတ်မြို့ ကြံတောကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် မြိတ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ မြိတ်မြို့၊ ကြံတောရပ်၊ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အသိပညာပေးဟောပြောရာတွင် အခြေခံပညာ မူလတန်းလွန်ကျောင်း(ကြံတောကျောင်း)ရှိ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ဒေါ်မိုးသီသီ (ဦးစီးမှူး)က ဌာနစတင်ဖြစ်ပေါ်လာပုံ ဌာနတွင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ (ဟောပြော၊ ကွင်းဆင်း၊ တိုင်ကြားမှု များလက်ခံဖြေရှင်းပေးနေကြောင်း)၊ ပိုးသတ်ဆေးပါဝင်နေသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများအကြောင်း၊ အစားစာ စားသောက်ရာတွင် သိရှိရမည့်အချက်များအား ပြောကြားခဲ့သည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒေါ်နော်ဇင်မင်းဖြူ(ဒု-ကြီးကြပ်ရေးမှူး)က စားသုံးရန်မသင့် ဓာတုဆိုးဆေးများအကြောင်း၊ ဓာတုတာရှည်ခံဆေးများကြောင်း၊ အစားစာချက်ပြုတ်ရာတွင် လိုအပ်သော အချက်များအကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဒေါ်ကြည်ကြည်ခိုင် (ဒု-ကြီးကြပ်ရေးမှူး)က ဆေးဝါးများအကြောင်း အသေးစိတ်ရှင်းလင်းခဲ့ပြီး အစားအသောက်စားသုံးရာတွင်ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများ၊ စားသုံးရန်မသင့်သော အသားချောင်းများ၊ မုန့်များ ထုတ်လုပ်နေသော ဖြစ်စဥ်များအား ရှင်းလင်းပြီး စားသုံးမိလျှင် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများအား ဟောပြောခဲ့သည်။

အသိပညာပေးဟောပြောရာတွင် ဆရာ၊ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၉၈ ဦး တက်ရောက်ခဲ့ကြသည်။

**ကျော်ဝင်းနိုင်(မြိတ်)**

# တောင်ကြီးမြို့ရှိ လက်လီရောင်းချသူများအသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားအကြောင်း ရှင်းလင်းဆွေးနွေး

စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသား (Labelling) အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို တောင်ကြီးမြို့ ကမ္ဘောဇ ကုန်သွယ်မှု ဗဟိုဌာနအစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၉ ရက်နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လက်လီ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းကြီးက အဖွင့်အမှာစကားပြောကြားခဲ့ရာ၌ ယခုအခမ်းအနား ကျင်းပပြုလုပ်ရခြင်းသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူကာကွယ်ရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသား (Labelling)အကြောင်း အသေအချာသိရှိနားလည်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦးက စားသုံးသူ ကာကွယ်ရေးဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း(၁၈) ပုဒ်မ(၁၄)ပါ ကုန်စည်တွင် ဥပဒေပါကုန်အညွှန်းအမှတ်အသား (Labelling) ပြည့်စုံမှန်ကန်စွာ ထည့်သွင်းဖော်ပြနိုင်ရန်အချက်များ၊ မြန်မာစာဖြင့် ထည့်သွင်းဖော်ပြရန် လိုအပ်သော အချက်အလက်များ၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်အညွှန်းအမှတ်အသား အချက်အလက်များ ထည့်သွင်းပြီးပါက ပြည့်စုံမှု ရှိ/မရှိကို စစ်ဆေး




ပေးစေလိုပါက အခမဲ့ စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာအောင်စိုးမင်းက အမျိုးသားအစားအသောက်ဥပဒေကို ရှင်းလင်းဆွေးနွေးခဲ့အပြီးတွင် မေးမြန်းမှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် စီးပွားရေးလုပ်ငန်းရှင်များ၏ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ချိထားသော နမူနာပစ္စည်းများကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြကာ စားသုံးသူကာကွယ်ရေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ အခမ်းအနားသို့ တောင်ကြီးမြို့ပေါ်မှ လက်လီရောင်းချသူများနှင့် စီးပွားရေး လုပ်ငန်းရှင် ၁၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စောမောင်(တောင်ကြီး)**

# စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ငှက်ပျော



ကေသီအောင် ( DOCA၊ စစ်ကိုင်း )

ငှက်ပျောသီးမှာ ကမ္ဘာ့ကုန်သွယ်ရေးတွင် ပဥ္စမမြောက် အရေးကြီးသော စိုက်ပျိုးရေးထွက်ကုန်တစ်မျိုးဖြစ်သည်။ အာဖရိက အလယ်ပိုင်း၊ အရှေ့နှင့်အနောက်ပိုင်း၊ လက်တင်အမေရိကနှင့် ကယ်ရီဘီးရန်နိုင်ငံများတွင် နေထိုင်သည့် သန်းပေါင်းများစွာသော လူများ၏ အဓိကရိက္ခာသီးနှံတစ်မျိုးဖြစ်သည်။ လွယ်ကူစွာပေါက်ရောက်ဖြစ်ထွန်းနိုင်ပြီး စားသုံးပါက အင်အားပြည့်ဖြိုးမှုနှင့် ဗီတာမင်ဓါတ်များရရှိနိုင်သည်။ ထို့ကြောင့် အခြားသီးနှံများအတွက် အစားထိုးနိုင်သည့် အခြေခံအဟာရသီးနှံဖြစ်သည်။ ငှက်ပျောသီးသည် ဘာသာရေးပွဲများ အခမ်းအနားများတွင် မပါမဖြစ်သော အသီးဖြစ်ရုံမက ဗီတာမင်ဓါတ် ကြွယ်ဝစွာပါရှိသည့်အတွက် လူအများနှစ်သက်စွာ စားသုံးလေ့ရှိသော အသီးတစ်မျိုးဖြစ်သည်။

စစ်ကိုင်းခရိုင်အတွင်းရှိ ငှက်ပျောစိုက်ပျိုးထုတ်လုပ်နေသော တောင်သူများရှိကြပြီး၊ ငှက်ပျောစိုက်ပျိုး ထုတ်လုပ်သူ တောင်သူများ ဖွံ့ဖြိုးတိုးတက်စေရေး ပြည်တွင်းထုတ်ကုန်မှ ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်ဆောင်ရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။ သို့အတွက် လက်ရှိပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်အသစ်ရှာဖွေခြင်း၊ အရည်အသွေးပြည့်မီသော ငှက်ပျောမျိုးကောင်းမျိုးသန့် စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချရန်အတွက် ရိုးရာငှက်ပျောစိုက်ပျိုးရေးနှင့် သိပ္ပံနည်းကျ ငှက်ပျောစိုက်ပျိုးရေးဆီလျော်စွာ ပေါင်းစပ်အသုံးပြုရန် လိုအပ်ပါသည်။ မြန်မာ့ငှက်ပျောများ ကမ္ဘာ့ငှက်ပျောဈေးကွက်တွင် အခြေချနိုင်ရန်မှာ သိပ္ပံအသိများ လိုအပ်လျက်ရှိနေသည်။

စစ်ကိုင်းခရိုင်အတွင်း ငှက်ပျောအများဆုံး စိုက်ပျိုးသည့် တောင်သူများမှာ စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာတွင် အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ငှက်ပျောပင် စိုက်ပျိုးခြင်းသည် စိုက်ပျိုးမှု၊ ထိန်းသိမ်းမှုလွယ်ကူ၍ ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ်များသောကြောင့် စီးပွားရေးတွက်ချေကိုက်သော စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် စစ်ကိုင်းခရိုင်အတွင်း စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များတွင် စတင်စိုက်ပျိုးလျက်ရှိကြပါသည်။ ငှက်ပျောပင်၏ မူရင်းဒေသမှာ အိန္ဒိယ၊ အာရှတိုက်တောင်ပိုင်းတို့မှာဖြစ်ပြီး၊ မျိုးရင်းမှာ Musaceae ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Musa spp ဖြစ်၍ အင်္ဂလိပ်အမည်မှာ Banana ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ စိုက်ပျိုးဖြစ်ထွန်းနေသော ငှက်ပျောမျိုးများမှာ ဖီးကြမ်း၊ ရခိုင်၊ ထောပတ်၊ သီးမွှေး၊ တောင်ငူ၊ ငှက်မွဲ၊ နံ့သာပု၊ သူငယ်စာ၊ ဆင်အံ၊ ရွှေငှက်ပျော၊ ငမောင်စိမ်း၊ ဝက်မလွတ်၊ ကျွဲချို၊ မယ်တော်လက်ညှိုး၊ ရွှေနီ၊ ရွှေစိမ်းစသည်တို့ ဖြစ်ကြသည်။ ယခုအခါ ဒေသခံအချို့က မိမိတို့ အိမ်ခြံ၊ ယာခြံစည်းရိုးများတွင် တပိုင်တနိုင်စိုက်ပျိုးသူများ အများအပြား စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။ ညောင်ပင်ဝန်းကျေးရွာတွင် အများဆုံးစိုက်ပျိုးသော ငှက်ပျောမျိုးမှာ ဖီးကြမ်း၊ သီးမွှေး (ဒေသခေါ် ခွံစိမ်း)၊ ငှက်ပျောမျိုးများ အများဆုံးစိုက်ပျိုးလျက်ရှိသည်။ ငှက်ပျောပင်၏ သက်တမ်းမှာ သုံးနှစ်မှ လေးနှစ်သက်တမ်းရှိပြီး၊ စတင်စိုက်ပျိုးသည့် အချိန်မှစ၍ ခုနစ်လတွင် အဖူးစတင်ထွက်ရှိပါသည်။ အပင်တစ်ပင်လျှင် ငှက်ပျောခိုင်တစ်ခိုင်သာ ထွက်ရှိပြီး တစ်ခိုင်လျှင် ခြောက်ဖီးမှ ရှစ်ဖီးထိ ထွက်ရှိပါသည်။ ငှက်ပျောပင်ကို စနစ်တကျစိုက်ပျိုးပြီး၊ ပုံမှန်ထိန်းသိမ်းပြုစုပေးပါက အကျိုးအမြတ် အများဆုံးရရှိသော စီးပွားဖြစ်စိုက်ပျိုးသင့်သော အပင်တစ်မျိုးဖြစ်သည်။

ငှက်ပျောပင်သည် မိုးရေချိန် လက်မ ၅၀ - ၁၂၀ အတွင်း စိုက်ပျိုးရန်အထူးသင့်လျော်ပါသည်။ ငှက်ပျောပင်သည် မိုးများလွန်းသောဒေသနှင့် အေးလွန်းသောဒေသမှလွဲ၍ နေရာမရွေး စိုက်ပျိုးနိုင်သည်။ မိုးခေါင်ခြင်းကို မနှစ်သက်သော အပင်အမျိုးအစား ဖြစ်သည်။ အလွန်အေးသော တောင်ပေါ်ဒေသနှင့် အလွန်မိုး ခေါင်ရေရှားသော အရပ်ဒေသတို့မှလွဲ၍ ကျန်အရပ်ဒေသများတွင် စိုက်ပျိုးနိုင်ပါသည်။ အပူပိုင်းဒေသဖြစ်လင့်ကစား ရေကောင်းမွန်စွာရရှိပါက စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

ငှက်ပျောပင်သည်ရေဝပ်ခြင်းဒဏ်ကို အတန်အသင့်ခံနိုင်ရည်ရှိသည့် အပင်တစ်မျိုးဖြစ်သည်။ ငှက်ပျောပင်သည် ကျောက်စရစ်ကုန်းမြေမှအပ ရေစီးရေလာကောင်းမွန်သော ရိုးရိုးသဲနုန်းမြေမှစ၍ မြေနီ၊ မြေစေးများ၌ ကောင်းမွန်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ပါသည်။

ငှက်ပျောပင်သည် တစ်ဧကလျှင် အပင် ၉၀၀ ကျော်မှ ၁၀၀၀ ထိ စိုက်ပျိုးနိုင်ပါသည်။ ငှက်ပျောပင်ကို မိုးမကျမီ မေ၊ ဇွန် သို့မဟုတ် မိုးပါးချိန် စက်တင်ဘာ၊ အောက်တိုဘာတွင် စိုက်ပျိုးလျှင် အကောင်းဆုံးဖြစ်သည်။ တစ်နှစ်ပတ်လုံး အချိန်မရွေးစိုက်ပျိုးနိုင်သော်လည်း ဖေဖော်ဝါရီလနှင့် မတ်လကဲ့သို့ ပူပြင်းခြောက်သွေ့သော နွေရာသီများတွင် ရေသွင်းရသည့်အခက်အခဲနှင့် နေအပူရှိန်ကြောင့် အရိပ်စင်ထိုးပေးရသည့် အခက်အခဲများရှိနိုင်သည်။ မိုးများလွန်းသော ဇူလိုင်၊ ဩဂုတ်လများတွင် မြေသားအထူး စွတ်စိုလွန်း သောကြောင့် အပင်ပုတ်ခြင်းများ ဖြစ်ပေါ်နိုင်၍ ဆုံးရှုံးမှုများရှိနိုင်ပါသည်။ အေးလွန်းသောရာသီတွင် စိုက်ပျိုးပါကလည်း အပင်တက်နှေးတက် သည်။ ငှက်ပျောပင်ကို ယေဘုယျအားဖြင့် အစေ့မှ စိုက်ပျိုးလေ့မရှိကြဘဲ အပင်တက်များကို တူးဖော်ကာစိုက်ပျိုးလေ့ရှိသော အပင်တစ်မျိုးဖြစ်ပါသည်။ ငှက်ပျောပင်စိုက်ပျိုးရာတွင် တစ်ပင်နှင့် တစ်ပင် ခြောက်ပေခြား၍ စိုက်ပျိုးရပါသည်။ ငှက်ပျောပင်ကို စိုက်ပျိုးမည်ဆိုပါက ပေါင်းမြက်များကို နှိမ်နင်းခြင်း၊ မြေတောင် မြှောက်ပေးခြင်းများ ပြုလုပ်သင့်သည်။ ပေါင်းမြက်ကို အမြဲတစေ နှိမ်နင်း၍ ငှက်ပျောပင်၏ ပင်ခြေတွင် စုပုံပေးခြင်း၊ လိုသည်ထက်ပို၍ ထွက်လာသော အစို့များကို နှိမ်နင်းပေးခြင်း၊ အရွက်ခြောက်များကို ဖြတ်တောက်ပေးခြင်း၊ မိုးဦးကျအချိန်တွင် ထွန်ယက်နိုင်သော အပိုင်းများ၌ ထွန်ယက်သော နည်းစနစ်ဖြင့် မြေပွလာအောင် ထွန်ယက်ပေးရန် လိုအပ်ပါသည်။ ငှက်ပျောရုံတစ်ရုံလျှင် အစို့တစ်စို့၊ အပင်လတ်တစ်ပင်နှင့် အပင်ကြီးတစ်ပင်ထက်ပို၍ မထားဘဲ အပင်ကြီးမှ အသီးခိုင် ခုတ်ယူပြီးနောက်တွင် ထိုအပင်ကြီးကို ခုတ်ထွင်ရှင်းလင်းပစ်ရသည်။ နွေရာသီကာလများ၌ ငှက်ပျောရုံကို ဝန်းရံလျက် အပင်ခြေမှ နှစ်ပေခွဲခန့်အကွာတွင် မြေဝိုင်းများ တူးဖော်၍ ကောက်ရိုး၊ မြက်ခြောက်စသည်တို့ ဖုံးအုပ်ကာ ရေသွင်း၍ စိုက်ပျိုးပေးရပါသည်။ ငှက်ပျောပင်၏ သဘာဝအားနည်းချက်မှာ နိုက်ထရိုဂျင် ဓာတ်ချို့တဲ့ခြင်းဖြစ်၍ ငှက်ပျောပင်နားကပ်လျက် ပဲပင်တစ်မျိုးမျိုး သီးညှပ်သဘော ပူးတွဲစိုက်ပျိုးသင့်သည်။

စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာနှင့် မြင်းမူမြို့နယ် သပြေသာကျေးရွာမှ ထွက်ရှိသော ငှက်ပျောသီးများကို ပွဲစားများလည်း လာရောက်ဝယ်ယူကြပြီး လက်လီတစ်ဖီး ကျပ် ၁၀၀၀ နှုန်းနှင့် လက်ကားတစ်ဖီး ကျပ် ၈၀၀ နှုန်းဖြင့် လာရောက်ဝယ်ယူကြပြီး ကျေးရွာမှ ရွာသားများကလည်း ထွက်ရှိသော ငှက်ပျောသီးများကို စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်၊ လားရှိုး၊ မိတ္ထီလာစသည့် ဒေသများသို့ ရောင်းချလျက်ရှိသည်။

စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာရှိ ငှက်ပျောစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် အခက်အခဲမရှိပါကြောင်း၊ ဈေးကွက်အနေဖြင့် နိုင်ငံတော်မှ ဈေးကွက်ချဲ့ထွင်ပေးနိုင်မှု၊ ဝယ်လိုအား၊ ရောင်းလိုအားအပေါ်တွင် ရောင်းလိုအားများပြီး၊ ဝယ်လိုအားနည်းနေသောကြောင့် ဈေးကွက်ချဲ့ထွင်ပေးနိုင်လျှင် တောင်သူများအတွက် အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ ငှက်ပျောစိုက်ပျိုး ထုတ်လုပ်ရာတွင် အဓိက ဓာတ်မြေဩဇာကို အသုံးပြုရပါကြောင်း၊ ယခင်က နိုင်ငံတော်က ချပေးသည့် (MPPE) ဓာတ်မြေဩဇာသည် အရည်အသွေးကောင်းမွန်ပြီး သီးနှံအထွက်နှုန်းများလည်း ကောင်းမွန်ခဲ့ပါသည်။ ယခုဆိုလျှင် တရုတ်ဓာတ်မြေဩဇာများကို အသုံးပြုနေရခြင်းဖြစ်၍ အပင်စိုက်ပျိုးရာတွင် အာနိသင်မကောင်းသောကြောင့် အထွက်နှုန်းလည်း လျော့နည်းလျက်ရှိပါကြောင်း၊ ဗီယက်နမ်၊ ဂျာမနီနိုင်ငံများမှ ဝင်ရောက်လာသော ဓာတ်မြေဩဇာများကို ရောင်းချသူများမှ အတုများဖြင့် ရောနှောထားသောကြောင့် တောင်သူများနစ်နာ လျက်ရှိပါကြောင်း၊ တောင်သူများနစ်နာလျှင် နိုင်ငံတော်အနေဖြင့်လည်း နစ်နာနိုင်ပါသောကြောင့် ဓာတ်မြေဩဇာရောင်းချဖြန့်ဖြူးခြင်းကို သေချာစိစစ်ပေးစေလိုပါကြောင်း၊ ယခင်က ထုတ်ပေးခဲ့သည့် (MPPE) ဓာတ်မြေဩဇာရလျှင် တောင်သူများအနေဖြင့် ပို၍အဆင်ပြေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က အရင်းအနှီးအနေဖြင့် ချေးငွေကို အတိုးနှုန်းသက်သက်သာသာဖြင့်ရလျှင် ချေးလိုပါကြောင်း၊ ညောင်ပင်ဝန်းကျေးရွာရှိ ငှက်ပျောစိုက်တောင်သူများကိုယ်စား ညောင်ပင်ဝန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးမိုးနိုင်က အကြံပြု ဆွေးနွေးပြောကြားခဲ့သည်။

သီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းချရာတွင် ငှက်ပျောပင်သည် အရင်းအနှီးနည်းနည်းနှင့် အကျိုးအမြတ်များများရရှိသော အပင်တစ်မျိုးဖြစ်ပါသည်။ ပြည်တွင်းသာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်လျှင် ပို၍ အကျိုးကျေးဇူးများရှိလာနိုင်ပါသည်။

ငှက်ပျောပင်သည်မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းလွယ်သော အပင်မျိုးဖြစ်ပါသည်။ စီမံချက်ချ၍ စိုက်ပျိုးလုပ်ကိုင်မည်ဆိုလျှင် တစ်ဦးချင်း၏ ဝင်ငွေတိုးပွား၍ ကျေးရွာဒေသမှ မြို့နယ်၊ တိုင်းပြည်တစ်ခုလုံး စီးပွားရေးအထောက်အကူပြုလာနိုင်သော အပင်အမျိုးအစားဖြစ်ပါသည်။ ငှက်ပျောပင်သည် ဘာသာရေးပွဲ အခမ်းအနားများတွင်သာမက ကျန်းမာရေးအတွက် အထောက်အကူပြုသောကြောင့် အသုံးတွင်ကျယ်လှသော ငှက်ပျောပင်အား စီးပွားဖြစ်စိုက်ပျိုးသင့်ပါသည်။

ငှက်ပျောသီးသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် အရေးပါသော အရေးကြီးစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်း တစ်မျိုးဖြစ်သည့်အတွက် ငှက်ပျောပင်ကို မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့နယ်ကျေးရွာများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် စီးပွားဖြစ်သီးနှံတစ်မျိုးဖြစ်ပါသည်။ ငှက်ပျောပင် စိုက်ပျိုးခြင်းဖြင့် ဘာသာရေးပွဲများတွင် အသုံးဝင်ခြင်း၊ ကျန်းမာရေးအတွက် အထူးကောင်းမွန်ခြင်း၊ ကုန်ကျစရိတ်နည်းပါးပြီး စီးပွားရေးအရ တွက်ချေကိုက်ခြင်း၊ သက်တမ်းတိုအတွင်း ဝင်ငွေအမြန်ရရှိခြင်းတို့ကြောင့် အသုံးဝင်ကျယ်လှသော ငှက်ပျောပင်ကို တိုးချဲ့စိုက်ပျိုးမည်ဆိုပါက ဒေသ၊ မြို့နယ်၊ တိုင်း၊ နိုင်ငံ၏ စီးပွားရေး တိုးတက်လာမည်ဖြစ်ပါကြောင်းနှင့် စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းကျေးရွာရှိငှက်ပျောစိုက်တောင်သူများအနေဖြင့် အရင်းအနှီးနည်းနည်းနှင့် အကျိုးအမြတ်များများရရှိနေသော ငှက်ပျောပင်အား စိုက်ပျိုးခြင်းဖြင့် စီးပွားဖြစ်ထွန်းလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

■

# မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်းအား အသင်းချုပ်အဖြစ် ပြောင်းလဲရန် ယခုနှစ်အတွင်း လုပ်ဆောင်မည်

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများ အသင်းအား အသင်းချုပ်အဖြစ် ပြောင်းလဲရန်အတွက် ယခုနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်းမှ သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်ရခြင်းမှာ စက်မှုကဏ္ဍအတွက် အရေးပါသည့်အသင်းတစ်သင်းဖြစ်လာစေရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီအသင်းက ပုဂ္ဂလိက စက်မှုကဏ္ဍအတွက် အရေးပါတဲ့အသင်းဖြစ်တဲ့အတွက် လုပ်ငန်းတွေပိုမိုဆောင်ရွက်နိုင်ဖို့ လက်ရှိအသင်းကနေ အသင်းချုပ်ဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားမယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ စက်မှုကခွဲတွေ စုစည်းပြီး အားကောင်းလာနိုင်ဖို့ ဆောင်ရွက်သွားမယ်"ဟု မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်း ဥက္ကဋ္ဌ ဒေါက်တာ အောင်သိန်းက ပြောသည်။

လက်ရှိတွင် အဆိုပါအသင်း၌ အသင်းသားအရေအတွက် ၅၀၀၀ ကျော်ရှိပြီး ပြည်တွင်းမှ စက်မှုထုတ်လုပ်သူများဖြစ်သည့် ပလတ်စတစ်ထုတ်လုပ်သူများ၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်သူများ၊ စားသောက်ကုန်ထုတ်လုပ်သူများနှင့် လူသုံးကုန်ထုတ်လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

အသင်းအနေဖြင့်လည်း သက်တမ်း ၂၅ နှစ်ရှိပြီဖြစ်ကာ သုံးနှစ်တစ် ကြိမ်ကျင်းပသည့် ပွဲတွင်လည်း အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်း၊ မြန်မာနိုင်ငံသုံး ဘားကုဒ် အကောင်အထည်ဖော်ခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးခြင်းနှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စက်မှုဇုန်များတွင် စွမ်းအင် ချွေတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း အဆိုပါအသင်းမှ သိရသည်။

**ချောစု**

# ကြက်၊ ငါး တွဲဖက်မွေးမြူထုတ်လုပ်ခြင်းအတွက် လမ်းညွှန်ချက်များသတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကြက်၊ ငါး တွဲဖက်မွေးမြူ ထုတ်လုပ်ခြင်းအတွက် လမ်းညွှန်ချက်များ သတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မူကြမ်းရေးဆွဲထားသည့် အချက်များအား အတည်ပြုနိုင်ရေးအတွက် ကျင်းပခဲ့ခြင်းဖြစ်သလို ကြက်၊ ငါး မွေးမြူရေးလုပ်ငန်းများ၏ထုတ်လုပ်မှုနှင့် အမြတ်အစွန်း တိုးတက်ရေး၊ မွေးမြူရေးကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးသူများ၏ ကျန်းမာကြံ့ခိုင်ရေး၊ အစားအသောက် ဘေးကင်းလုံခြုံရေးတို့အတွက် လိုက်နာကျင့်သုံးနိုင်မည့် အလေ့အကျင့်ကောင်းများကို ဖော်ထုတ်နိုင်ရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ ကြက်၊ ငါးတွဲဖက်မွေးမြူသူတွေကို အလေ့အကျင့်ကောင်းတွေ လမ်းညွှန်တဲ့အနေနဲ့ မူကြမ်းကိုအတည်ပြုတဲ့သဘောပါ။ ဒီကြားထဲမှာပဲ မူကြမ်းရေးဆွဲတာပါ။ ရိုးရိုးရှင်းရှင်း အချက်ရှစ်ချက်လောက်ကိုပဲ မူကြမ်းအနေနဲ့ ထုတ်ပြန်တာပါ။ အဓိက,ကတော့ စားသုံးသူမှာ ထိခိုက်မှုမရှိအောင် စီးပွားရေးကောင်းအောင် လမ်းညွှန်တဲ့ သဘောပါ။ ဒီလိုတွဲဖက်မွေးရင် ရေဩဇာတက်ဖို့လိုတယ်။ အဲဒါက သဘာဝနည်းနဲ့ မပြင်ရင် မြေဩဇာထည့်ရတာ အဓိကက ငါးရဲ့ကြီးထွားနှုန်းလည်း တိုးအောင်လုပ်တဲ့သဘောပါ။ အဲဒီအခါ အစာကျွေးရတာ နည်းတဲ့အတွက်လည်း တွက်ခြေကိုက်လာမယ်။ အဲဒီအတွက် ဈေးသက်သက်သာသာနဲ့လည်း ရောင်းချနိုင်မယ်။ တိုင်းပြည်အတွက် Food Safety က အရေးကြီးပေမယ့် ကြက်၊ ငါး တွဲမွေးတာကို ရုတ်တရက် ရပ်လိုက်ဖို့က မဖြစ်နိုင်ပါဘူး။ လုပ်ငန်းရှင်တွေဘက်ကလည်း ရင်းနှီးမြှုပ်နှံထားတာတွေရှိတဲ့အတွက် နောက်ပိုင်းအခြေအနေတစ်ခုမှာ ပြောင်းလဲသွားမှာပါ"ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (၁) ဦးကျော်ထင်က ပြောသည်။

ယခင်က ကြက်၊ ငါး တွဲဖက် မွေးမြူရာတွင် အစာမကျွေးဘဲ မွေးမြူသည့်အတွက် ငါးထုတ်လုပ်မှုပိုင်းတွင် ကြန့်ကြာမှုများရှိခဲ့ကြောင်း၊ ယခုအခါ ကြက်ချေးနှင့် အစာကိုတွဲကျွေးသည့်အတွက် ငါးထုတ်ချိန်မြန်လာသလို ကြီးထွားနှုန်းလည်း တိုးတက်ကြောင်း၊ လက်ရှိတွင်လည်း အလုပ်ရုံဆွေးနွေးပွဲမှ အတည်ပြုထုတ်ပြန်လိုက်သော ကြက်၊ ငါးတွဲဖက်မွေးမြူခြင်းအတွက် အလေ့အကျင့်ကောင်းကို မွေးမြူသူများလိုက်နာ ဆောင်ရွက်နိုင်ရန် ယခုနှစ်မှစတင်ကာ တွန်းအားပေး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# MSME Master Plan လာမည့် ဖေဖော်ဝါရီတွင် မိတ်ဆက်မည်

အသေးစားနှင့် အလတ်အစား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရေးဆွဲထားသည့် Master Plan ကို လာမည့် ဖေဖော်ဝါရီလတွင် စတင်မိတ်ဆက်ရန် လုပ်ဆောင်နေကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ သိရသည်။

အဆိုပါမာစတာပလန်မှာ လက်ရှိတွင် အချောသပ်အဆင့်သို့ ရောက်ရှိနေပြီး ပြင်ဆင်မှုများအတွက် စစ်ဆေးနေဆဲဖြစ်ကြောင်းလည်း သိရသည်။

MSME Master Plan ကို အသေးစားငွေကြေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် ငွေကြေးကူညီရေး အဖွဲ့အစည်းများ၊ ဂျာမနီနိုင်ငံမှ FNF အဖွဲ့အစည်းများနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့ပူးပေါင်း ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၀ ပြည့်နှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ အကောင်အထည်ဖော်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"မာစတာပလန်အတွက် အဓိက ကဏ္ဍခုနစ်ခုဖြစ်တဲ့ သင့်တင့်တဲ့ စီးပွားရေးဝန်းကျင်ဖြစ်ပေါ်ဖို့၊ ဘဏ္ဍာငွေရရှိမှု၊ MSME နဲ့ အစိုးရကြား ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးစွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများမြင့်တက်ရန်၊ အခြေခံ အဆောက်အအုံ၊ နည်းပညာနဲ့ တီထွင်ဆန်းသစ်မှု၊ နိုင်ငံတကာနှင့် ဈေးကွက်ရရှိမှုအပေါ် အခြေခံပြီးရေးဆွဲထားတာပါ" စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရက ချေးငွေကျပ် ၃၀ ဘီလီယံ၊ အပေါင်မဲ့ အာမခံစနစ် CGI ဖြင့် ကျပ် ၇ ဒသမ ၃၉၃ ဘီလီယံ၊ JICA မှ ဂျပန်ယန်း ဘီလီယံ ၂၀၊ မြန်မာ့စီးပွားရေးဘဏ်မှ ကျပ် ၂၀၀ ဘီလီယံနှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ်မှ ယူရို ၁၅ ဒသမ ၃ သန်း ထုတ်ချေးထားကြောင်း သိရသည်။

**ချောစု**



# စလစ်ပြန်ထုတ်ပေးထားသည့် ဖောက်စွပ်ယာဉ် သုံးလအတွင်း အစီးရေ ၅၀၀ ကျော်ရှိ

ဖောက်စွပ်ယာဉ်များကို သံရည်ကျိုအပ်နှံစေပြီး ယာဉ်အိုယာဉ်ဟောင်းအပ် အစားထိုးယာဉ် တင်သွင်းခွင့်ပုံစံ 'ဃ' (စလစ်) ပြန်လည်ထုတ်ပေးထားသည့် အစီးရေ သုံးလအတွင်း ၅၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ ဖောက်စွပ်ယာဉ်များကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်ကာ ယာဉ်အိုယာဉ်ဟောင်းအပ် အစားထိုးယာဉ် တင်သွင်းခွင့်ပုံစံ 'ဃ' (စလစ်) ပြန်လည် ထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာလကုန်အထိ စလစ်ထုတ်ပေးထား သည့် ယာဉ်အစီးရေ ၅၀၁ စီးရှိကြောင်း ယင်းဌာန ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်က ဇန်နဝါရီ ၉ ရက်တွင် ပြောသည်။

"ဒီဖောက်စွပ် စာရင်းတွေက အရင်သိမ်းထားတဲ့ ဟာတွေရော၊ အခုသိမ်းထားတဲ့ဟာတွေရော ပါဝင်ပါတယ်။ ဖောက်စွပ် ယာဉ်တွေက မော်တော်ယာဉ်ဥပဒေအရဆိုရင် ခွင့်ပြုချက်ရတာလည်း မဟုတ်ဘူး။ ကြိုတင်ခွင့်ပြုချက်ယူတာလည်း မဟုတ်ဘူး။ အစိတ်ပိုင်း မမှန်မကန် ပြောင်းတာ ဖြစ်တယ်။ မှတ်ပုံတင်မယ့် ယာဉ်တစ်စီးကို ဒီလိုမျိုး အစားထိုးပြီးတော့ လုပ်တာဖြစ်တဲ့အတွက်ကြောင့် မော်တော်ယာဉ်ဥပဒေအရ ဒါ မှတ်ပုံတင်ဖျက်ကိုဖျက်သိမ်းရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်က ပြည်သူရဲ့ နစ်နာချက်တွေကို စာနာထောက်ထားပြီးတော့ အခုလို ဖြေလျှော့ထားခြင်းဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် လက်ရှိအချိန်အထိ မော်တော်ယာဉ် မှတ်ပုံတင်ဖျက်သိမ်းမိန့် ထုတ်ပြန်ပြီး ယာဉ်ပိုင်ရှင်များက လာရောက်အပ်နှံခြင်း မရှိသေးသည့် ယာဉ်ပိုင်ရှင် လက်ဝယ်ရှိ ယာဉ်များ၊ မှတ်ပုံတင်ဖျက်သိမ်းပြီး ရဲစခန်းများနှင့် ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနတို့တွင် ထိန်းသိမ်းထားသည့် ယာဉ်များနှင့် အသစ် ထပ်မံတွေ့ရှိသည့် ယာဉ်များကို စလစ်ထုတ်ပေးထားခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ယခင်က ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပုဒ်မ-၁၈ (င) အရ အစိတ်အပိုင်း မမှန်မကန် ပြောင်းလဲထားသော Body Coach (ဖောက်စွပ်/ဖြတ်ဆက်) ပါရှိသည့် မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းပြီး ရဲစခန်းများသို့ အပ်နှံစေခြင်း၊ မှတ်ပုံတင်မဲ့ ယာဉ်တစ်စီး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကို အသုံးပြု၍ (ဖောက်စွပ်/ဖြတ်ဆက်) ပြုလုပ်ထားခြင်းကြောင့် ဥပဒေနှင့် မညီညွတ်ဟုဆိုကာ တားဆီးထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သော်လည်း လက်ရှိအစိုးရ လက်ထက်တွင် ပြည်သူများ၏ နစ်နာချက်များကို စာနာထောက်ထားသည့်အတွက် ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ယခုကဲ့သို့ ဖြေလျှော့ပေးမှုသည် ယခင်က မှတ်ပုံတင်ဖျက်သိမ်း ဆောင်ရွက်ခဲ့သော ယာဉ်ပိုင်ရှင် ပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများ အထိုက်အလျောက်သက်သာခွင့် ရရှိစေရေး၊ ယာဉ်သိမ်းဆည်းခံရသော ပြည်သူအများစု၏ အစားထိုးယာဉ် တင်သွင်းခွင့် ပုံစံ "ဃ" (စလစ်) ရယူလိုသည့် ဆန္ဒကို ဖြည့်ဆည်းနိုင်ရေး၊ အစိတ်အပိုင်း မမှန်မကန် ပြောင်းလဲထားသော Body Coach (ဖောက်စွပ်/ဖြတ်ဆက်) ယာဉ်များအားလုံး အပြီးတိုင်ဖျက်သိမ်းနိုင်ရေးတို့ကို ရည်ရွယ်ခြင်းဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ဖြေလျှော့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိမြန်မာတစ်ပြည်လုံးတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ် အစီးရေ ၁၁ သိန်းခန့် ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးတွင် အစီးရေ ငါးသိန်းလေးသောင်းကျော်ရှိကြောင်း ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။ **ပန်းဆု**

# ရက်ကန်းနှင့် အသက်မွေးပညာမှသည် အထည်အလိပ်ကဏ္ဍတိုးတက်မှုဆီသို့

ငြိမ်းဝေနှင်း ( ကယား)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသည် ပြည်သူများ၏ လူမှုရေးနှင့်ဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် သတင်းအချက်အလက်များ၊ နည်းပညာများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အစပြုကာ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများကို လည်းဆောင်ရွက်လျက်ရှိသည်။ လူတို့တွင် စားရေး၊ ဝတ်ရေး၊ နေရေးဟူသော အဓိကပြဿနာသုံးရပ်ရှိသည့် အနက်ရိုးရာ ဓလေ့များအရသော်လည်းကောင်း၊ ရာသီဥတုဒဏ်ခံနိုင်ရန် အတွက် သော်လည်းကောင်း အဝတ်အထည်ကိုဝတ်ဆင်လာကြသည်။ ထိုသို့ဝတ်ဆင် နိုင်ရန်အလို့ငှာ ပုံသဏ္ဍာန်များစွာ ချုပ်လုပ်ဝတ်ဆင်လာကြသည်။ ဝါစိုက်ပျိုးခြင်း၊ ချည်ငင်ခြင်း၊ အထည်ရက်ခြင်း၊ အဝတ်အထည်ချုပ်လုပ်ခြင်းနှင့် နောက်ဆုံးအလှအပဆိုင်ရာ (Fashion) လောကအထိပင် (Supply Chain) တစ်လျှောက်သက်ရောက်မှုရှိပါသည်။

မြန်မာနိုင်ငံကထွက်ရှိသော ဝါများအား လက်ရှိတွင် အိန္ဒိယနှင့် တရုတ်နိုင်ငံသို့ တင်သွင်းလျက်ရှိသည်။ အထည်အလိပ်ကဏ္ဍသည်လည်း တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အကျိုးဖြစ်ထွန်းလျက်ရှိသည်။ အမျိုးသားအဆင့် မြန်မာ့အထည်အလိပ်မူဝါဒသည် အမျိုးသားပို့ကုန်မဟာဗျူဟာမှ စတင်ခဲ့သည်။ အမျိုးသား ပို့ကုန်မဟာဗျူဟာတွင် ချည်မျှင်နှင့် အထည်အလိပ်ပို့ကုန်သည်လည်းတစ်ခု အပါအဝင်ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍအနေဖြင့် အများစုမှာ ရိုးရာအထည်များစွာ ရက်လုပ်သော ရက်ကန်းလုပ်ငန်းငယ်များနှင့် အထည်ချုပ်စက်ရုံ ၄၀၀ ခန့်ရှိပါသည်။

အထည်အလိပ်ဆိုင်ရာ ထုတ်လုပ်မှု ကွင်းဆက်(Supply Chain)တွင် ကုန်ကြမ်းမူဝါဒ ဝါမျိုးကောင်းမျိုးသန့်များ ရှိရုံသာမက ပြည်တွင်း၌ နိုင်ငံတကာကို အဆင့်မီသောချည်မျှင်အား ထုတ်လုပ်နိုင်မှသာ ပြည်ပမှ တင်သွင်းမှုကိုလျှော့ချနိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP) ကိုလည်း အထောက်အပံ့ပေးနိုင်မည် ဖြစ်သည်။ အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများထုတ်လုပ်နိုင်ပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည့် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်ခြင်းများ ရှိလာမည်ဖြစ်ပါသည်။

ထုတ်လုပ်မှုကွင်းဆက်တွင် ဝါနှင့်ချည်မျှင်စိုက်ပျိုးရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ချည်မျှင်နှင့်ပတ်သက်၍ (Cotton Policy)ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရက်ကန်းသင်တန်းကျောင်းမှလည်း ရက်ကန်းအတတ် ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။ ၎င်းထုတ်လုပ်မှုအပိုင်းအား ကုန်ကြမ်းမှ ကုန်ချောအထိဖြစ်အောင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုပါကဏ္ဍများကို ချိတ်ဆက် ဆောင်ရွက်ပါက ထုတ်လုပ်မှုပိုမိုတိုးတက်လာပြီး နိုင်ငံတကာတွင် မြန်မာ့ဝါ၊ မြန်မာ့ချည်မျှင်၊ မြန်မာ့ရက်ကန်း၊ မြန်မာ့အထည်အလိပ်ဟု ခေါ်တွင်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာနှင့်ချိတ်ဆက်၍ ဈေးကွက်ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ရာတွင် ကုန်အညွှန်းအမှတ်အသား၊ ကုန်အမှတ်တံဆိပ်ဆိုင်ရာများ၊ ဉာဏပစ္စည်းမူပိုင်ခွင့်၊ ပင်ရင်းနိုင်ငံ စည်းမျဉ်း၊ ပထဝီဒေသထွက်ကုန်ဆိုင်ရာ အညွှန်းအမှတ်တံဆိပ်ကိစ္စရပ်များလည်း ပါဝင်လာမည်ဖြစ်သည်။ ရက်ကန်းသင်တန်းကျောင်းများတွင်လည်း တိုင်းဒေသကြီး၊ပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ရိုးရာ အဝတ်အထည် ဒီဇိုင်းများ မပပျောက်စေရန်၊ မြန်မာ့ရိုးရာရက်ကန်းပညာများ မတိမ်ကော မပပျောက်စေရေး ထိန်းသိမ်းရန်၊ မိသားစု တစ်နိုင်တစ်ပိုင် လုပ်ငန်းငယ်လေးများ ပေါ်ထွန်းလာစေရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ အမျိုးသမီးငယ်လေးများ အသက်မွေးဝမ်းကျောင်း အတတ်ပညာ ရရှိလာစေရန်၊ ခေတ်မီနည်းစနစ်များ၊ ပစ္စည်းကိရိယာများကို အသုံးပြု၍ ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းလာစေရေး ပြုစုပျိုးထောင်ပေးရန်၊ ရက်ကန်းအတတ်ပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်ဟူသော ဆောင်ပုဒ်များနှင့်အညီ ရိုးရာရက်ကန်းပညာများကို ခေတ်မီရက်ကန်းပညာရပ်များနှင့် ပေါင်းစပ်၍ မြန်မာ့လက်ရက်ကန်း လောကတိုးတက်အောင်မြင်နိုင်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အခြေခံလက်ရက်ကန်း ခြောက်လသင်တန်းအတွက် အရည်အချင်းသတ်မှတ်ချက်မှာ အနိမ့်ဆုံးအခြေခံပညာမူလတန်းအောင်မြင်ပြီးသူဖြစ်ပြီး အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။ အခြေခံလက်ရက်ကန်း ခြောက်လသင်တန်း၌ လက်ရက်ကန်းဘာသာ၊ အထည်ဒီဇိုင်းဘာသာ၊ အထည်သင်္ချာဘာသာ၊ အဖြူချွတ်ဆေးဘာသာနှင့် လက်ချည်မျှင်ဆွဲနှင့် ရိုးရာဂျပ်ခုတ်ဘာသာတို့ကို သင်ကြားပေးလျက်ရှိသည်။ ၎င်းတို့ကို ဘာသာရပ်အလိုက် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပါသည်။

ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူတစ်နှစ်သင်တန်းအတွက် အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအောင်မြင်သူဖြစ်ပြီး အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်းအိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူတစ်နှစ် သင်တန်းတွင် Power Loom စက်ရက်ကန်း သဘောတရားဘာသာ၊Textile Maths အထည်တန်ဖိုးတွက် အထည်သင်္ချာဘာသာ၊ Spinning စက်ချည်မျှင်ဆွဲဘာသာ၊ Textile Design အထည်တည်ဆောက်ပုံဒီဇိုင်းဘာသာ၊ Hand Loom လက်ရက်ကန်းဘာသာ၊ Bleashing and Dying အဖြူချွတ်ဆေးဘာသာနှင့် Raw Material and Fibers အမျှင်ကုန်ကြမ်းဘာသာတို့ကို သင်ကြားပေးသည်။

၎င်းဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိပါသည်။ အထူးသဖြင့် စက်ချည်မျှင်ဆွဲဘာသာရပ်အတွက် လက်တွေ့လုပ်ဆောင်ချက်ကို သင်တန်းနှစ်မကုန်ဆုံးမီ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများသို့ နိုင်ငံတော်စရိတ်ဖြင့် စရိတ်ငြိမ်းလေ့လာ ရေးလက်တွေ့သင်တန်းတစ်လ အဖြစ်ပို့ဆောင်ပေးပါသည်။ ၎င်းအပြင်သဘာဝသစ်သီး၊ သစ်ရွက်၊သစ်ခေါက်၊ သစ်ပွင့်များဖြင့် သဘာဝဆိုးဆေးရောင်းထုတ်လုပ်ခြင်းများကို သင်ကြားပို့ချပေးသည့်အတွက် သင်တန်းတက်ရောက်သူများအတွက် များစွာအထောက်အကူပြုပါသည်။

ယခုမျက်မှောက်ခေတ်တွင် နိုင်ငံခြားတိုင်းပြည်မှ ဧည့်သည်များဝင်ရောက်မှုများပြားလာသဖြင့် သဘာဝဆိုးဆေးများဖြင့် ရက်လုပ်ထားသော အထည်အလိပ်များကို ဈေးကောင်းပေး၍ ဝယ်ယူခြင်း၊ သဘာဝဆေးဆိုးနည်းများကို မကြာခဏလာရောက် လေ့လာမှုများရှိသဖြင့် ရက်ကန်းလုပ်ငန်း၊ချည်ထည်လုပ်ငန်း လုပ်ကိုင်လျက်ရှိသူတို့အနေဖြင့် အခွင့်အရေး တစ်ရပ်ပင်ဖြစ်ပါသည်။ သက်ဆိုင်ရာဌာနများကလည်း တိုင်းဒေသကြီး၊ ပြည်နယ်တွင်းရှိ လုပ်ငန်းများကို ချေးငွေများချေးပေးခြင်း၊ နည်းပညာများဖြန့်ဖြူးပေးခြင်း၊ ထုတ်လုပ်နိုင်စွမ်းမြင့်မားပြီး ဈေးကွက်ရှာဖွေနိုင်စွမ်းလည်း တိုးတက်လာစေရန် ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်အကိုင် နေရာများ ဖန်တီးပေးနိုင်သော အောင်မြင်လာမည့် အထည်အလိပ်ကဏ္ဍတစ်ခု ဖော်ဆောင်နိုင်ရန်လည်း ရက်ကန်းအသင်းအဖွဲ့များဖွဲ့စည်းနိုင်ရေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့မှ ပူး ပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အထည်အလိပ်ကဏ္ဍတိုးတက်ရန် ဆေးဆိုးပန်းရိုက်လုပ်ငန်းများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်ရန်စွန့်ပစ်ရေဆိုးကဏ္ဍသည်လည်း အရေးပါသည့် အခန်း ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ အထည်အလိပ်ကဏ္ဍမှ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးတက်ရေး၊ တည်ငြိမ်သော စီးပွားရေးကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင်မြင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။

■

---

**စာမျက်နှာ (၂၀) မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူအားပေးသုံးစွဲပါ . . . မှအဆက်**

မိမိထုတ်လုပ်သော ကုန်စည်ဝန်ဆောင်မှုအများအပြားကို ပြည်တွင်း၌ ဖူလုံပါက ပြည်ပဈေးကွက်ချဲ့ထွင်ရန် ကြိုးစားကြရသည်။ အစိုးရကဝင်ရောက်စွက်ဖက်ရန်မလိုပါ။ လုပ်ငန်းရှင်များကသာ ဆောင်ရွက်သွားကြသည်။ ပြည်ပမှရင်းနှီးမြှုပ်နှံသူများဝင် ရောက်လာပါကလည်း အစိုးရမှ ပြည်တွင်းလုပ်ငန်းရှင်များကို ကာကွယ်ပေးရန်မလိုပေ။ ပြည်ပအစိုးရမှ ရင်းနှီးမြှုပ်နှံသော အင်အားကြီးအဖွဲ့အစည်းများကို ယှဉ်ပြိုင်နိုင်ရန် ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းရှင်အချင်းချင်း စုပေါင်းဖွဲ့စည်းမှုဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ကြိုးစားသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် အချင်းချင်းယှဉ်ပြိုင်မှု၊ ပြည်ပနှင့်ပြည်တွင်းယှဉ်ပြိုင်မှုများမှ ယနေ့ခေတ်တိုးတက်ဖွံ့ဖြိုးသော ဥရောပနိုင်ငံများကို မြင်တွေ့နေရခြင်းဖြစ်သည်။

ဤတွင်အစိုးရက ဆောင်ရွက်ရမည့်လုပ်ငန်းများလည်း ရှိသေးသည်။ အခွန်အခများ စနစ်တကျ ကောက်ယူ၍ ပညာရေး၊ လျှပ်စစ်၊ ကျန်းမာရေး၊ လမ်းတံတား၊ တရားဥပဒေစိုးမိုးရေးစသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရသည်။ ဤလေစစ်ဖဲယားစီးပွားရေးမူဝါဒများ ကျင့်သုံးပြီးနောက်ပိုင်းတွင် စားသုံးသူများသည် အရည်အသွေးမြင့်မားသော ကုန်စည်၊ ဝန်ဆောင်မှုများကို ဈေးနှုန်းချိုသာစွာဖြင့် ရယူသုံးစွဲလာနိုင် သည်။ လုပ်ငန်းကြီးများပေါ်ပေါက်လာသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာသည်။ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေများမြင့်မားလာသည်။ အခွန်အခများပိုမိုရရှိလာသဖြင့် လူနေမှုအဆင့်အတန်းများတိုးတက်လာခြင်းများက သက်သေထူလျက်ရှိသည်။ လက်ရှိကမ္ဘာပေါ်ရှိ နာမည်ကြီးအမှတ်တံဆိပ်များဖြင့် ကုန်စည်၊ ဝန်ဆောင်မှု လုပ်ငန်းကြီးများသည် ဈေးကွက်စမ်းသပ်သည့်သဘောဖြင့် ပြည်တွင်းစားသုံးသူများအကြိုက် ထုတ်လုပ်ဆောင်ရွက်ရင်းဖြင့် ပြည်တွင်းစားသုံးသူများလက်ခံမှု၊ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းမှု၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိပါမှ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရင်း အောင်မြင်မှုရရှိလာခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့နိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားများ၏ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စအဝဝကို ဖြတ်သန်းရာ၌ မိတ်အင်ဘာညာဆိုသော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများ နေရာတွင် မိတ်အင်မြန်မာဟူသော စာတမ်းလေးဝင့်ဝင့်ထည်ထည် ရေးသားပါရှိသော ကုန်စည်၊ ဝန်ဆောင်မှုများနှင့်အစားထိုးသုံးစွဲချင်ပါသည်။ နိုင်ငံခြားမှ တင် သွင်းသောပစ္စည်းများထက်အရည်အသွေးသာလွန်ကောင်းမွန်သော စစ်မှန်သော ပြည်တွင်းထုတ်ကုန်စည်၊ ဝန်ဆောင်မှုများကို ရယူလိုပါသည်။ စားသုံးသူများ ဘေးဥပဒ် အန္တရာယ် ကင်းရှင်းသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိသော ဘေးကင်းသည့် ပြည်တွင်းထုတ်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲချင်ပါသည်။ မိတ်အင်မြန်မာဟုရေးသားထားသည့်စာတမ်းလေးပါသည့် ပစ္စည်းလေးများ နိုင်ငံတကာ ဈေးကွက်တွင် မျက်နှာပန်းလှစွာ နေရာယူထားသည်ကိုတွေ့ချင်မြင်ချင်ပါသည်။ လုပ်ငန်းရှင်များက ထုတ်လုပ်ပေးကြပါရန် မျှော်လင့်ပါသည်။ စားသုံးသူပြည်သူများကလည်း အရည်အသွေးရော၊ အရည်အချင်းပါပြည့်စုံစွာထုတ်လုပ်ထားသည့်ပြည်တွင်းကုန်စည်၊ ဝန်ဆောင်မှုများကို ဂုဏ်ယူစွာ အစားထိုးသုံးစွဲခြင်းဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုကြပါရန် တိုက်တွန်းအပ်ပါသည်။

■

# စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် တောင်ငူခရိုင်အတွင်း စပါးဝယ်ယူရေး တင်ဒါအောင်မြင်သူများ စပါးဝယ်ယူမှုကို စစ်ဆေးကြပ်မတ်

လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် ပဲခူးတိုင်းဒေသကြီး စပါးဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက တောင်ငူမြို့နယ်တွင် စပါးဝယ်ယူရေး တင်ဒါ အောင်မြင်သည့် တောင်ငူမြို့ ရွှေဟသာ ဘုရားလမ်းနေ ဦးရဲဝင်း၏ အေးမေတ္တာဆန်စက်သို့ သွားရောက်ပြီး စပါးဝယ်ယူမှုကို ကြပ်မတ်စစ်ဆေးခဲ့သည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် နံနက် ၁၁ နာရီတွင် အုတ်တွင်းမြို့နယ်တွင် စပါးဝယ်ယူရေး တင်ဒါအောင်မြင်သည့် အုတ်တွင်းမြို့၊ ကြက်သွန်ခင်း (၂) ရပ်ကွက်နေ ဒေါက်တာသူလွင်ထွန်း၏ ကြယ်နီဆန်စက်သို့လည်းကောင်း သွားရောက်၍ တောင်သူလယ်သမားများထံမှ စပါးဝယ်ယူနေမှုများကို ကြပ်မတ်စစ်ဆေးကြောင်း သိရသည်။

**စောသန်းထိုက်ကျော်**

## ဘားအံမြို့နယ် ကော့မှူးတာကျေးရွာ အမကနှင့် ကော့မလောက်ကျေးရွာတို့၌ စားသုံးသူအကာကွယ်ပေးရေး အသိပညာပေး ဟောပြော

ကရင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်ဆုဝေနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၉ ရက်တွင် ဘားအံမြို့နယ် ကော့မှူးတာကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကော့မလောက်ကျေးရွာတို့၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲများကို ဇန်နဝါရီ ၁၀ရက် နံနက် ၁၀ နာရီတွင် အ. မ. က(ကော့မှူးတာ) ကျောင်းတွင်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ကော့မှူးတာကျေးရွာ ဒေသခံပြည်သူများအားလည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ကော့မလောက် ကျေးရွာဒေသခံပြည်သူများအားလည်းကောင်း စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

အခမ်းအနားတွင် ဦးစီးအရာရှိ ဒေါ်ချစ်ဆုဝေက စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲဆောင်ရွက်ရသည့် အကြောင်းအရာများနှင့် ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဟောပြောဆွေးနွေးသည်။ ထို့နောက် ရုံးအုပ် ဦးတင်ဝင်းက ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် အသိပညာပေး ဟောပြောပြီး ဒေါ်ခင်ကြည်(အကြီးတန်းစာရေး) က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များ၊ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ချက်များ၊ ဥပဒေပါ ပြစ်မှုနှင့်ပြစ်ဒဏ်များ ဟောပြောဆွေးနွေးသည်။ ယင်းနောက် စားသောက်ကုန်ထုတ်လုပ်မှုများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို သုံးစွဲရာတွင် ရှောင်ရန်/ဆောင်ရန်တို့ကို သတိထားဆောင်ရွက်တတ်ရန်၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို မြန်မာဘာသာနှင့် အခြားဘာသာဖြင့်ဖော်ပြမည့်အကြောင်းအရာများအား ရှင်းလင်းပြီး မှတ်သားနိုင်ရန် လက်ကမ်းစာစောင်များ ပေးခဲ့သည်။

အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပြီးနောက် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသည့် မုန့်များအား စစ်ဆေးခြင်းနှင့် ဈေးသည်များအား အသိပညာပေးခြင်းတို့ပြုလုပ်ကာ စားသုံးသူအကာအကွယ်ပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ခင်ကြည် (ကရင်)**

## ချမ်းအေးသာစံမြို့နယ်ရှိ အမက(၂၉)နှင့် အလက(၁၀)တို့တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး၊ ကျောင်းမုန့်ဈေးတန်း စစ်ဆေး

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ အ. မ. က(၂၉) နှင့် အ. လ. က(၁၀)တို့တွင်စားသုံးသူကာကွယ်ရေးအသိပညာပေး ဆွေးနွေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဇန်နဝါရီ ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ အ. မ. က(၂၉) ၌ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသက်ထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဦးစီးမှူး ဦးတင်ချစ်ကောင်းက စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပါ စားသုံးသူကာကွယ်ရေး၏ လုပ်ငန်းစဉ်များအကြောင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များ လိုက်နာမှုမရှိပါက ချမှတ်နိုင်သည့် စီမံခန့်ခွဲရေး ပြစ်ဒဏ်၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း အသေးစိတ်အကျယ်တဝင့် ဟောပြော ဆွေးနွေးခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ထက်ထက်ကျော်က ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ ဇန်နဝါရီ ၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိအ. လ. က(၁၀) ၌ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်သီတာဟိန်းတို့က ဟောပြောဆွေးနွေးခြင်း၊ ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သီတာဝင်း (စားသုံးသူ၊ မန္တလေး)**



## ယင်းမာပင်မြို့နယ် ကျောက်မော်ကျေးရွာ အထက၌ စားသုံးသူကာကွယ်ပေးရေး ပညာပေးဟောပြောပွဲနှင့် ကျောင်းဈေး၊ ကျေးရွာဈေးများ ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့နှင့် မြို့နယ်တာဝန်ခံများဖြစ်ကြသော ဒေါ်သီတာခိုင်၊ ဒေါ်မိုးမိုးမြင့်၊ ဒေါ်ယဉ်ယဉ်ဝင်းတို့သည် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ယင်းမာပင်မြို့နယ်၊ ကျောက်မော်ကျေးရွာ၊ အ. ထ. ကကျောင်းတွင် စားသုံးသူကာကွယ်ပေးရေး ပညာပေးဟောပြောပြီး ကျောင်းမုန့်ဈေးတန်းများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့က စားသုံးသူအခွင့်အရေး (၈)ချက်နှင့် အခန်း(၁၈) ကုန်အညွှန်းအမှတ်အသားများအကြောင်း ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးသန်းဌေးက ကျောင်းသားနှင့် လူငယ်စာဖတ်ချိန်မြင့်မားစေရေးအကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စားသုံးသူရေးရာအသင်းအဖွဲ့များ၊ ထွေ/အုပ်၊ စည်ပင်၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့၊ ပြန်/ဆက်တို့နှင့် ပူးပေါင်း၍ ကျေးရွာအတွင်းရှိကုန်မျိုးစုံဆိုင်များအားသက်တမ်းလွန်၊ မှိုတက်၊ FDA အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့် ကြော်ငြာထားသည်များ ရောင်းချခြင်းရှိ/မရှိစစ်ဆေး ခြင်း၊ အခန်း(၁၈)ပါ အချက်အလက်များအားရှင်းလင်း ပြောကြားခြင်းများ၊ သတိပေး၊ တားမြစ်ခြင်းများဆောင်ရွက်ပြီး ပညာပေး လက်ကမ်း စာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ခိုင်မို့မို့ (မြင်းမူ)**

## ဒလမြို့နယ် အောင်ဇေယျဈေး၌ စားသုံးသူကာကွယ်ရေးအသိပညာပေး

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်းရှိစားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးချိုးဖောက်မှု မရှိစေရန်နှင့်ဘေးအန္တရာယ်ကင်းရှင်းစေရန် ရေးဆွဲဖော်ပြထားသော စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) အခန်း (၁၈) ပါကုန်ညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ဒလမြို့နယ်အတွင်းရှိကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ သိရှိ လိုက်နာစေရန်အတွက် အသိပညာပေးဟောပြောပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ဒလမြို့နယ် အောင်ဇေယျဈေးရှိ ဈေးတာဝန်ခံရုံး၌ ကျင်းပရာ စားသုံးသူရေးရာဦးစီးဌာန၊ ဒလမြို့နယ်တာဝန်ခံ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းမင်းနှင့် အောင်ဇေယျဈေးတာဝန်ခံ ဦးအောင်သွင်ဦးတို့က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

စားသုံးသူရေးရာဦးစီးဌာန ဒလမြို့နယ်တာဝန်ခံ ဦးသိန်းမင်းက စားသုံးသူကာကွယ်ရေးဥပဒေကို ရှင်းလင်းခြင်း၊ စားသုံးသူကာကွယ်ရေးဥပဒေအခန်း (၁၈) ပါ ကုန်ညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ (CICC) ရုံးများသို့ တိုင်တန်းနိုင်မှုများအား စေ့စပ် ညှိနှိုင်းဖြေရှင်းပေးခဲ့မှု အခြေအနေတို့ကိုလည်းကောင်း၊ အောင်ဇေယျဈေးတာဝန်ခံ ဦးအောင်သွင်ဦးက စားသုံးသူ ကာကွယ်ရေး ဥပဒေ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ကုန်ပစ္စည်းများကိုသာ ဈေးကွက်အတွင်းရောင်းချရန်နှင့် စားသုံးသူကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက်များအား လေးစားလိုက်နာရန် လိုအပ်ကြောင်း ဆွေးနွေးရာဈေးအတွင်း ဖြန့်ဖြူးရောင်းချနေသူ လုပ်ငန်းရှင် ၁၇ ဦး တက်ရောက်ခဲ့သည်။

တက်ရောက်လာသော လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ဒလမြို့နယ်တာဝန်ခံပြီး ပြန်လည်ဆွေးနွေးခဲ့ပြီး အောင်ဇေယျဈေးအတွင်းရှိ ဈေးဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် ကွင်းဆင်းပညာပေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းနိုင်**

## မအူပင်မြို့နယ် ပြည့်ဖြိုးကြွယ်ဆန်စက်တွင် အခြေခံစပါးဈေးငါးသိန်းဖြင့် ဝယ်ယူထားရှိမှုအား ဒုတိယညွှန်ကြားရေးမှူးချုပ် ကွင်းဆင်းစစ်ဆေး




မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ စပါးဆန်ဝယ်ယူရေး လုပ်ငန်း ကြီးကြပ်မှုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မအူပင်ခရိုင်အတွက် တင်ဒါအောင်မြင်သူ ဆန်ကုန်သည် ဦးကျော်ကျော်လင်းသည် ဒီဇင်ဘာ ၃၁ ရက် မှ စတင်၍ စပါး၊ ဆန်ဝယ်ယူရေး လုပ်ငန်းများကို ပြည့်ဖြိုးကြွယ် ဆန်စက်တွင် ဆိုင်းဘုတ်တင် ဝယ်ယူလျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးအောင်၊ မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးဇော်မင်းနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် အခြေခံစပါး ဈေးငါးသိန်းဖြင့် ဝယ်ယူလျက်ရှိသော ပြည့်ဖြိုးကြွယ်ဆန်စက်သို့ သွားရောက်ကွင်းဆင်းစစ်ဆေး ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးမှုတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက အခြေခံစပါးဈေးငါးသိန်းနှင့် ဝယ်ယူမှုတွင် တောင်သူများအတွက် တွက်ခြေကိုက်မှုရှိ/မရှိ၊ အရည်အသွေးမီစပါးများ လာရောက်ရောင်းချခြင်းရှိ/မရှိ၊ စပါးဝယ်ယူမှုတွင် အခက်အခဲရှိ/မရှိစသည့် အကြောင်းအရာများကို တင်ဒါအောင်မြင်သူ၊ ဆန်စက်ပိုင်ရှင်များ၊ တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးလမ်းညွှန်ခဲ့ကြောင်း သိရသည်။

**CONSUMER - MT**

## အင်းစိန်မြို့နယ်အတွင်းရှိ ဆေးဆိုင်များ ရှောင်တခင် ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းအေး၊ လက်ထောက်ကြီးကြပ်ရေးမှူး ဦးမြင့်စိုးတို့သည် ဇန်နဝါရီ ၉ ရက် နံနက်၉ နာရီမှစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အင်းစိန်မြို့နယ်မှ ဒေါက်တာနော်စောသန္တာဦးဆောင်၍ အင်းစိန်မြို့နယ်အတွင်းရှိ ဆေးဝါးများရောင်းချသည့် ဆေးဆိုင် ၁၁ ဆိုင်သို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းနှင့် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယင်းဆေးဆိုင်များသို့ သွားရောက်ရာတွင် ဆေးဝါးများကိုင်တွယ်ရာ၌ သန့်ရှင်းသောလက်အိတ် သို့မဟုတ် ဇွန်း သို့မဟုတ် ဆေးဝါးရေတွက်သည့်ကိရိယာဖြင့် ကိုင်တွယ်ရန်၊ တိရစ္ဆာန်သုံးဆေးဝါး၊ လူသုံး ဆေးဝါးနှင့် တိုင်းရင်းဆေးဝါးများ သီးခြားစီထား၍ ရောင်းချရန်၊ သာမန်ထိန်းချုပ်ဆေးဝါးနှင့် အထူးထိန်းချုပ်ဆေးဝါးရောင်းချရာတွင်လည်း သက်ဆိုင်ရာ လိုင်စင်နှင့် စည်းကမ်းချက်များအတိုင်း လိုက်နာသွားရန်၊ ဆေးဝါးများ ဝယ်ယူ/ရောင်းချရာတွင်လည်း ဆိုင်အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်ပါသော ဘောင်ချာများဖြင့်သာ ရောင်းချ သွားရန်၊ ဝယ်ယူခဲ့သောဆိုင်၊ ကုမ္ပဏီဘောက်ချာများကို သိမ်းဆည်းထားရန်၊ ဆိုင်လိပ်စာ အတိအကျရှိသော ဆိုင်များမှသာဝယ်ယူရန်၊ ဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် သုံးစွဲရန်မသင့်သည့် ဘေးအန္တရာယ်ရှိ ဆေးဝါးများ၊ သက်တမ်းကုန်ဆုံးရက်ရောက်ရှိ/ကျော်လွန်နေသော ဆေးဝါးများ၊ မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင် အမှတ်မပါရှိသော ဆေးဝါးများ၊ တရားမဝင်တင်သွင်းလာသော ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိတို့ကို ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းနှင့် ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**သိန်းအေး (ရန်ကုန်)**

## သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေး၊ ကျောင်းမုန့်ဈေးတန်း စစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် သာကေတမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ ဇန်နဝါရီ ၉ ရက်တွင် စားသုံးသူများ လုံခြုံစိတ်ချရမှု ရှိစေရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းစေရေးတို့အတွက် စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး၊ ဦးစီးအရာရှိ ဒေါ်နွယ်ဇင်ဝင်းက စားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်မှာ စားသုံးသူ အခွင့်အရေးများအပြည့်အဝရရှိနိုင်စေရန်၊ စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများနှင့် စားသုံးသူများကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြု ဆောင်ရွက်ရမည့်အချက်များမှ ကုန်ပစ္စည်း၏အခြေအနေ၊ ထူးခြားချက်၊ အကျိုးသက်ရောက်မှု၊ အသားတင် ထုထည်၊ ပမာဏ၊ ပြုလုပ် တပ်ဆင်ပုံ၊ နည်းလမ်း၊ ဘေးထွက်ဆိုးကျိုး၊ ကြိုတင်သတိပေးချက်များကို သေချာစွာ ဖတ်ရှုပြီးမှသာ ဝယ်ယူ အသုံးပြုကြရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက်သတ်မှတ်ချက်များနှင့်အညီ ဖော်ပြရမည့်အချက်များ စားသုံးသူကာကွယ်ရေး ၂၀၁၉ ဥပဒေပါ အကြောင်းအရာတို့အား ရှင်းလင်း ဟောပြော ဆွေးနွေးခဲ့သည်။ ထို့နောက် ဒုတိယကြီးကြပ်ရေးမှူး ဒေါ်အေးအေးမော်က ကျန်းမာရေးဆိုင်ရာ ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သော ခွင့်မပြုဆိုးဆေး၊ ဓာတုဆေး၊ တာရှည်ခံဆေး၊ မှဲ့ဆေး၊ ယင်မနားဆေးများ၏ဘေးထွက်ဆိုးကျိုးများ၊ ပိုးသတ်ဆေးများ၏ သံသရာလည်ပုံနှင့် စားသုံးသူတို့အပေါ် ဘေးဥပဒ်အန္တရာယ် ဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းရှိဈေးဆိုင်များတွင် ရောင်းချလျက်ရှိသော အသီးအနှံများ အနေဖြင့် သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိ၊ သက်တမ်းလွန်မုန့်များ သတင်းအချက်အလက်ပြည့်စုံစွာ ဖော်ပြထားခြင်း မရှိသောမုန့်များ၊ FDA မှ ပိတ်ပင်တားမြစ်ထားသောမုန့်များ ရောင်းချနေခြင်း ရှိ/မရှိတို့အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး စားသုံးသူကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**တင်မင်း(ရန်ကုန်)**



## အလှကုန်ပစ္စည်းများ နမူနာကောက်ယူခြင်းနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့မဈေးအတွင်းရှိ အလှကုန်ပစ္စည်း အရောင်းဆိုင်များအား ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေး ဌာန၊ ကျန်းမာရေးဦးစီးဌာနတို့ပါဝင်သောအဖွဲ့မှ ဈေးကွက် နမူနာကောက်ယူခြင်းနှင့် ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ကျိုင်းတုံခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ အလှကုန်ပစ္စည်းများ ဈေးကွက်နမူနာကောက်ယူရာတွင် တရုတ်နိုင်ငံ ထုတ် အလှကုန်ပစ္စည်း ငါးမျိုးအား ဝယ်ယူကာ ရုံးချုပ်ရှိ ဓာတ်ခွဲခန်းများသို့ ပေးပို့ ဓာတ်ခွဲစမ်းသပ်သွားမည်ဖြစ်ပြီး ဓာတ်ခွဲခန်းအဖြေအား ရောင်းချသူများထံ ပြန်လည်အသိပေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများက သက်ဆိုင်ရာဌာနများမှ တားမြစ် ထုတ်ပြန်ထားသော အလှကုန်ပစ္စည်းများ ဝယ်ယူရောင်းချခြင်းမပြုရန်၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်ရရှိထားသော အလှကုန်ပစ္စည်းများ ရွေးချယ်ဝယ်ယူရောင်းချကြရန်၊ ဝယ်ယူသုံးစွဲသူများအား တိကျမှန်ကန်သော သတင်းအချက် အလက်များပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များအား လိုက်နာဆောင်ရွက်သွားရန် ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရှိရသည်။

**ရန်နောင်(ကျိုင်းတုံ)**

## ချောင်းသာနှင့် သာပေါင်းမြို့ရှိ ဈေးများတွင် စားသုံးရန်မသင့် စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးထွေးသိမ်းနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ချောင်းသာမြို့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဟိုတယ်ခရီး စည်ပင်သာယာရေးအဖွဲ့၊ ဈေးကော်မတီနှင့် ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပါဝင်၍ ရွှေသာယာဈေးအတွင်း ကုန်မျိုးစုံ ရောင်းချသောဆိုင်များသို့ သွားရောက်ပြီး စားသုံးရန်မသင့်သော စားသောက်ကုန်များရောင်းချခြင်း ရှိ/မရှိနှင့် အချိုမှုန့်၊ ဆပ်ပြာမှုန့်များတွင် ဖော်ပြထားသော အလေးချိန်နှင့် ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဇန်နဝါရီ ၈ ရက်တွင်လည်း သာပေါင်းမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန စည်ပင်အမှုဆောင်အရာရှိတို့ လိုက်ပါ၍ သာပေါင်းမြို့၊ မြို့မဈေးကြီးအတွင်း ကုန်မျိုးစုံရောင်းချသောဆိုင်များသို့သွားရောက်ပြီး စားသုံးရန်မသင့်စားသောက်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရာမြေ (ပုသိမ်)**

Vol: 20, No.2 Monday January 13 2020





# မန်ယူအသင်း နည်းပြပြောင်းလဲရန် ပြင်ဆင် မီလက်ခ်ကို ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူမည်

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ဆိုးများ ရင်ဆိုင်နေရခြင်းကြောင့် လာမည့် ရာသီသစ်တွင် ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်သွားမည်ဟု အသင်း၏ ဒုဥက္ကဋ္ဌဖြစ်သူ အက်ဝုဒ်ဝတ်ဒ်က ပြောဆိုထားသည်။

မန်ယူအသင်းအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဆိုရာတွင် ယခင်က ကစားသမားများ ခေါ်ယူဖြည့်တင်းသွားမည်ဟု ဆိုခဲ့သော်လည်း လက်ရှိအချိန်တွင် နည်းပြဆိုးလ်ရှားကို ထုတ်ပယ်ပြီး စပါးအသင်းမှ ထုတ်ပယ်ခြင်းခံထားရသည့် နည်းပြ ပိုချက်တီနိုကို ခေါ်ယူအစားထိုးသွားတော့မည်ဟု အင်္ဂလန်မီဒီယာများက ဖော်ပြနေကြသည်။

အက်ဝုဒ်ဝတ်ဒ်က ‘ကျွန်တော်တို့အသင်း ဒီအတိုင်းဆက်သွားမယ်ဆိုရင် ဘာဖလားမှမရနိုင်သလို ရာသီအကုန်မှာ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိဖို့ကလည်း အလှမ်းဝေးနေမှာပါ။ ဒါ့ပြင် ယူရိုပါလိဂ် ဝင်ခွင့်အတွက်ကိုပင် ခက်ခက်ခဲခဲ ပြိုင်ဆိုင်ရဖို့ ရှိနေပါတယ်။ ကစားသမားသစ် သုံးဦးလောက်ကို ခေါ်ယူသွားဖို့ရှိနေသလို နည်းပြအပြောင်းအလဲလည်း ဖြစ်ချင်ဖြစ်လာမှာပါ’ဟု ပြောဆိုခဲ့သည်။

အက်ဝုဒ်ဝတ်ဒ်၏ အသင်းနှင့်ပတ်သက်၍ မှတ်ချက်စကားများ ပေါ်ထွက်လာပြီးနောက်တွင် မန်ယူအသင်းသည် စပါးအသင်းနည်းပြဟောင်း ပိုချက်တီနိုကို ခေါ်ယူရန် ဆက်သွယ်ပြောဆိုမှုများပင် ရှိနေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြနေကြသည်။

အခြားတစ်ဖက်တွင် မန်ယူအသင်းသည် နာပိုလီအသင်းမှ ပိုလန်တိုက်စစ်မှူး မီလက်ခ်ကို ခေါ်ယူရန် ပေါင်သန်း ၆၀ ဖြင့် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။ အသက်(၂၅)နှစ်ရှိ မီလက်ခ်သည် ပိုလန် လက်ရွေးစင်ကစားသမားတစ်ဦး ဖြစ်သလို နာပိုလီအသင်းတွင်လည်း ခြေစွမ်းပြ ဂိုးသွင်းယူပေးနေသည့် တိုက်စစ်မှူး ဖြစ်သည်။ မီလက်ခ်သည် လေဗာကူဆင်၊ အော့စ်ဘတ်၊ အေဂျက် စသည့်အသင်းများနှင့်လည်း အတွေ့အကြုံကောင်းများစွာ ရရှိထားသူဖြစ်သည်။

ထို့ပြင် မန်ယူအသင်းမှ နောက်ခံကစားသမား အက်ရှ်လေယန်းသည် ယခုနှစ်ရာသီကုန်တွင် အင်တာမီလန်အသင်းသို့ပြောင်းရွှေ့ရန် အကြိုသဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သိရသည်။

# ဘာစီလိုနာ လူငယ်ကစားသမား ဘာရီ ဗီလာသို့ပြောင်းရန် သဘောတူ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ လူငယ်တိုက်စစ်မှူး ဘာရီသည် အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် အက်စ်တွန်ဗီလာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။



အသက်(၁၆)နှစ်သာ ရှိသေးသည့် ဘာရီသည် အင်္ဂလန် ယူ-၁၇ လက်ရွေးစင် ကစားသမားတစ်ဦးလည်း ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် ၎င်းကစားသမားကို ပေါင်သုံးသန်းဖြင့်ခေါ်ယူရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘာရီသည် အင်္ဂလန်ဘောလုံးလောကတွင် ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်ဖြစ်ကြောင်း အင်္ဂလန်မီဒီယာများက ချီးကျူးရေးသားနေကြသည်။

ဘာရီသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၁ ရက်က ဘာစီလိုနာအသင်းသို့ ရောက်ရှိလာပြီး ဘာစီလိုနာ ယူ-၁၉ အသင်းတွင် ပါဝင်ကစားနေသူဖြစ်သည်။ ထို့ပြင် ဘာရီသည် အင်္ဂလန် ယူ-၁၇ အသင်းတွင် နှစ်ပွဲ ပါဝင်ကစားပေးထားရာ နှစ်ဂိုးသွင်းပေးထားနိုင်သည်။ ဘာရီသည် အထောင်တိုက်စစ်မှူး တစ်ဦးဖြစ်သော်လည်း တောင်ပံပိုင်းတွင်လည်း ကောင်းကောင်းကစားနိုင်သူဖြစ်သည်။

# ဒမ်ဘီလီကို ထွက်ခွာခွင့်ပြုမည်ဟု လိုင်ယွန်အသင်း အတည်ပြုပြောဆို



ပြင်သစ် လီဂူးဝမ်းကလပ် လိုင်ယွန်အသင်းသည် ၎င်းတို့၏ တိုက်စစ်မှူး ဒမ်ဘီလီကို ယခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း အသင်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောဆိုလိုက်သည်။

လိုင်ယွန်အသင်းနှင့်အတူ ခြေစွမ်းပြနေသည့် ဒမ်ဘီလီကို ခေါ်ယူရန် အင်္ဂလန် ပရီးမီးယားလိဂ်အသင်းများက အဓိက ပစ်မှတ်ထားနေကြောင်း သိရသည်။

အသက်(၂၃)နှစ်ရှိ အဆိုပါ ပြင်သစ်တိုက်စစ်မှူးကို ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ဦးစွာ ကမ်းလှမ်းမှုများ ပြုလုပ်လာခဲ့ကြောင်းနှင့် တခြားအသင်းများထက် လက်ဦးမှု ရယူသွားမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ လမ်းပတ်က ပြောဆိုခဲ့သည်။

လိုင်ယွန်အသင်း ဥက္ကဋ္ဌဖြစ်သူ မိုက်ကယ်အူလက်စ်က ‘ဒမ်ဘီလီဟာ ထိပ်တန်းတိုက်စစ်မှူး တစ်ဦးဖြစ်တယ်ဆိုတာကို ကျွန်တော်အကြွင်းမဲ့ လက်ခံပါတယ်။ သူ့ကို ကျွန်တော်တို့အသင်းမှာ ဆက်ထိန်းထားနိုင်အောင် ကြိုးပမ်းခဲ့ပါသေးတယ်။ ဒါပေမဲ့ ကစားသမားကိုယ်တိုင်က အသင်းပြောင်းလိုစိတ်တွေ ပြင်းပြနေတာကိုတော့ ကျွန်တော့်အနေနဲ့ မတားဆီးချင်ပါဘူး။ သူ့ကို လွတ်လွတ်လပ်လပ်ပဲ ထွက်ခွာခွင့်ပြုလိုက်ပါတော့မယ်။ ဒမ်ဘီလီကို ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့အသင်းတွေ အများအပြားရှိနေတယ် ဆိုတာကိုသိရပါတယ်။ ဒါပေမဲ့ ဘယ်အသင်းကမှ တရားဝင် ကမ်းလှမ်းလာတာမျိုး ခုချိန်ထိ မရှိသေးပါဘူး’ ဟု ပြောဆိုခဲ့သည်။

ဒမ်ဘီလီသည် လိုင်ယွန်အသင်းကို မရောက်ခင်က ဖူလ်ဟမ်နှင့် ဆဲလ်တစ် အသင်းတို့တွင် ကစားခဲ့ဖူးသူဖြစ်ပြီး လက်ရှိ ထွက်ပေါ်နေသည့် အတင်းများအရ ၎င်းကစားသမားမှာ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိရန်နီးစပ်နေကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်

# ဘရိုင်ယန်ခရစ်တိန်းကို ရိုးမားအသင်း စာချုပ်သက်တမ်းတိုး



အီတလီစီးရီးအေကလပ် ရိုးမားအသင်းသည် ၎င်းတို့အသင်းမှ ကွင်းလယ်ကစားသမား ဘရိုင်ယန်ခရစ်တိန်းကို ၂၀၂၄ ခုနှစ်အထိ ရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို သက်တမ်းတိုး ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဘရိုင်ယန်ခရစ်တိန်းက ‘အခုလို အသင်းနဲ့ စာချုပ်သက်တမ်းတိုးခွင့် ရရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ များစွာကျေနပ်မိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ရိုးမားအသင်းမှာ ကာလရှည် ကစားလိုစိတ်ရှိပါတယ်။ ရိုးမားအသင်းဟာ ကျွန်တော့်ရဲ့ ငယ်မွေးခြံပေါက်အသင်း မဟုတ်ပေမယ့် ဒီအသင်းမှာ ကစားရတာ ကျွန်တော် ပျော်နေပါတယ်။ ရိုးမားအသင်းအတွက် ပေးဆပ်ဖို့ ကျွန်တော့်မှာ အမြဲတမ်းအဆင်သင့် ရှိနေပါတယ်။ အသင်းနဲ့အတူ အောင်မြင်မှုတွေ ကျွန်တော် ရယူချင်ပါတယ်’ဟု ပြောဆိုခဲ့သည်။

အသက်(၂၄)နှစ်ရှိ အီတလီ လက်ရွေးစင် ကစားသမား ဘရိုင်ယန်ခရစ်တိန်းသည် အေစီမီလန်၊ ဘင်ဖီကာ၊ ပါလာမို၊ ပက်စ်ကာရာ၊ အတ္တလန္တာ စသည့် အသင်းများတွင်လည်း ကစားခဲ့ဖူးသူဖြစ်သည်။

# ပုလဲမြစ်အတွင်း ကုန်စည်စီးဆင်းမှုပမာဏ စံချိန်တင်မြင့်တက်ခဲ့

၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံတောင်ပိုင်းရှိပုလဲမြစ်အတွင်း ကုန်စည်စီးဆင်းမှုပမာဏမှာ တန်ချိန် တစ်ဘီလီယံ ကျော်လွန်ခဲ့သဖြင့် စံချိန်တင်ခဲ့ကာ ရန်ဇီမြစ်အတွင်း ကုန်စည်စီးဆင်းမှုမှာ ဒုတိယနေရာတွင်ရှိခဲ့ကြောင်း တရားဝင်စာရင်းဇယားများအရ သိရသည်။


၂၀၁၉ ခုနှစ်အတွင်း ပုလဲမြစ်ကြောင်းတစ်လျှောက် ကုန်စည်ပို့ဆောင်ရေးပမာဏမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ကမ္ဘာပေါ်တွင် ဒုတိယနေရာ၌ ရှိခဲ့သည်။ မြစ်ကြောင်းတစ်လျှောက် ပေ ၂၀ အရှည်ရှိသော ကွန်တိန်နာပို့ဆောင်မှုပေါင်း အလုံးရေ ၁၄ သန်းရှိခဲ့ပြီး ယခင်နှစ်ကထက် ၁၃ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရသည်။

၂၀၁၉ ခုနှစ်အတွင်း ပုလဲမြစ်ပေါ်၌ ဆိပ်ကမ်းများ၊ သင်္ဘောသွားလာရေး လမ်းကြောင်းများနှင့် အထောက်အကူများ အပါအဝင် ရေကြောင်းသယ်ယူပို့ဆောင်ရေး စီမံကိန်း ၅၃ ခု တည်ဆောက်ခဲ့ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ၆၂ ဘီလီယံ(အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၂ ဘီလီယံ)ရှိခဲ့သည်။

ပုလဲမြစ် ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးမှုမှာ မြစ်ကြောင်းတစ်လျှောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခိုင်အမာပံ့ပိုးပေးကြောင်း စီမံကိန်းအရာရှိ Wu Caiying က ပြောကြားခဲ့သည်။

ပန်-ပုလဲမြစ်ဝှမ်းဒေသမှာ တရုတ်နိုင်ငံ၏ စီးပွားရေး အင်အားကြီးဒေသတစ်ခုဖြစ်ကာ ဖူကျန့်၊ ကျန်းရှီး၊ ဟူနန်၊ ကွမ်တုန်း၊ ကွမ်ရှီး၊ ဟိုင်နန်၊ စီချွမ်း၊ ကွမ်ကျိုးနှင့် ယူနန်တို့ ပါဝင်ကြပြီး ဟောင်ကောင်နှင့် မကာအိုတို့မှာ အထူးစီမံအုပ်ချုပ်ခွင့်ရဒေသများ ဖြစ်ကြပါသည်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုယန္တရားကို ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့သည်။

**ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နန်နင်းမြို့။**



# ပဲပိစပ်နှင့် ဝက်သားသွင်းကုန်များအပေါ် အခွန်ကင်းလွတ်ခွင့်ပြုရန် တရုတ်ဆောင်ရွက်နေ

တရုတ်နိုင်ငံသည် ပြည်တွင်းလုပ်ငန်းရှင်များ၏ တောင်းဆိုချက်အရ အမေရိကန်ပြည်ထောင်စုမှ တင်သွင်းမည့် ပဲပိစပ်နှင့် ဝက်သားသွင်းကုန်များအပေါ် အခွန်ကောက်ခံမှုမှ ကင်းလွတ်ခွင့်ရရှိရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် တရုတ်နိုင်ငံ၏ ပြည်တွင်းလိုအပ်ချက်အပေါ် ဖြည့်ဆည်းနိုင်ရန် လုပ်ဆောင်ခြင်းသာဖြစ်သည်။ တရုတ်နိုင်ငံတွင် ပြည်တွင်းဈေးကွက်၌ ပဲပိစပ်ပြတ်လပ်မှု၊ အာဖရိကဝက်တုပ်ကွေးရောဂါကြောင့် ဝက်သားရောင်းလိုအား ကျဆင်းမှုတို့ကြောင့် အမေရိကန်နိုင်ငံမှ ပဲပိစပ်နှင့် ဝက်သားသွင်းကုန်များအပေါ် အခွန်ကောက်ခံမှုမှ ကင်းလွတ်ခွင့်ရရှိရေးနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်နေ ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံသည် ပဲပိစပ် တန်ချိန် ၁၁၀ သန်းခန့်အား နှစ်စဉ်စားသုံးပြီး သုံးစွဲမှု၏ ၈၀ ရာခိုင်နှုန်းသည် ပြည်ပနိုင်ငံများမှ တင်သွင်းခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ပထမ ၁၀ လအတွင်း ပဲပိစပ်သွင်းကုန်တန်ချိန်၊ ၇၀ ဒသမ ၆၉ သန်းသာ ရှိခဲ့သဖြင့် ပြီးခဲ့သည့်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၈ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ တရားဝင်ထုတ်ပြန်သည့် စာရင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ပဲပိစပ်များကို ဘရာဇီး၊ အမေရိကန်နှင့် အာဂျင်တီးနားနိုင်ငံတို့မှ အဓိက တင်သွင်းလျက်ရှိသည်။ ထုတ်လုပ်မှုတိုးတက်ပြီး ဈေးနှုန်းအရ အားသာမှုရှိသည့် ဘရာဇီးနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ပဲပိစပ် တိုးမြှင့် တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံမှ တရုတ်နိုင်ငံသို့ ပဲပိစပ်စုစုပေါင်းတင်သွင်းမှု၏ ၇၅ ရာခိုင်နှုန်း တင်သွင်းနိုင်ခဲ့သည်။ အမေရိကန်နိုင်ငံမှ တင်ပို့မှုသည် တရုတ် နိုင်ငံ၏ ပဲပိစပ်တင်သွင်းမှု၏ ၁၉ ရာခိုင်နှုန်းသာ ပါဝင်သည်။

တရုတ်နိုင်ငံအနေဖြင့် ဈေးကွက်ဆိုင်ရာ စည်းကမ်းချက်များနှင့် အမှန်တကယ် လိုအပ်ချက်များအပေါ် မူတည်၍ အမေရိကန် ပြည်ထောင်စုမှ ပဲပိစပ်များ ပိုမိုဝယ်ယူရန် ကြိုးစားလျက်ရှိပြီး ၂၀၁၉ခုနှစ်၊ အောက်တိုဘာလအထိ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုမှ ပဲပိစပ်တန်ချိန် ၂၀ သန်းအထိ ဝယ်ယူပြီး ဖြစ်သည်။

သို့ရာတွင် အမေရိကန်သမ္မတက နှစ်နိုင်ငံအကြား ပထမအဆင့် သဘောတူညီမှုရရှိစေရန်အတွက် တရုတ်နိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်ကုန်သွယ်မှု၏ နှစ်ဆဖြစ်သည့် အမေရိ ကန်ဒေါ်လာ ၄၀ ဘီလီယံမှ ၅၀ ဘီလီယံတန်ဖိုးရှိ လယ်ယာထွက်ပစ္စည်းများ ဝယ်ယူပေးရန် ကမ်းလှမ်းခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဖြစ်ပွားလျက်ရှိသည့် ကုန်သွယ်မှုစစ်ပွဲ ရှည်ကြာလာသည်နှင့်အမျှ တရုတ်နိုင်ငံအနေဖြင့် တင်သွင်းသည့် ဈေးကွက်ချဲ့ထွင်ခြင်း၊ ပြည်တွင်းထုတ်လုပ်မှုတိုးချဲ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ပဲပိစပ်စိုက်ပျိုးထုတ်လုပ်မှုများကို တိုးချဲ့ဆောင်ရွက်လျက် ရှိရာ ၂၀၁၉ ခုနှစ်တွင် ပဲပိစပ်စိုက်ပျိုးမြေဧရိယာသည် ဟက်တာ ၉ ဒသမ ၃ သန်းရှိလာပြီဖြစ်သည့်အတွက် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု တရုတ်နိုင်ငံ၊ Beijing Orient Agribusiness Consultancy ကုမ္ပဏီမှ စီးပွားရေးကျွမ်းကျင်ပညာရှင် Ma Wenfeng က ပြောကြားခဲ့သည်။

**ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘေကျင်းမြို့**



# တရုတ်နှင့် အမေရိကန် ကုန်သွယ်ရေးစစ်ပွဲကာလအတွင်း လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် တိုးတက်ဆောင်ရွက်

တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားနေသည့် ကာလအတွင်း နိုင်ငံပေါင်း ၂၅ နိုင်ငံနှင့်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှု ၁၇ ခုအား လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အဆိုပါကာလအတွင်း အမေရိကန်ပြည်ထောင်စုအနေဖြင့်မူ နိုင်ငံပေါင်း ၂၀ နှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် ၁၄ ခုသာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေး သဘောတူညီမှုများ လက်မှတ်ရေးထိုးနိုင်ခဲ့သည့် နိုင်ငံပေါင်း ၂၅ နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၁ ဒသမ ၀၅ ဘီလီယံရှိပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့်မူ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့သည့် နိုင်ငံပေါင်း ၂၀ ၏ စုစုပေါင်းလူဦးရေမှာ ၄၇၃ ဒသမ ၆ သန်းသာ ရှိခဲ့သည်။ အမေရိကန် ပြည်ထောင်စုအနေဖြင့်သမ္မတ ဒေါ်နယ်ထရန့်စတင်တာဝန်ထမ်းဆောင်သည့်အချိန်၌ လွတ်လပ်သော ကုန်သွယ်ရေးသဘော တူညီမှု ၁၅ ခု ရှိခဲ့သော်လည်း ပစိဖိတ်သမုဒ္ဒရာဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Trans-Pacific Partnership-TPP) မှ နုတ်ထွက်ခဲ့သဖြင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှု ၁၄ ခုသာ ကျန်ရှိတော့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည်ကုန်သွယ်ရေးတွင်ပြည်တွင်းလုပ်ငန်းများကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးသည့် မူဝါဒများနှင့် အမေရိကန်သာ ပထမဖြစ်ရမည် ဆိုသည့် မူဝါဒများအား ကိုင်စွဲထားသည်။ အမေရိကန်နိုင်ငံ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ရုံး၏ထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ်မှစတင်၍ အမေရိကန်နိုင်ငံသည် ဂျပန်၊ ဗြိတိန်၊ တရုတ် နိုင်ငံတို့နှင့် ကုန်သွယ်ရေးအငြင်းပွားမှုများအား ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီမှုအဖြစ် ကနေဒါ၊ မက္ကဆီကိုနိုင်ငံတို့နှင့် အမေရိကန် - မက္ကဆီကို - ကနေဒါ သဘောတူညီချက် ( United States-Mexico-Canada Agreement-USMC) တစ်ခုသာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါသဘောတူညီချက်သည် အမေရိကန်သမ္မတ၏ တောင်းဆိုမှုကြောင့် ယခင်သဘောတူညီခဲ့သည့် North American Free Trade Agreement အား မွမ်းမံပြင်ဆင်၍ ၃၀-၁၁-၂၀၁၈ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ တရုတ်နှင့် အမေရိကန်ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားနေသည့် ကာလအတွင်း တရုတ်နိုင်ငံအနေဖြင့် အနာဂတ်တွင် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိအောင်ဆောင်ရွက်လျက်ရှိပြီး လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်များရရှိရန် အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံသည်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှု ၁၂ ခုအား ဆက်လက်ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး ဒေသတွင်း ဘက်စုံစီးပွားရေး သဘောတူညီချက် (Regional Comprehensive Economic Partnership-RCEP) သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အဆိုပါ RCEP သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်မည်ဆိုပါက စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်း လူဦးရေသည် ကမ္ဘာ့လူဦးရေစုစုပေါင်း၏ သုံးပုံ တစ်ပုံ (၂ ဒသမ ၃၃ ဘီလီယံ) ဖြစ်မည်ဟု သိရှိရသည်။

**ရွှေစင်ဦး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘေကျင်းမြို့**

# ပို့ကုန်တင်ပို့သူများအနေဖြင့် အမေရိကန်-အီရန် ပဋိပက္ခ၏သက်ရောက်မှုအပေါ်စိုးရိမ်နေ

ပို့ကုန်တင်ပို့သူများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အနေဖြင့် အမေရိကန် - အီရန် ပဋိပက္ခသည် ပိုမိုဆိုးရွားလာပါက ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုကို အနှောင့်အယှက် အဟန့်အတားဖြစ်စေမည်ကို စိုးရိမ်နေကြသည်။ ထိုင်း သင်္ဘောတင်ပို့သူများအသင်းဥက္ကဋ္ဌ Ms. GhanyapadTantipipatpong က ထိုင်း ပြည်ပတင်ပို့သူများအဖွဲ့အနေဖြင့် အရှေ့အလယ်ပိုင်းတင်းမာမှုများ အရှိန်မြင့်တက်လာခြင်းက ဒေသတွင်းသို့ ထိုင်းနိုင်ငံ၏ပို့ကုန်တင်ပို့မှု အခွင့်အလမ်းများအပေါ် အကျိုးသက်ရောက်ခြင်းများ ရှိလာမည်ကို စိုးရိမ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။



ရေနံ၊ ပလတ်စတစ်နှင့်ရေနံဓာတု ထုတ်ကုန်များကဲ့သို့သော ရေနံနှင့်ပတ်သက်သော ပစ္စည်းများသည် ပိုမိုမြင့်မားသော ဈေးနှုန်းမှ အကျိုးအမြတ်များဖြစ် ထွန်းစေနိုင်ကြောင်း သူမက ပြောကြားခဲ့သည်။ Ms. Ghanyapad က အပြင်းအထန်ထိခိုက်စေနိုင်သော ကုန်ပစ္စည်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုမူ ပြောကြားခဲ့ခြင်းမရှိပါ။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထိုင်းနိုင်ငံအနေဖြင့် ယခင်နှစ်ပထမ ၁၁ လ အတွင်း အရှေ့အလယ်ပိုင်းသို့ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၄ ဘီလီယံ တန်ဖိုးရှိပြည်ပပို့ကုန်များတင်ပို့ခဲ့ပြီး ၎င်းမှာ နှစ်အလိုက်တွင် ၂ ဒသမ ၉၁ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။ အဓိကပို့ကုန်များမှာ မော်တော်ကားများနှင့် မော်တော်ကား အစိတ်အပိုင်းများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ စည်သွတ်ဘူးနှင့် ပြုပြင်ထားသော ပင်လယ်စာ၊ လေအေးပေးစက်များနှင့် အစိတ်အပိုင်းများ၊ ရော်ဘာ၊ သစ်နှင့် သစ်သားထွက်ကုန်ပစ္စည်းများ၊ စက် ကိရိယာအစိတ်အပိုင်းများ၊ ဆန်၊ ရေခဲသေတ္တာများ၊ အအေးခန်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ကွန်ပျူတာနှင့် အပိုပစ္စည်းများ၊ ပလတ်စတစ်လုံးလေးများ ဖြစ်ကြသည်။

အလားတူကာလများတွင် ထိုင်းနိုင်ငံအနေဖြင့် ကုန်ပစ္စည်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၇ သန်းသာ အီရန်သို့ တင်ပို့ခဲ့ပြီး နှစ်အလိုက်တွင် ၄၃ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်း ဖြစ်သည်။ အဓိက ပြည်ပတင်ပို့မှုပစ္စည်းများတွင် သစ်နှင့် သစ်သားထွက်ကုန်များ၊ ရော်ဘာထုတ်ကုန်များ၊ သစ်သီးစည်သွတ်ဘူးများ၊ အေးခဲထားသော ဟင်းသီးဟင်းရွက်များ၊ ဘက်ထရီများ၊ ဆန်နှင့် ငါးဖမ်းပိုက်များ၊ အဖျော်ယမကာများ၊ မော်တော်ဆိုင်ကယ်များ တို့ဖြစ်သည်။

ထိုင်းကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr. Kalin Sarasin က အမေရိကန်-အီရန်တင်းမာမှုများသည် ရေတိုတွင် အထူးသဖြင့် ရေနံဈေးနှုန်းနှင့် ပတ်သက်၍ စိုးရိမ်ထိတ်လန့်ဖွယ်ဖြစ်စေနိုင်သည်။ သို့ရာတွင် အမေရိကန်အနေဖြင့် ၎င်း၏ ရေနံစိမ်းနှင့် သဘာဝ ဓာတ်ငွေ့ထုတ်လုပ်မှုကို တိုးမြှင့်သည်နှင့် တစ်ပြိုင်နက် ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းဖွယ်ရာ ရှိသည်ဟု ၎င်းကပြောကြားသည်။

Mr. Kalin က ထိုင်းနိုင်ငံအတွက် အရေးကြီးဆုံးမှာ နိုင်ငံအတွင်း လုံခြုံမှုနှင့် လုံခြုံရေးကို သေချာစေရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမေရိကန်-အီရန် တင်းမာမှုများက ပို့ကုန်တင်ပို့မှုအပေါ် အကျိုးသက်ရောက်မှု နည်းလိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။

ပို့ကုန်ကဏ္ဍကို အကျိုးသက်ရောက်စေသည့် အဓိကအချက်များမှာ ယှဉ်ပြိုင်စွမ်းအားနှင့် ဘတ်ငွေတန်ဖိုး မြင့်တက်မှုတို့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ညွှန်ကြားရေးမှူးချုပ် Somdet Susomboon က အရှေ့အလယ်ပိုင်းရှိ ထိုင်းကူးသန်းရောင်းဝယ်ရေး သံမှူးများအား အခြေအနေကို အနီးကပ်စောင့်ကြည့်ရန် ပြောကြားခဲ့ပါသည်။ တင်းမာမှုများ မြင့်တက်လာခြင်းက ထိုင်းနိုင်ငံအတွက် အီရန်သာမက အရှေ့အလယ်ပိုင်းနှင့်ပါ ကုန်သွယ်မှုအပေါ် ထိခိုက်လာစေနိုင်ခြင်း ဖြစ်ပါသည်။ ပဋိပက္ခများကြောင့် ဒေသတွင်းရှိလူများအနေဖြင့် စားနပ်ရိက္ခာပိုမိုလိုအပ်လာနိုင်သည်ဟု ၎င်းကပြောကြားခဲ့သည်။ သီးခြားဖွံ့ဖြိုးတိုးတက်မှုတစ်ခုအနေဖြင့် Mr. Somdetu ဌာနအနေဖြင့် ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အတွင်း အိန္ဒိယသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Jurin ဦးဆောင် သော ပထမဆုံးပြည်ပကုန်သွယ်ရေး မစ်ရှင်အနေဖြင့် လာရောက်ရန် စီစဉ်နေကြောင်း ပြောကြားခဲ့သည်။

**Source:Bangk Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ဗန်ကောက်မြို့။**

# ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) အနေဖြင့် ထိုင်းကုမ္ပဏီများကို တောင်အာရှသို့ တိုးချဲ့ရန် တွန်းအားပေးလျက်ရှိ

ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ Board of Investment (BOI)အနေဖြင့် ထိုင်းကုမ္ပဏီများကို တောင်အာရှဈေးကွက်များသို့ တိုးချဲ့ရန်အားပေးလျက်ရှိသည်။ အကြောင်းမှာ နိုင်ငံများစွာတို့သည် ပြန်လည်ပြည့်ဖြိုးမြစွမ်းအင်နှင့် ဆောက်လုပ်ရေး ကဏ္ဍများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များ လိုအပ်သော ကြောင့်ဖြစ်သည်။

BOI မှ ထိုင်းနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဒုတိယ ညွှန်ကြားရေးမှူး Ratanawimon Nareesukreekhet က ဘင်္ဂလားဒေ့ရှ်၊ မော်လဒိုက်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် သီရိလင်္ကာတို့သည် ထိုင်းကုမ္ပဏီများအတွက် အနာဂတ် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် BOI အနေဖြင့် ထောက်ခံရန်ပစ်မှတ်ထားသော နိုင်ငံများဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်အာရှနိုင်ငံများအနေဖြင့် နိုင်ငံအများအပြားက အခြေခံ အဆောက်အအုံ စီမံကိန်းများပြုလုပ်နေစဉ်တွင် စီးပွားရေး အခွင့်အလမ်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရှိနေသည်ဟု ၎င်းက ပြောကြားခဲ့သည်။ BOI အနေဖြင့် အဆိုပါဒေသတွင်းရှိ အစိုးရများထံ ချဉ်းကပ်ခဲ့ပြီးထိုင်း ကုမ္ပဏီများအား ထိုနိုင်ငံများသို့ သွားရောက်ရင်းနှီးမြှုပ်နှံရန် အနီးကပ်လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် BOI အနေဖြင့် အိမ်နီးချင်းနိုင်ငံများတွင် အရှိန်အဟုန်ဖြင့် တိုးတက်နေသော GDP တိုးတက်မှုနှုန်းကို ဆုပ်ကိုင်နိုင်ရန် ထိုင်းကုမ္ပဏီများအား ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများတွင် ဆက်လက်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အားပေးခဲ့သည်။ အိမ်နီးချင်း လေးနိုင်ငံတွင် အလားအလာရှိသော ကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေး၊ ချည်မျှင်နှင့် အဝတ်အထည်၊ ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှု၊ အစားအစာနှင့် အဖျော်ယမကာ၊ လက်လီနှင့် ထုတ်ပိုးမှုများနှင့် ထိုင်းကုမ္ပဏီများသည် စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ရန်သူတို့၏ စီးပွားရေးလုပ်ငန်းများကို ချဲ့ထွင်နိုင်စွမ်းရှိကြောင်း Ms. Ratanawimon က ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ဌာနခွဲ (BOI Division)အနေ ဖြင့် ထိုင်းကုမ္ပဏီများအား ၂၀၁၀ ခုနှစ်မှစတင်၍ နိုင်ငံရပ်ခြား စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ရန်နှင့် မြှင့်တင်ရန် မူဝါဒရှိခဲ့ပါသည်။ Ms. Ratanawimon က ပြောကြားချက်အရ BOI သည် အဆိုပါမူဝါဒကို အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့အာရှကဲ့သို့သော ဒေသများသို့ထွန်းသစ်စ စီးပွားရေးဒေသများတွင်လည်း အသုံးချရန် စီစဉ်နေသည်။

ဘတ်ငွေတန်ဖိုး မြင့်တက်မှုက ရေရှည်တွင် ရင်းနှီးမြှုပ်နှံမှုမှ အကျိုးရှိမည်ဟု မျှော်လင့်သောကြောင့် ပြည်ပသို့လုပ်ငန်းချဲ့ထွင်ရန် မျှော်လင့်နေသော ထိုင်းကုမ္ပဏီများအတွက် အထောက်အကူဖြစ်သည်။ မကြာသေးမီကတစ်နေ့ အနည်းဆုံး လုပ်ခတိုးမြှင့်မှုသည် တစ်နည်းအားဖြင့်ဆိုသော် ထိုင်းကုမ္ပဏီများအတွက် ဆိုးကျိုးကို သက်ရောက်စေကြောင်း Ms. Ratanawimon က ပြောကြားခဲ့သည်။

BOI တွင် နိုင်ငံခြားဈေးကွက်ကို ကြည့်ရှုနေကြသော ထိုင်းကုမ္ပဏီများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနေသော One stop service နှင့် လေ့ကျင့်ရေးသင်တန်း ဗဟိုတို့ပါဝင်သော ရင်းနှီးမြှုပ်နှံမှုအထောက်အပံ့စင်တာလည်း ရှိနေသည်။ အဆိုပါစင်တာမှ ထိုင်းကုမ္ပဏီများအား အခြားတိုင်းပြည်များဆိုင်ရာ ဗဟုသုတများနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာအကြံကောင်းများ ပေးအပ်ခြင်းဖြင့် အထောက်အကူပေးလျက်ရှိသည်။ အဆိုပါစင်တာတွင်ကုမ္ပဏီပေါင်း ၆၀၉ ခု အတွက် သင်တန်းအမျိုးအစား ၁၇ ခုရှိသည်။

ကုမ္ပဏီအများစုမှာ SMEs လုပ်ငန်းများ(သို့မဟုတ်) မိသားစု စီးပွားရေးလုပ်ငန်းများဖြစ်ကြပါသည်။ အကြောင်းမှာ ဒုတိယ(သို့မဟုတ်)တတိယမျိုးဆက် Second or third generations များအနေဖြင့် ၎င်းတို့၏ကုမ္ပဏီများကို ပြည်ပဈေးကွက်များတွင် ချဲ့ထွင်ရန် ရည်ရွယ်ထားသည်ဟု Ms. Ratanawimon က ပြောကြားခဲ့သည်။ အချို့ကုမ္ပဏီကြီးများ အနေဖြင့် စင်တာတွင်ပါဝင်ကြပြီး ၎င်းတို့၏ဝန်ထမ်းများကို BOI နှင့် လေ့ကျင့်သင်ကြားပေးရန် ခေါ်ယူခဲ့ကြသည်။ အများစုမှာ ဆောက်လုပ်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ကဏ္ဍတို့ဖြစ်ကြသည်။

**Source:Bangk Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ဗန်ကောက်မြို့။**

# စင်ကာပူအိတ်ချိန်းက စာရင်းဝင် ကုမ္ပဏီများ၏ သုံးလပတ်အစီရင်ခံစာတင်သွင်းရန် လိုအပ်ချက်ကို ဖြေလျှော့

ဈေးကွက်ရှယ်ယာတန်ဖိုး စင်ကာပူဒေါ်လာ ၇၅ သန်းအထက်ရှိသော စင်ကာပူအိတ်ချိန်း (Singapore Exchange - SGX) စာရင်းဝင်ကုမ္ပဏီများသည် သုံးလတစ်ကြိမ် အစီအရင်ခံစာကို လာမည့် ဖေဖော်ဝါရီ ၇ ရက်မှစ၍ တင်သွင်းရန် လိုအပ်တော့မည်မဟုတ်ကြောင်း စင်ကာပူအိတ်ချိန်း အာဏာပိုင် (Singapore Exchange Regulation) က ဇန်နဝါရီ ၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၀၃ ခုနှစ်တွင် ဈေးကွက်ရှယ်ယာတန်ဖိုး စင်ကာပူဒေါ်လာ ၂၀ သန်းအထက်ရှိသော စင်ကာပူအိတ်ချိန်း စာရင်းဝင် ကုမ္ပဏီများအား သုံးလပတ်အစီရင်ခံတင်သွင်းရန် လိုအပ်သောစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၇၅ သန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့သည့်အတွက် စင်ကာပူအိတ်ချိန်း စာရင်းဝင်ကုမ္ပဏီပေါင်း ၈၅၀ အနက် ၆၀၀ ခန့် (၇၀ ရာခိုင်နှုန်းခန့်) သည် သုံးလတစ်ကြိမ် အစီရင်ခံစာကို တင်သွင်းရကြောင်း၊ ယခု ဖြေလျှော့ပေးသော အစီအမံအရ စာရင်းစစ်သုံးသပ်ချက်ကောင်းမွန်မှုမရှိသော၊ ငွေရေးကြေးရေးနှင့် စည်းမျဉ်း စည်းကမ်းလိုက်နာမှုအပိုင်းတို့တွင် အားနည်းချက်ရှိသော ကုမ္ပဏီများသာ သုံးလတစ်ကြိမ် အစီရင်ခံတင်ပြရမည်ဖြစ်ပြီး၊ ကျန်ကုမ္ပဏီများမှာ ခြောက်လပတ် အစီရင်ခံစာကိုသာ ပေးပို့ရန် လိုအပ်မည်ဖြစ်သောကြောင့် လုပ်ငန်းများ၏ အချိန်နှင့်ငွေကုန်ကျမှုသက်သာသွားမည်ဖြစ်ကြောင်း၊ အီးယူနှင့် ဗြိတိန်တို့တွင်လည်း ကုမ္ပဏီများ၏ အချိန်နှင့်ငွေသက်သာစေရန်အတွက် သုံးလပတ် အစီရင်ခံစာတင်ပြရခြင်းမှ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း စင်ကာပူအိတ်ချိန်း အာဏာပိုင်က ပြောကြားသည်။

**မြတ်နိုး ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# မြန်မာကုန်ပစ္စည်းများကို တရုတ်-အာဆီယံကုန်စည်ပြပွဲ၏ e-store ပေါ်မှ ရောင်းချနိုင်ရေး ကြိုးစားညှိနှိုင်းလျက်ရှိ

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ၂၀၀၄ ခုနှစ်မှစ၍ တရုတ်-အာဆီယံကုန်စည်ပြပွဲကို နှစ်စဉ်စက်တင်ဘာလတိုင်းကျင်းပခဲ့ရာ (၁၆)ကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။ ယခုအခါ တရုတ်နိုင်ငံတွင် အွန်လိုင်းပေါ်မှ ကုန်ပစ္စည်းများကို ရောင်းချကုန်သွယ်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာသောကြောင့် လည်းကောင်း၊တစ်နှစ်တစ်ကြိမ်သာ မျက်နှာချင်းဆိုင် ထိတွေ့ရောင်းဝယ်နေသည့် အာဆီယံနိုင်ငံများမှကုန်စည်များကို တရုတ်ဈေးကွက်အတွင်း တစ်နှစ်ပတ်လုံးရောင်းဝယ်မှုပြုနိုင်စေရန် လည်းကောင်း ရည်ရွယ်လျက် တရုတ်-အာဆီယံကုန်စည်ပြပွဲကျင်းပရေးရုံးက www.caexposhop.com အမည်ရှိ e-Store တစ်ရပ်ကို ထူထောင်လာသည်။

e-Store ဖွင့်ပွဲအခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်တွင် Nanning International Convention and Exhibition Center Conference Hall D (102)၌ ကျင်းပခဲ့သည်။ e-Store ပေါ်၌ မြန်မာနိုင်ငံမှထုတ်လုပ်သည့် အရည်အသွေးမြင့် ကုန်စည်များကို ရောင်းချသွားနိုင်ရေးအတွက် နန်နင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူး ဒေါက်တာရွှေစင်ကိုနှင့် Guangxi CAEXPO Brand Management Co., Ltd. မှ တာဝန်ရှိသူများ ဆက်လက်ဆွေးနွေးလျက်ရှိသည်။

www.caexposhop.comပေါ်တွင် ကျောက်မျက်ရတနာ လက်ဝတ်လက်စား(Jewellery)၊ တန်ဖိုးကြီးသစ်သားထည်များ (Precious wood products)၊ အနုပညာလက်ရာမြောက် ပန်းအိုးများ (Art pottery)၊ နာမည်ကျော် စာပန်းချီနှင့် ပန်းချီကားများ (Famous calligraphy and painting)၊ အဖိုးတန်သတ္တုများ (Precious metal)၊ အထိမ်းအမှတ်အကြွေစေ့များ ဘဏ်ငွေစက္ကူများ (Commemorative coins/banknotes)၊ အရက် (Alcohol)၊ လက်ဖက်ရည် (Tea)၊ နေ့စဉ်သုံးကြွေထည်များ (Daily-useceramics)၊ လျှပ်စစ်ပစ္စည်းများနှင့် တွဲဖက်အသုံးပြုရသည့် အသုံးအဆောင်များ (Electronic products and accessories) လက်မှုပညာပစ္စည်းများ (Handicrafts)၊ အလှကုန်များနှင့် အရေပြားပြုပြင်ထိန်းသိမ်းသည့်ပစ္စည်းများ (Cosmetics and skincare products) အိမ်သုံးအထည်အလိပ်များ (Home textiles)၊ ခရီးဆောင်အိတ်များ (Luggage)၊ အားကစားပစ္စည်းများ (Sporting goods)၊ အရုပ်များ (Toys)၊ စာရေးကိရိယာများ (Stationery)၊ အဝတ်အထည်များ (Clothing)၊ ပိုးထည်များ (Silk products)၊ တံဆိပ်များ (Badges)၊ သော့ချိတ်များနှင့် သတ္တုမဟုတ်သော ပစ္စည်းများ(Key chains and non-precious metal products) တံဆိပ်ခေါင်းများနှင့် စာတိုက်သမိုင်းလေ့လာရေးနှင့် ဆိုင်သော ပစ္စည်းများ (Philatelic products)ဟူသည့် အဓိက ကုန်စည်အမျိုးအစား ၂၀ ရှိသည်။

၎င်းကုန်စည်အမျိုးအမည် ၂၀ အောက်၌ ပါဝင်ရောင်းချလိုသည့်မြန်မာကုန်ပစ္စည်းများရှိပါက တရုတ်နိုင်ငံဘက်သို့အကောက်ခွန်စစ်ဆေးမှုကို ဖြတ်သန်းကာ တရားဝင်တင်သွင်းရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ တင်သွင်းနိုင်ရန် တရုတ်ဘက်မှ တရားဝင် လုပ်ငန်းကုမ္ပဏီက တာဝန်ခံ၍တင်သွင်းပေးရန်နှင့် ပစ္စည်းအမျိုးအစားအလိုက် တရုတ်အစိုးရကသတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်မည်ဖြစ်သည်။



## မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်လဲ

တရားဝင်တင်သွင်းရန်လိုအပ်သည်ဟုဆိုသည့်အတွက် မြန်မာလုပ်ငန်းရှင်များအနေဖြင့် တရုတ်ဘက်က သွင်းကုန်ခွန် ကောက်ခံမှုနှင့် စပ်လျဉ်း၍ များစွာ စိုးရိမ်ရန်မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံဘက်က မြန်မာနိုင်ငံနှင့် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံမှုများ ပိုမိုတိုးမြှင့်စေနိုင်ရေး ရည်သန်၍ ကုန်စည်လိုင်းပေါင်း ၇၇၈၇ မျိုးအပေါ် တစ်ဖက်သတ်အကောက်ခွန် ကင်းလွတ်ခွင့်ပေးထားသောကြောင့် ဖြစ်သည်။

၎င်းကုန်စည်စာရင်းတွင် ဆန်နှင့် ပြောင်းမှအပ မြန်မာနိုင်ငံမှ လက်ရှိတင်ပို့လျက်ရှိသော လယ်ယာထွက် ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ကုန်များ၊ နို့ထွက်ပစ္စည်း၊ ပျားရည်၊ ကော်ဖီ၊ လက်ဖက်ရည်စသည့် စားသောက်ကုန်များနှင့် စက်မှုထုတ်ကုန်များဖြစ်သည့် ချုပ်ပြီး အဝတ်အထည်များနှင့် လက်ဝတ်ရတနာများပါဝင်ပါသည်။ ၎င်းစာရင်းတွင် ပါဝင်သည့် ပစ္စည်းများကို တင်ပို့ရာတွင် အခွန်သက်သာကင်းလွတ်ခွင့်ရရှိစေရန်အတွက် Certificate of Origin (Form China)ကို ဖြည့်စွက်ရယူရန် လိုအပ်ပါသည်။ ယင်းလက်မှတ်ကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ကုန်သွယ်ရေးဦးစီးဌာနရုံးခွဲ၊ ရန်ကင်းမြို့နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနဝင်းအတွင်းရှိ One-Stop Service Center၊ သီလဝါအထူးစီးပွားရေးဇုန် အတွင်းရှိ One-Stop Service Center နှင့် နယ်စပ်ဒေသရှိ ကုန်သွယ်ရေးစခန်းများတွင် လျှောက်ထားရယူနိုင်ပါသည်။

## မြန်မာ့ကုန်စည်များ တရုတ်ဈေးကွက်သို့ ဝင်ရောက်ရာတွင် တွေ့ကြုံနေရသော စိန်ခေါ်မှုများ

တရုတ်ဘက်က လျှော့ပေါ့ပေးသော အကောက်ခွန် သက်သာခွင့် ရယူလိုသည့်မြန်မာလုပ်ငန်းရှင်များ၊ ပို့ကုန်တင်ပို့သူများ ဘက်က သတိထားရမည့်အချက်များမှာတရုတ်နိုင်ငံဘက်မှ တရုတ် ဘာသာစကားဖြင့် တံဆိပ်တပ်ဆင်ရန်လိုအပ်ချက်၊ ကောင်းမွန်စွာ ထုပ်ပိုးရန်လိုအပ်ချက်၊ အရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီရန်လိုအပ်ချက်အစရှိသည်တို့ဖြစ်သည်။

ယခုလက်ရှိအချိန်၌ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ တင်ပို့နေသော စားသောက်ကုန်အပါအဝင်ကုန်ပစ္စည်းများသည် တရုတ်နိုင်ငံဘက်မှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းစစ်ဆေးခြင်းကဲ့သို့သော အကောက်ခွန်မဟုတ်သည့် အတားအဆီးများ၊ တရုတ်အစိုးရထံသို့ (ပြည်တွင်းဈေးကွက်တွင် ရောင်းချရာ၌ အခွန်ပေးဆောင်ခြင်းအပါအဝင်) တရားဝင်အခွန်များ ပေးဆောင်မှသာ တရားဝင်ရောင်းချနိုင်မည်ဖြစ်သည့် စိန်ခေါ်မှုများ စသည်တို့ကို ရင်ဆိုင်လာရပါသည်။

အင်တာနက်ပေါ်မှ ရောင်းချရာတွင် အကောက်ခွန်စစ်ဆေးထားသည့်အထောက်အထားများကိုတင်ပြရသည့်အတွက်(အကောက်ခွန်ပေးရသည်ဖြစ်စေ၊ မပေးရသည်ဖြစ်စေ) တရုတ် အကောက်ခွန်ဌာန၏ စစ်ဆေးမှုကိုခံယူခြင်းမရှိဘဲ နယ်စပ်မှ ဖြတ်ကျော်၍ နည်းလမ်းအမျိုးမျိုးဖြင့် တင်သွင်းနေသည့် မြန်မာကုန် ပစ္စည်းများကိုမူ တရုတ်နိုင်ငံ၏ အွန်လိုင်း Platform များပေါ်မှ တင်သွင်းရောင်းချခွင့်မရှိပါ။ ထို့ကြောင့် ၎င်းအခက်အခဲကို မြန်မာလုပ်ငန်းရှင်များက ဖြေရှင်းရန် လိုအပ်နေသည်။

## တိုက်တွန်းချက်

အမှန်စင်စစ်တွင် မြန်မာနိုင်ငံ၌ အရည်အသွေးနှင့် ထုပ်ပိုးမှုအဆင့်မြင့်သည့်ကုန်ပစ္စည်းများစွာရှိပါသည်။ ၎င်းတို့ကို တရုတ်နိုင်ငံ၏ ဥပဒေနှင့်အညီ ဈေးကွက်အတွင်းသို့ တရားဝင် ဝင်ရောက်ရောင်းဝယ်နိုင်စေရန်နှင့် တရုတ်ဈေးကွက်ကို ပိုမိုကျယ်ပြန့်စွာ ထိုးဖောက်ဝင်ရောက်နိုင်စေရန် တရားဝင်ကုန်သွယ်မှုလမ်းကြောင်းဖြင့်ရောင်းဝယ်မှုပြုနိုင်စေရန် ကြိုးစားသင့်ကြပါသည်။

အထူးသဖြင့် တရုတ်နိုင်ငံတစ်ဝန်း၌ ဒစ်ဂျစ်တယ် စီးပွားရေးဆီသို့ မဟာဗျူဟာကျကျ အသွင်ပြောင်းလာသဖြင့် အင်တာနက်မှ ဈေးကွက်ထိုးဖောက်နိုင်ရန် ပိုမိုလိုအပ်လာပါသည်။ ဤအခြေအနေတွင် တရုတ်ဘက်က အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားသည့် အားသာချက်ကို ကောင်းစွာသိရှိလက်ကိုင်ပြုအသုံးချလျက်၊ တရုတ်ဈေးကွက်၏ သတ်မှတ်ချက်များအား ပြည့်မီအောင် ထုတ်လုပ်ကာ အင်တာနက်ဈေးကွက်မှ ထိုးဖောက်သင့်ပါကြောင်းနှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲ ကျင်းပရေးရုံး၏ e-store မှ ရောင်းချလိုပါက နန်နန်းမြို့ရှိစီးပွားရေးသံမှူးက ချိတ်ဆက်ပေးသွားမည် ဖြစ်ပါကြောင်းရေးသားတိုက်တွန်းအပ်ပါ သည်။

**ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နန်နင်းမြို့။**

# ဒီဂျစ်တယ် ဘဏ်လုပ်ငန်းလိုင်စင်ပေးအပ်ရန်အတွက် လျှောက်လွှာ ၂၁ စောင် လက်ခံရရှိ

စင်ကာပူတွင် ဒီဂျစ်တယ်ဘဏ်လုပ်ငန်း လိုင်စင်လျှောက်ထားမှုကို ၂၀၁၉ ဒီဇင်ဘာ ၃၁ ရက်တွင် နောက်ဆုံးပိတ်သိမ်းခဲ့ပြီးနောက် လျှောက်လွှာစုစုပေါင်း ၂၁ စောင် လက်ခံရရှိခဲ့ကြောင်းနှင့် အောင်မြင်သော လျှောက်လွှာရှင်များကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်က ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။


လက်ခံရရှိခဲ့သော လျှောက်လွှာ ၂၁ စောင်အနက် လျှောက်လွှာ ခုနစ်စောင်သည် အလုံးစုံဝန်ဆောင်မှုပေးသောဒီဂျစ်တယ်ဘဏ် (Digital Full Bank) လုပ်ငန်းလိုင်စင်ကိုလျှောက်ထားခြင်းဖြစ်ပြီး ကျန်လျှောက်လွှာ ၁၄ စောင်မှာ လက်ကား ဒီဂျစ်တယ်ဘဏ် (Digital Wholesale Bank) လုပ်ငန်းလိုင်စင်ကို လျှောက်ထားခြင်းဖြစ်ပါသည်။ အလုံးစုံဝန်ဆောင်မှုပေးသော ဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင်ရရှိပါက ဖောက်သည်များထံမှ အပ်ငွေများ လက်ခံဆောင်ရွက်ခွင့်ရှိပြီး၊ လက်ကားဒီဂျစ်တယ် ဘဏ်လုပ်ငန်းလိုင်စင်သည် အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အခြားလက်လီလုပ်ငန်းမဟုတ်သောကဏ္ဍများအတွက် ဝန်ဆောင်မှုပေးရမည်ဖြစ်သည်။

စင်ကာပူ ငွေကြေးကြီးကြပ်မှုအာဏာပိုင်သည် အလုံးစုံဝန်ဆောင်မှုပေးသော ဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင်နှစ်ခုနှင့် လက်ကားဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင် သုံးခု စုစုပေါင်း ဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင် ငါးခုကိုသာ လုပ်ကိုင်ခွင့်ပေးအပ်သွားမည်ဖြစ်သည့်အတွက် လျှောက်ထားသူငါးဦးသာ လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ်မဟုတ်သောလုပ်ငန်းများက ပါဝင်ဆောင်ရွက်လာနိုင်သော ကြီးမားသော အပြောင်းအလဲကြီးတစ်ခုဖြစ်သောကြောင့် လိုင်စင် လျှောက်ထားမှုကို အီလက်ထရောနစ်ကုန်သွယ်ရေးလုပ်ငန်းများ၊ နည်းပညာနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ငွေရေးကြေးရေး ဆိုင်ရာနည်းပညာလုပ်ငန်းများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ စသည့် လုပ်ငန်းအမျိုးမျိုးက လျှောက်ထားခဲ့ကြောင်းနှင့် လျှောက်ထားသူအများစုမှာ အကျိုးတူ ပူးပေါင်းသည့်လုပ်ငန်းစုများ ဖြစ်သည်။

လျှောက်လွှာများကို အကဲဖြတ် ရွေးချယ်ရာတွင် ဖောက်သည်များ၏ လိုအပ်ချက်များအပေါ် နည်းပညာများအသုံးပြု၍ တီထွင်ဖန်တီးကာ ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ခြင်း၊ ရေရှည် တည်တံ့သောလုပ်ငန်းအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ခြင်း၊ စင်ကာပူ၏ ငွေရေးကြေးရေးဗဟိုဌာန ဖြစ်မှုအပေါ် ပံ့ပိုးပေးနိုင်ခြင်း စသည့် အချက်များကို အခြေခံ၍ ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရသော ဒီဂျစ်တယ်ဘဏ်လုပ်ငန်းများသည် ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းတွင် လုပ်ငန်းများ စတင် ဆောင်ရွက်သွားနိုင်မည်ဟု မျှော်မှန်းထားကြောင်း စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်က ပြောကြားသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## စာမျက်နှာ (၈) အရည်အသွေးမြင့် မြန်မာ့ဆန်များ. . . မှအဆက်








စမ်းသပ်စစ်ဆေးချက်များအရ ဧည့်မထအုပ်စုဝင် မြန်မာ့စပါးမျိုးများ၏ ဆန်သားအလျားကို တိုင်းတာစစ်ဆေးရာတွင်အောက်ပါအတိုင်းတွေ့ရှိရပေသည်။ မနောသုခ၊ ဆင်းသု၊ ဧရာမင်း၊ နှံ့ကား စသည့်စပါးမျိုးများသည် ဆန်သားအလျား ၆ မီလီမီတာဝန်းကျင်တွင် တွေ့ရှိရပြီး မှော်ဘီ (၂)၊ ရွှေသွယ်ရင်၊ ဆင်းသွယ်လတ်တို့သည် အလျား ၇ မီလီမီတာအထက်တွင်ရှိပြီး ဆင်းဧကရီ၊ ဗျော့ထွန်း၊ ရတနာတိုး စသည်တို့သည် အလျား ၆ ဒသမ ၆ မီလီမီတာအထက်တွင်ရှိပါသည်။ စပါးမျိုးကွဲအလိုက် ပျမ်းမျှဆန်သားအလျား၊ အနံနှင့် အလျား၊ အနံ၊ အချိုး နှိုင်းယှဉ်ချက်များကို တစ်ဖက်ပါပုံတွင် လေ့လာနိုင်ပါသည်။

မြန်မာ့ဆန်မျိုးကွဲများသည် အလျား၊ အနံ ပမာဏမတူညီဘဲ ကွဲပြားခြားနားမှုများစွာရှိပါသည်။ ထို့ကြောင့် မြန်မာ့ဆန် စံချိန်စံညွှန်းတွင် ဆန်အရွယ်အစားနှင့်ပတ်သက်၍ လုံးပု၊ လုံးလတ်၊ လုံးရှည် စသည်ဖြင့် သတ်မှတ်ပုံကို နိုင်ငံတကာမှ သတ်မှတ်နည်းစနစ်များနှင့်ပါ လိုက်လျောညီထွေမှုရှိစေရန် နည်းလမ်း သုံးမျိုးဖြင့် ရွေးချယ်ခွင့် ပေးထားပါသည်။ လုံးရှည်သတ်မှတ်ရာတွင် အချို့သော ဆန် အမျိုးအစားများသည် အလျား ၆ ဒသမ ၆ မီလီမီတာ ထက်ပိုသော်လည်း အချို့သော ဆန်အမျိုးအစားများသည် အလျားတိုလေ့ရှိပါသည်။ သို့ရာတွင် အနံတိုသော ဆန်သားများ အနေဖြင့် အလျား သတ်မှတ်ချက်နှင့် အတူ အလျား အနံ အချိုး သတ်မှတ်ချက်ပါ ပေါင်း စပ်၍ လုံးရှည် (သို့မဟုတ်) လုံးလတ် အတန်းအစားအဖြစ် ပြည့်မီနိုင်ပါသည်။ ဥရောပသမဂ္ဂမှ ဆန်သားများ၏ အရွယ်အစား အဆင့်အတန်းကို အထက်ဖော်ပြပါအတိုင်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရသည်။

| ဆန်မြို | မြန်မာ့ဆန်ရှိန်စံညွှန်း | | | | FAO | EU | |
|---|---|---|---|---|---|---|---|
| | Option 1 | Option 2 | Option 3 | | | | |
| | အလျား/အနံ | အလျား (မီလီမီတာ) | အလျား (မီလီမီတာ) | အလျား/အနံ | အလျား (၈၀%) (မီလီမီတာ) | အလျား (မီလီမီတာ) | အလျား/အနံ |
| Extra Long Grain | - | - | - | - | ၇နှင့်အထက် | - | - |
| Long Grain | ၃ နှင့်အထက် | ၆.၆နှင့်အထက် | ၆အထက် | ၂အထက် ၃ အောက် (သို့) ၃နှင့်အထက် | ၆မှ ၆.၉၉ | ၆အထက် | - |
| Medium Grain | ၂.၁ မှ ၃.၀ ထိ | ၆.၂ မှ ၆.၅ ထိ | ၅.၂အထက် ၆အောက် | ၃အောက် | ၅ မှ ၅.၉၉ထိ | ၅.၂အထက် ၆အောက် | ၃အောက် |
| Short Grain | ၁.၉နှင့်အောက် | ၆.၂နှင့်အောက် | ၅.၂ နှင့် အောက် | ၂အောက် | ၅အောက် | ၅.၂ နှင့်အောက် | ၂အောက် |

မြန်မာဆန်စပါးကဏ္ဍသည် မြန်မာ့သမိုင်းတစ်လျှောက် လူတန်းစားအလွှာပေါင်းစုံ ပါဝင်ပတ်သတ်နေသော ကဏ္ဍတစ်ရပ်ဖြစ်ပေရာ ဆန်စပါးအရည်အသွေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ အလေးထားဆောင်ရွက်သင့်ပေသည်။ ယခုအခါတွင် တိုးတက်များပြားလာသော ကမ္ဘာ့လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေး ပြဿနာသည် ကြီးမားစွာ




ခြိမ်းခြောက်လျက်ရှိသည်။ ထို့အတူ အကန့်အသတ်ရှိသော ကမ္ဘာ့စိုက်ပျိုးမြေဧရိယာကြောင့် စိုက်ပျိုးရေးနည်းလမ်းသစ်များကို ကမ္ဘာ့နိုင်ငံအများအပြားတွင် သုတေသနဆန်းစစ်မှုများဖြင့် ဖော်ထုတ်လေ့လာနေကြပေသည်။ အစ္စရေးနှင့် ဂျပန်နိုင်ငံများတွင် ရာသီဥတုအတု၊ မြေအစားထိုး စိုက်ပျိုးနည်းစနစ်များ၊ အထွက်နှုန်းတိုးတက်စေသည့်နည်းလမ်းသစ်များ စသည်တို့ကို နေ့စဉ်နှင့်အမျှ သုတေသနလုပ်ငန်းများဆောင်ရွက်နေကြပြီဖြစ်သည်။

စိုက်ပျိုးမြေ အကန့်အသတ်ရှိသော်လည်း တိုးတက်များပြားလာသော လူဦးရေပမာဏအတွက် စားနပ်ရိက္ခာဖူလုံစေရန် အထွက်နှုန်းမြင့်မားသော စပါးမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုအပ်ပါသည်။ ထို့အတူ အရည်အသွေးကောင်းမွန်သော ထွက်ကုန်၊ ထုတ်ကုန်များကို စားသောက်သုံးစွဲခွင့်ရရန် အလွန်အရေးကြီးပါသည်။ အထွက်ကောင်းသောစပါး၏ ဆန်အရည်အသွေးကောင်းများကိုထိန်းသိမ်းနိုင်ရန် ရိတ်သိမ်းချိန်လွန် ကိုင်တွယ် ထိန်းသိမ်းခြင်း အလေ့အကျင့်ကောင်းများကို ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်သင့်ပေသည်။ သို့မှသာတိုးတက်ကောင်းမွန်သော မြန်မာဆန်စပါးရွှေရောင်ခေတ်ဆီသို့ ပြန်လည်ဦးမော့တက်လှမ်းနိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။

ZIN & FRIENDS
AUDITOR, ACCOUNTANT & FINANCIAL CONSULTANT

WE ARE DOING THE FOLLOWING SERVICES

1 . Company Formation (Local & Foreign).
2 . Director Apointment, Resignation, Share Transfer.
3 . Auditing & Accounting.
4 . Filing of Tax Return to Company Cyele Tax Office.
5 . Part Time Accounting and Auditing.
6 . Apply For Import / Export Licence & Licence Extension
7. Bamk Account Opening.
8 . Apply for Company Extension.
9 . Company Liquidation.
10 . Prepare Account for Bank Loan.
11 . Prepare Account for Foreign Education Visa.
12 . Prepare Proposal for Myanmar Investment Commission.
13 . Apply for UMFCCI Member Ship.
14 . Apply for Travel & Tours Licence.
15 . Apply for Stay Visa & Visa Extension.
16 . Apply for FDA Licence.

Add : No. 350/354, 1st Floor, Ahnawrahtar Road, Near 1 Street, Lanmadaw Township, Yangon.
Ph : 09 420099356, 09 792834975
Email : zinfriends.zinwai@gmail.com




AYA SOMPO insurance

ယခုနေ့ မြန်မာ့ထိပ်တန်းအာမခံကုမ္ပဏီတစ်ခုဖြစ်သော ဧရာမြန်မာ နှင့် ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံတကာအာမခံကုမ္ပဏီတစ်ခုဖြစ်သော Sompo Japan Nipponkoa Insurance Inc. တို့ ပူးပေါင်း၍ စိတ်အေးချမ်းသာပြီး လုံခြုံစိတ်ချရသော အာမခံဝန်ဆောင်မှုများကို သင်နှင့် သင်ချစ်ရသူများအတွက် ပစ္စုပ္ပန်တွင်သာမက အနာဂတ်အတွက်ပါ "လက်တွဲဖော်ယုံ ထာဝစဉ်" ရှိနေမည့် အဖော်မွန်ကောင်းအဖြစ် အမြဲရှိနေသွားပါမည်။

Hotline : 09 977 373 000 Tel : 01 8619409, 8619410
info@ayasompo.com www.ayasompo.com AYA SOMPO Insurance
Head Office : No.23, Kan Yeik Thar Road, Mingalar Taung Nyunt Township, Yangon, Myanmar




Showroom Address : No. 125 & 131, 8 mile - Pyay Road, Mayangone Township, Yangon

Hotline Numbers : 09 89 8888 087 , 09 89 8888 088 , 09 89 8888 089

GEM
GO EXCELLENT MYANMAR

Website - www.borgwardmm.com | Facebook Page - BorgwardMyanmar | Email - goexcellent@borgwardmm.com

T.S. LINES 德翔海運

# T.S. LINES LIMITED.

CARRIER KING




As Agent : Carrier King Logistics Services Limited.
No. 62, Room No. 603, 6th Floor, Maharbandoola Housing Complex(C),
Tawataintha Street, Pazundaung Township, Yangon, Myanmar.


Tel/Fax : (+951) 8610424, (+951) 9000198, (+951) 9000670
Mobile : (+959) 732 33844, (+959) 732 33845, (+959) 5175520
Email : ckgm@ckshipping.com.mm

COMMERCE
INTERNATIONAL

# တရုတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် ဆွေးနွေးမှုကြောင့် အီဂျစ်၏စီးပွားရေး တိုးတက်လာနိုင်

တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ဇန်နဝါရီ ၈ ရက်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး Sameh Shoukry နှင့်တွေ့ဆုံပြီး မဟာဗျူဟာမြောက် သံတမန်ဆက်ဆံရေးဆွေးနွေးမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဝမ်ယိသည် ယင်းနေ့တွင်ပင် အီဂျစ်နိုင်ငံသမ္မတ အဗ္ဗဒယ်ဖတ်တာအယ်လ်-စီစီနှင့်လည်းတွေ့ဆုံပြီး တရုတ်နှင့် အီဂျစ်တို့၏ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။



တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက 'ကျွန်တော်တို့ တရုတ်နိုင်ငံသမ္မတကြီး ရှီကျင့်ဖိန်ရဲ့ လမ်းညွှန်မှုအရ တရုတ်နဲ့ အီဂျစ်နှစ်နိုင်ငံကြား ဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဆက်ဆံရေးကို ကောင်းစွာချမှတ် ဆောင်ရွက်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ပေါ်ထွန်းစဈေးကွက်တွေကို ကိုယ်စားပြု နိုင်ငံနှစ်နိုင်ငံအဖြစ် စိန်ခေါ်မှုတွေကို ပူးတွဲရင်ဆိုင်ရင်းနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမှာပါ။ အီဂျစ်နိုင်ငံရဲ့ စီးပွားရေးကလည်း အချိန်တိုအတွင်းမှာ အလျင်အမြန် တိုးတက်လာမယ်လို့ ထင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း အီဂျစ်နိုင်ငံနဲ့ အကျိုးတူ တရုတ်-အီဂျစ် အသိုက်အဝန်းတစ်ခုကို ပူးတွဲတည်ထောင်ဖို့နဲ့ နည်းလမ်းတွေရှာဖွေဖို့ ဆန္ဒရှိနေပါတယ်'ဟု ပြောဆိုခဲ့သည်။

ထို့ပြင် အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် အီဂျစ်နိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးတွဲတည်ဆောက်ရာတွင် ပိုမိုပူးပေါင်းပါဝင်ရန်၊ ကုန်ထုတ်လုပ်မှုစွမ်းရည်များ၊ ကုန်သွယ်ရေးကဏ္ဍများနှင့် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဘေးကင်းလုံခြုံရေးစသည့် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိုလည်း ဝမ်ယိက တိုက်တွန်းပြောဆိုခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး Sameh Shoukry ကလည်း အီဂျစ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံခေါင်းဆောင်များကြားတွင် ရရှိထားသည့် သဘောတူညီမှုများကို အကောင်အထည်ဖော်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးတွဲတည်ဆောက်မှု မြှင့်တင်ရန်နှင့် နိုင်ငံစုံပါဝင်မှုရေးရာများတွင် ဆက်သွယ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ခိုင်မာစေရေးအတွက် လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ပြောခဲ့သည်။

တရုတ်နှင့် အီဂျစ် နှစ်နိုင်ငံ ခေါင်းဆောင်များသည် စီးပွားရေးအခွင့်အလမ်းများ ဖြစ်ထွန်းစေမည့် နှစ်နိုင်ငံ မဟာဗျူဟာမြောက် ဆွေးနွေးမှုအပြီးတွင် အခြားဒေသတွင်း အရေးပါသည့် ကိစ္စရပ်များအပေါ်တွင်လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။



# အာရှမှ ရင်းနှီးမြှုပ်နှံမှုများကို ဗီယက်နမ် ပိုမိုလက်ခံသွားမည်

အာရှနိုင်ငံများမှ စီးဝင်လာသည့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုလက်ခံသွားမည်ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ရွှန်ဖတ်က ပြောဆိုလိုက်သည်။

ဗီယက်နမ်နိုင်ငံ၌ အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသလို ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကိုလည်း တိုးတက်လက်ခံသွားမည်ဖြစ်ကြောင်း ငုယင်ရွှန်ဖတ်က ပြောဆိုခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးမှာ အရှေ့တောင်အာရှနိုင်ငံများထဲ၌ စင်ကာပူကဲ့သို့ ထိပ်တန်းအဆင့်သို့ ရောက်ရှိနေသည်ဟုပင် ပြော၍ရနေသည်။ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ အပါအဝင် အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့လုပ်ဆောင်နေပြီး အာရှနိုင်ငံကြီးများ၏ မိမိနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကိုလည်း လက်ခံကြိုဆိုလျက်ရှိနေခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားပြီးဖြစ်သည့် ဂျပန်နိုင်ငံမှ NNA ကုမ္ပဏီကြီးအနေဖြင့် ဗီယက်နမ်နိုင်ငံတွင်လည်း ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများကို စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း သိရသည်။

မြသဲ စုစည်းသည်

Beat Plastic Pollution
ပလတ်စတစ်ညစ်ညမ်းမှုကို
တိုက်ဖျက်ကြစို့။

# ရိုးစ်ရွိုက်ကားများ တရုတ်ဈေးကွက်တွင် အောင်မြင်မည်ကို မျှော်လင့်လျက်ရှိ




ယူကေ အခြေစိုက် ရိုးစ်ရွိုက်မော်တော်ကားကုမ္ပဏီက ထုတ်လုပ်သည့် မော်တော်ကားများမှာ တရုတ်နိုင်ငံ မော်တော်ကားဈေးကွက်တွင် အောင်မြင်နိုင်မည်ကို မျှော်လင့်ထားကြောင်း ရိုးစ်ရွိုက်မော်တော်ကားကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ တော်စတင်မူရယ်လာက ပြောသည်။

'မော်တော်ကား လောကမှာ တရုတ်နိုင်ငံက ဈေးကွက်ကြီးတယ်၊ ဈေးကွက်ကောင်းတယ်။ အထူးသဖြင့် ကျွန်တော်တို့ ကုမ္ပဏီကထုတ်တဲ့ ဇိမ်ခံကားတွေကို အသုံးများတယ်။ ကျွန်တော်တို့ကုမ္ပဏီကထုတ်တဲ့ မော်တော်ကားတွေဟာ မြောက်အမေရိကဈေးကွက်မှာလိုပဲ တရုတ်ဈေးကွက်မှာ အောင်မြင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ ဈေးကွက်တစ်ခုကို ဖော်ဆောင်နိုင်မယ်လို့ ထင်ပါတယ်'ဟု ရိုးစ်ရွိုက်မော်တော်ကား ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ တော်စတင်မူရယ်လာက ပြောသည်။

ရိုးစ်ရွိုက် မော်တော်ကားကုမ္ပဏီအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံပေါင်း ၅၀ ကျော်တွင် ဖြန့်ကြက်ရောင်းချနေပြီး ရိုးစ်ရွိုက်မော်တော်ကားကုမ္ပဏီမှထုတ်လုပ်သည့် ကားများမှာ မြောက်အမေရိကတွင် အထူးအောင်မြင်နေသည်။ ထို့ပြင် ဥရောပဈေးကွက်တွင်လည်း ရိုးစ်ရွိုက်မော်တော်ကားကုမ္ပဏီမှထုတ်လုပ်သည့် ဇိမ်ခံကားများမှာ အောင်မြင်မှု အတိုင်းအတာတစ်ခုအထိ ရရှိနေပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ဈေးကွက်များတွင် ရိုးစ်ရွိုက်မော်တော်ကားများမှာ ရောင်းအားကောင်းလာပြီး ၂၀၁၉ ခုနှစ်အထိ ၂၂၅၆၆၂ စီး ရောင်းချခဲ့ရသလို ရောင်းအားမှာလည်း နှစ်အလိုက် တိုးတက်လာခဲ့ကြောင်း သိရသည်။

ရိုးစ်ရွိုက် မော်တော်ကားကုမ္ပဏီအနေဖြင့် ယခုကဲ့သို့ တရုတ်ဈေးကွက်ကို ချဲ့ထွင်လိုက်ခြင်းကြောင့် ယင်းဈေးကွက်တွင် BMW နှင့် အဓိက ပြိုင်ဘက်များ ဖြစ်လာနိုင်ကြောင်း၊ သို့သော် ၂၀၄၀ ပြည့်နှစ်ရောက်လျှင် ရိုးစ်ရွိုက်မော်တော်ကားများ၏ ရောင်းအားမှာ ၂၆ ရာခိုင်နှုန်းအထိ တိုးတက်လာရန် မျှော်မှန်းထားကြောင်း တော်စတင်မူရယ်လာက ထပ်မံပြောဆိုခဲ့သည်။

ရိုးစ်ရွိုက် မော်တော်ကားကုမ္ပဏီအနေဖြင့် Phantom, Cullinan, Ghost, Wraith, Dawn စသည့် မော်တော်ကားအမျိုးအစား လေးမျိုးကို ထုတ်လုပ်ရောင်းချလျက်ရှိနေသည်။ ရိုးစ်ရွိုက်မော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်သည့် ကားများမှာ ဇိမ်ခံကားအမျိုးအစားများဖြစ်ပြီး လုံခြုံမှုအဆင့်မြင့်မားသည့် ကားများပင်ဖြစ်သည်။